# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုး ရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)


၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက် | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၁၂၈)


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့ ချင်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး





**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ်ရှိ ကုန်းမြင့်လယ်ယာမြေ လှေကားထစ်စိုက်ကွင်း ဖော်ထုတ်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။** သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန် ချင်းပြည်နယ် ဟားခါးမြို့၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယမန်နေ့ နံနက်ပိုင်းတွင် ဟားခါးမြို့ သားဖွားသင်တန်းကျောင်း ဆောက်လုပ်မည့် နေရာအား ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဘက်စုံသုံး Cyclone Shelter ဆောက်လုပ်မည့် နေရာသို့ရောက်ရှိရာ ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် ဦးစိုးအောင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ဘက်စုံသုံး Cyclone Shelter သည် အလျားပေ ၁၇၀ ရှိပြီး အနံပေ ၁၅၀ ရှိကြောင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်စဉ် ခိုလှုံရာနေရာအဖြစ် အသုံးပြုနိုင်ရုံသာမက ဘက်စုံကဏ္ဍစုံအသုံးပြုနိုင်မည့် ခန်းမကြီးတစ်ခုအဖြစ်ပါ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✻



**ငါးခူရန်နှင့် တောင်ပြို လက်ဝဲ ယာယီ လက်ခံရေးစခန်းများ အသင့်အနေအထားရှိ နေသည့်အခြေအနေ များကြည့်ရှုစစ်ဆေး**

စာ » ၁၀

**ရှားပါးလာသည့် မြစ်တွေးငှက်မျိုးစိတ်များ သားပေါက်ရာသီ ဖြစ်၍ အသိုက်များ မပျက်စီးစေရန် ထိန်းသိမ်းစောင့်ရှောက်သင့်**

စာ » ၁၁

**ဓာတုဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာ ပါရှိ**

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် ဓာတုဗေဒ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆၊ ၁၇ တွင် ဖော်ပြထားပါသည်။




# စေ့စပ်ဆွေးနွေးညှိနှိုင်းမှုဖြင့်သာ အောင်မြင်ရာသည်

ယခု ၂၀၁၈ ခုနှစ်အတွင်း ချင်းနင်းဝင်ရောက်ခဲ့သည်မှာ တစ်လစွန်းစွန်း ရှိလာခဲ့ပါပြီ။ မကြာမီပြည်ထောင်စုနေ့သို့ပင် ရောက်ပါတော့မည်။ တစ်လကျော် ကာလအတွင်း သတင်းဆိုးရော၊ သတင်းကောင်းများပါ ခပ်စိပ်စိပ် တွေ့မြင်လာရသည်။ ၂၀၁၈ ကို မင်္ဂလာနှစ်ဟုဆိုသူရှိသလို အဝင်ကြမ်းသော နှစ်ဟု ဆိုသူလည်းရှိလေသည်။

မြန်မာနိုင်ငံမြောက်ဖျားတွင် တိုက်ပွဲသံများကြားနေရခြင်း၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့တွင် လူသေဆုံးခဲ့ရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ခြင်းမှာ သတင်းဆိုးများပင် ဖြစ်ပါသည်။ အကြောင်းရင်းခံများ၊ ဖြေရှင်းခဲ့ကြသော ဖြစ်စဉ်များ၊ အမျိုးမျိုးသော ဖြေရှင်းမှုများရှိသည့်တိုင် သတင်းကောင်းဟု မဆိုနိုင်သောကိစ္စများသာ ဖြစ်ပါသည်။ သတင်းကောင်းဟု ဆိုနိုင်သောကိစ္စမှာ မကြာမီရက်ပိုင်းအတွင်း ဒီဇင်ဘာလ ၂၄ ရက်နေ့က ကတိပြုပြောဆိုခဲ့သည့်အတိုင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နှင့် **UNFC** အဖွဲ့ဝင် အခြားတစ်ဖွဲ့တို့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စာချုပ် **(NCA)** တွင် လက်မှတ်ရေးထိုးမည်ဆိုသော သတင်းပင်ဖြစ်သည်။ ဖေဖော်ဝါရီလ ၁ ရက်နေ့က (၇၁) နှစ်မြောက် မွန်အမျိုးသားနေ့ ညစာစားပွဲကို နေပြည်တော်တွင် ကျင်းပခဲ့သည်။ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အပါအဝင် မွန်ပြည်နယ်မြို့တော်တွင်လည်း မွန်အမျိုးသားနေ့ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်ရသည်။ မွန်ပြည်နယ်အလုံးစုံ အေးချမ်းသွားမှုသည် မွန်ပြည်နယ်မှ မိဘပြည်သူများ အမျှော်လင့်ဆုံးအရာပင်ဖြစ်သည်။

ဖေဖော်ဝါရီလ ၁ ရက်နေ့ကပင် ဒုတိယအကြိမ်လွှတ်တော် နှစ်နှစ်ပြည့် အခမ်းအနားကို ကျင်းပခဲ့သည်။ ထိုအခမ်းအနားနှစ်ခုစလုံးတွင် ပြောကြားခဲ့သော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မိန့်ခွန်းများတွင်လည်း မှတ်သားဖွယ်ရာ၊ ကြည်နူးချမ်းမြေ့ဖွယ်ရာ အပြည့်ပါဝင်နေပါသည်။

သတင်းဆိုးကား မန္တလေးတက္ကသိုလ်ကျောင်းသားများ ဆန္ဒပြသည့် သတင်းနှင့် နောက်ဆက်တွဲဂယက်ရိုက်ခတ်မှုများဟု ဆိုရပါမည်။ လွတ်လပ်ရေးမရမီခေတ်ကတည်းကစ၍ ကျောင်းသားလှုပ်ရှားမှုများသည် အရေးပါခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ အလားတူ သံဃာတော်များ၏ ပါဝင်ဆောင်ရွက်မှုများသည်လည်း အရေးပါခဲ့သည်။ အလားတူပင် လူထုတစ်ရပ်လုံး၏ ပါဝင်ဆင်နွှဲမှုများက အပြောင်းအလဲများကို ဖြစ်စေခဲ့ခြင်း ဖြစ်ပါသည်။ ၈၈ အရေးတော်ပုံကို ပြန်ကြည့်လျှင် ကျောင်းသားများက စတင်လိုက်သည်မှန်သော်လည်း လှည်းနေလှေအောင်း မြင်းဇောင်းမကျန် လူထုတစ်ရပ်လုံး ပါဝင်လာမှုက အဆုံးအဖြတ်အနေအထားတစ်ခုသို့ ရောက်ရှိလာခဲ့ခြင်းပင် ဖြစ်ပါသည်။

ထိုအပြောင်းအလဲကြောင့်ပင်လျှင် လူထုဆန္ဒမဲအများစုဖြင့် တက်လာသော အရပ်သားအစိုးရ ယခုပေါ်ပေါက်လာခြင်းပင်ဖြစ်သည်။ သို့သော် ထိုသို့ပေါ်ပေါက်ရန်အတွက်ပင်လျှင် နှစ်ပေါင်း ၂၀ ကျော် ဆင်းရဲပင်ပန်းခံ၊ ဖိနှိပ်ခံ၍ ကြံ့ကြံ့ခံဆောင်ရွက်ခဲ့ကြရသည်မှာလည်း အားလုံးအသိပင်ဖြစ်ပေသည်။ လက်ရှိနိုင်ငံရေးသည် အတိတ်ကနိုင်ငံရေးနှင့် မတူတော့သည်ကိုလည်း အနှစ်သာရကျကျသိမြင်ဖို့ လိုနေသည်။ ယခုလူထုရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ်များမှတစ်ဆင့် ဥပဒေများပြုစုလျက်ရှိရာ ဥပဒေပြုဖြစ်စဉ်များကိုလည်း နားလည်သဘောပေါက်ရန် လိုပါသည်။

ယနေ့ကာလတွင် မည်သူတစ်ဦးတစ်ယောက်ကမှ ဥပဒေတစ်ရပ်ကို ဖြစ်စေရန် တစ်ထိုင်တည်းဆုံးဖြတ် အာမခံချက်ပေးနိုင်မည် မဟုတ်ပေ။ ကျောင်းသားများအပါအဝင် အကျိုးစီးပွားလိုလားသူအုပ်စုတိုင်းသည် လွှတ်တော်ကို လော်ဘီလုပ်ရန်လိုသည်။ လွှတ်တော်များကလည်း နားထောင်ရန်အသင့်ရှိပြီး လမ်းကြောင်းများ ဖွင့်ပေးထားသည်ကို လေ့လာလျှင် တွေ့ရှိနိုင်ပါသည်။ အမြင့်ဆုံး တောင်းဆိုချက်တစ်ခုကိုတင်၍ အကျပ်အတည်းဖြစ်စေခြင်းထက် စေ့စပ်ဆွေးနွေးသော ဒိုင်ယာလော့နည်းကို သုံးရပါမည်။ ဒီမိုကရေစီသည် ဒိုင်ယာလော့ယဉ်ကျေးမှုပင် ဖြစ်သည်။

ကျောင်းသားများသည် ပင်ကိုအားဖြင့် နိုင်ငံအကျိုး၊ ပြည်ထောင်စုအကျိုး လိုလားကြသူများဖြစ်ကြသည်။ အလားတူ အစိုးရ၊ လွှတ်တော်တို့သည်လည်း နိုင်ငံအကျိုး၊ ပြည်ထောင်စုအကျိုးအတွက် နှစ်ပေါင်းများစွာ အနစ်နာခံကာ ဆောင်ရွက်ခဲ့သူများဖြစ်ရာ မည်သည့်ကိစ္စကိုမဆို လမ်းကြောင်းမှန်များအတိုင်း ဆောင်ရွက်လျှင် မအောင်မြင်စရာ၊ မပြေလည်စရာအကြောင်း မရှိဟုဆိုချင်ပါသည်။ ။

## ၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး၊
၂။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင် တည်ဆောက်ရေး၊
၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊
၄။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊

## တိုင်းရင်းသား စာပေပြုစုပြီးစီး၍ သက္ကမ(ဒိုင်းနက်) တိုင်းရင်းသားများအား သင်ကြားပေးမည်

**မင်းပြား ဖေဖော်ဝါရီ ၄**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနတွင် ဇန်နဝါရီ ၁၅ ရက်က ကျင်းပသည့် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲတွင် ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးပုန်ဘွေက ရခိုင်ပြည်နယ်အတွင်း ပျံ့နှံ့နေထိုင်လျက်ရှိသည့် သက္ကမ (ဒိုင်းနက်) ကလေးသူငယ်များကို သင်ကြားပြသနိုင်ရန် သက္ကမ (ဒိုင်းနက်) စာပေနှင့် ယဉ်ကျေးမှုအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် သက္ကမ (ဒိုင်းနက်)တိုင်းရင်းသား စာပေပြုစုပြီးဖြစ်ကြောင်း သက္ကမ (ဒိုင်းနက်) ဆရာတော် အရှင်ဇောတိပါလက မိန့်ကြားသည်။

ယင်းစာပေကို ရှာဖွေစုဆောင်းပြုစုပြီးဖြစ်ရာ ရခိုင်ပြည်နယ်အတွင်း နေထိုင်လျက်ရှိကြသည့် မင်းပြား၊ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်ရှိ သက္ကမ (ဒိုင်းနက်) တိုင်းရင်းသားတို့ နေထိုင်ရာ ကျေးရွာများမှ သက္ကမ (ဒိုင်းနက်) တိုင်းရင်းသားလူငယ်များကို စုစည်း၍ ယခုနှစ်နွေရာသီကျောင်းပိတ်ရက်ကာလတွင် လမ္ဘာဇီးကုန်းကျေးရွာ၌ သင်ကြားပေးနိုင်ရန်အတွက် သက္ကမ (ဒိုင်းနက်)စာပေသင်ကြားပေးမည့် ဆရာ ဆရာမများနှင့် ညှိနှိုင်း၍ တိုင်းရင်းသားလူငယ် ၅၀ တို့အား သင်ကြားပေးရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။ **မောင်မောင်ကျော့(ပလက်ဝ)**

*ထင်သာမြင်သာ ပြုပြင်စရာ*

## သက်ဆိုင်ရာဝန်ထမ်းများ မဟုတ်ဘဲ တရားမဝင်ငွေကြေးကောက်ခံနေသူများကို တားမြစ်ပေးစေလို



**သုဝဏ္ဏဝတီ ဖေဖော်ဝါရီ ၄**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက် သိမ်ဆိပ်-ပိန္နဲတောလေးကေ (မြို့နယ်ချင်းဆက်) လမ်းဝလမ်းဆုံတွင် သစ်တောဌာနအတွက်ဟု ဆိုကာ သစ်တောဝန်ထမ်း မဟုတ်သူများက သစ်၊ ဝါး၊ ဖက်၊ ထင်းကားများကို တရားမဝင် ငွေကောက်ခံနေမှုများ ရှိနေသည်ဟု သိရသည် ။

“ဒီကိစ္စက ကြာနေပြီ၊ နေ့ရော ညပါ တရားလွန်ပါတယ်၊ စီးပွားရေးလုပ်တာ မဟုတ်ဘဲ လယ်ထဲမှာ တဲဆောက်ဖို့ ဝါး၊ မျော၊ ဖက်၊ ထင်းတွေကို ထော်လာဂျီနဲ့တင်ပြီး သွားတာတောင် တစ်စီးကို ငွေကျပ် ၃၀၀၀၊ ၅၀၀၀ ပေးရတယ်”ဟု သထုံမြို့နယ် မရမ်းကုန်းကျေးရွာမှ လယ်ယာလုပ်ကိုင်သူတစ်ဦးက ပြောသည်။

အဆိုပါနေရာ၌ ငွေကြေးကောက်ခံနေသူများသည် သစ်တောဝန်ထမ်းများ မဟုတ်ဘဲ အရပ်သားများသာဖြစ်ပြီး ၎င်းတို့က သစ်တောဌာနမှ ခိုင်း၍ ငွေကြေးကောက်ခံနေခြင်းဖြစ်ကြောင်း ပြောဆို၍ ငွေကြေးများ ကောက်ခံနေကြောင်း သိရသည့်အပြင် ပေးဆောင်သူအများစုက ကျေနပ်ခြင်း မရှိကြသဖြင့် အဆိုပါ ငွေကြေးကောက်ခံနေမှုကို သက်ဆိုင်ရာတာဝန်ရှိသူများက စိစစ်ဆောင်ရွက်ပေးစေလိုကြောင်း ပြည်သူများထံမှ သိရသည် ။

**ခွန်(ဝင်းပ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၄-၂-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၁၀/၈၃၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၂၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၃၀/၈၅၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၆ · ၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၇ · ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၉ · ၀ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၂ · ၁ |
| ထိုင်း | တစ်ဘတ် | ၄၂ · ၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ · ၀ |
| တရုတ် | တစ်ယွမ် | ၂၀၉ · ၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၁ · ၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မြန်မာ့တပ်မတော်နှင့် ထိုင်းဘုရင့်တပ်မတော်တို့ ပူးတွဲ၍ သံဃာတော်အပါး ၁၀၀၀ အား ဆွမ်းဆန်တော် လောင်းလှူ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

မြန်မာ့တပ်မတော်နှင့် ထိုင်းဘုရင့်တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ ပူးတွဲ၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော် သံဃာတော် အပါး ၁၀၀၀ အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် Gen. Tarnchaiyan Srisuwan နှင့်ဇနီး Mrs. Jiraporn Srisuwan၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်နှင့် နှစ်နိုင်ငံ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။



မြန်မာ့တပ်မတော်နှင့် ထိုင်းဘုရင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ ပူးတွဲ၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဆရာတော် သံဃာတော်အပါး ၁၀၀၀ အား ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနား ကျင်းပစဉ်။ သတင်းစဉ်

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ နှစ်နိုင်ငံ တပ်မတော် အရာရှိကြီးများသည် မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော် သံဃာတော်အပါး ၁၀၀၀ အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

ဆက်လက်၍ မြန်မာ့တပ်မတော်နှင့် ထိုင်းဘုရင့်တပ်မတော်မိသားစုများ ပူးတွဲ၍ သံဃာတော်အပါး ၁၀၀၀ အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူခြင်းအောင်ပွဲ မင်္ဂလာကုသိုလ်တော် အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရွှေစင်ရွှေပြား ကပ်လှူပူဇော်ရန်နှင့် ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများနှင့် မဟာပရဟိတမိဘမဲ့ဂေဟာ(စမတောင်)တို့အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသည့် နှစ်နိုင်ငံတပ်မတော်အရာရှိကြီးများသည် မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

# အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ပြောင်းရွှေ့မည့် အဆောက်အအုံ အကြီးစားမွမ်းမံခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများ ဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၄

**အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ပြောင်းရွှေ့ဖွင့်လှစ်မည့် အမှတ် (၆၀၄/၆၀၈) ကုန်သည်လမ်း ပန်းဘဲတန်းမြို့နယ်ရှိ အဆောက်အအုံ ကြံ့ခိုင်မှုနှင့် အကြီးစားပြင်ဆင်မွမ်းမံခြင်း လုပ်ငန်း ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ ရှင်းလင်းတင်ပြခြင်းအခမ်းအနားနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါအဆောက်အအုံ ရှင်းလင်းခန်းမဆောင်၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အဖွင့်အမှာစကားပြောကြားသည်။**



ပြည်ထောင်စုဝန်ကြီးက အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ကို အမျိုးသားစာကြည့်တိုက်အင်္ဂါရပ်များနှင့် ကိုက်ညီရန်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းနှင့် ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့တို့က နိုင်ငံတော်သမ္မတထံ စာရေးသားတင်ပြခဲ့ကြကြောင်း၊ နိုင်ငံတော်သမ္မတက ပြည်သူများ သွားလာရ လွယ်ကူပြီး အချက်အချာကျသည့် ယခု အဆောက်အအုံကို အသုံးပြုခွင့်ပေးခဲ့ကြောင်း၊ တစ်ဆက်တည်းတွင် အဆင့်မီ ခင်းကျင်းရေးနှင့် စနစ်တကျ Layout Plan ရေးဆွဲပြီး ပြင်ဆင်ဆောင်ရွက်ကြရန်ကိုလည်း တာဝန်ရှိသူများကို ခေါ်ယူမှာကြားခဲ့ကြောင်း၊ ထို့ကြောင့် အသစ်ဖွင့်လှစ်မည့် အမျိုးသား စာကြည့်တိုက်ကို သမားရိုးကျ စာကြည့်တိုက်နည်းစနစ်နှင့် ဝန်ဆောင်မှုများသာမက ခေတ်မီ သတင်းအချက်အလက် နည်းပညာများနှင့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း။

**ရည်မှန်းဆောင်ရွက်လျက်ရှိ**

အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ပြောင်းရွှေ့ဖွင့်လှစ်မည့် ယခု အဆောက်အအုံပြင်ဆင်မှုလုပ်ငန်းကို အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အကြီးစားပြင်ဆင်မှုလုပ်ငန်းအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာနကို လုပ်ငန်းအပ်နှံခဲ့ရာ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် လုပ်ငန်းများ စတင်ခဲ့ကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အကုန်တွင် ဖွင့်လှစ်နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာအလယ်၌ ဝင့်ကြွားစွာရပ်တည်နိုင်သည့် အဆင့်မီ အမျိုးသားစာကြည့်တိုက်ကြီး ပေါ်ထွက်လာရန်အတွက် အမျိုးသားစာကြည့်တိုက် အကြီးစားပြင်ဆင်မှုကို တာဝန်ယူဆောင်ရွက်ပေးနေသော ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ အကြံဉာဏ်များပေးကြသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ ပညာရှင်များကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေး**

ယင်းနောက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ အဆောက်အဦ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဇော်က တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ စာကြည့်တိုက် အကြီးစားပြင်ဆင်မှု လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (ဝဲပုံ) **သတင်းစဉ်**

# အာဆီယံကာကွယ်ရေးဝန်ကြီးများ သီးသန့်အစည်းအဝေးနှင့် စင်ကာပူလေကြောင်းပြပွဲ ၂၀၁၈ သို့ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ထွက်ခွာ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် စင်ကာပူသမ္မတနိုင်ငံတွင် ကျင်းပမည့် အာဆီယံကာကွယ်ရေးဝန်ကြီးများ သီးသန့်အစည်းအဝေး (ASEAN Defence Ministers' Meeting Retreat ADMM Retreat) နှင့် စင်ကာပူလေကြောင်းပြပွဲ ၂၀၁၈ (Singapore Airshow 2018-SA18)တို့သို့ တက်ရောက်ရန် အဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**နေပြည်တော် တပ်ကုန်းမြို့မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးစောလွင်အေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် မီးဘေးအန္တရာယ်ကင်းဝေးစေရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းအဖြစ် ဖေဖော်ဝါရီ ၁ ရက်က မြို့နယ်လျှပ်စစ်ရုံးနှင့် ဓာတ်အားခွဲရုံတို့၌ လျှပ်စစ်ဝန်ထမ်းများနှင့် ပူးပေါင်း၍ အရေးပေါ် မီးငြိမ်းသတ်နိုင်ရေး လက်တွေ့သရုပ်ပြဆောင်ရွက်ကြစဉ်။** တင်ထွန်းတာ(တပ်ကုန်း)

# ဘားအံမြို့၌ မော်တော်ယာဉ်မောင်းနှင်သူများအား အသိပညာပေး

**ဘားအံ ဖေဖော်ဝါရီ ၄**

ကရင်ပြည်နယ် ဘားအံမြို့တွင် အမှတ်(၁၀) ယာဉ်ထိန်းဒုတပ်ဖွဲ့ခွဲ(ကရင်)နှင့် နယ်မြေခံရဲတပ်ဖွဲ့တို့က DMG ကားမောင်းကြသူများ (ဘားအံ)နှင့် မာဃလူမှုကူညီရေးအသင်းတို့နှင့် ပူးပေါင်းကာ ကားမောင်းလျှင် ခါးပတ်ပတ်ကြဖို့ အသိပေးစတစ်ကာများကပ်ပေးခြင်းကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်း၊ ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်သည့် နေရာများတွင် သတိပေးဆိုင်းဘုတ်များ စိုက်ထူခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးအရေးယူခြင်းများကို ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ခံအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

❋ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယသမ္မတသည် ဟားခါးကောလိပ်တိုးချဲ့မြေနေရာ လျာထားမှုနှင့် ဟားခါးနည်းပညာတက္ကသိုလ် တည်ဆောက်မည့် မြေနေရာများကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရန် လျာထားသည့် အဆောက်အအုံများ၊ မြေနေရာများနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေတင်ပြဆောင်ရွက်သွားရန်ပြောကြားသည်။

**ကြိုဆိုနှုတ်ဆက်**

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ထန်တလန်မြို့သို့ရောက်ရှိရာ ဒေသခံပြည်သူများက ရိုးရာအကဖွဲ့များဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာ - အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးလမ်းဖြစ်သည့် ဟားခါး-ဆာဆီချောက် မော်တော်ကားလမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ယင်းနောက် ထန်တလန်မြို့နယ် ထာအိုကျေးရွာသို့ရောက်ရှိပြီး ဒေသခံပြည်သူများတင်ပြသည့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် အိန္ဒိယ-မြန်မာနယ်စပ် ဘွေနူးမြစ်ကူး တံတားတည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

**မြစ်ကူးတံတားအသုံးပြု**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက အဆိုပါမြစ်ကူးတံတားကိုအသုံးပြုပြီး မြန်မာ - အိန္ဒိယ နှစ်နိုင်ငံ ကုန်သွယ်စီးပွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အမြန်





**ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ ဟားခါးနည်းပညာတက္ကသိုလ် တည်ဆောက်မည့်မြေနေရာအား ကြည့်ရှုစစ်ဆေးစဉ်။**

သတင်းစဉ်

အကောင်အထည်ဖော် ဆောင်ရွက်စေလိုကြောင်း၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်သွားစေလိုကြောင်း ပြောကြားသည်။

**လှေကားထစ်စိုက်ကွင်း**

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ထန်တလန်မြို့နယ် သီကီးရ်ရွာသစ်ရှိ ကုန်းမြင့်လယ်ယာမြေ လှေကားထစ်စိုက်ကွင်း ၁၀ ဒသမ ၀၈ ဧကနှင့် တောင်ယာစိုက်ကွင်း ၇၃ ဧက ဖော်ထုတ်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ဇာတွဲ့ကွင်းတောင်ယာဧက ၆၀ ဖော်ထုတ်ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း ကြည့်ရှုသည်။

**ဖော်ထုတ်ဆောင်ရွက်**

အဆိုပါ ကုန်းမြင့်လယ်ယာမြေ လှေကားထစ်စိုက်ကွင်းနှင့် တောင်ယာစိုက်ကွင်း ဖော်ထုတ်ဆောင်ရွက်မှုများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဦးစီးဆောင်ရွက်လျက်ရှိပြီး စုစုပေါင်း ဧက ၅၅၀ ဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုစုစုပေါင်း ၃၇၂ ဧက ဖော်ထုတ်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကြိုဆိုနှုတ်ဆက်**

ဆက်လက်၍ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ထန်တလန်မြို့နယ် သီကီးရ်ကျေးရွာသို့ ရောက်ရှိကြရာ ရိုးရာအကအဖွဲ့များဖြင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

## ကချင်ပြည်နယ်တွင်မိုးဆက်လက်ရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် မိုးဆက်လက်ရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အတင့်အသင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှ ခြောက်ပေခန့်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ **မိုး/ဇလ**



**မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂) ရဲလေ့ကျင့်ရေးကျောင်း ဝက်ထီးကန်၏ အခြေခံရဲတပ်သားသစ် သင်တန်းအမှတ်စဉ် ၃၀၈/၁၇ သူရတပ်ခွဲ သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂ ရက် ကကျင်းပရာ ကျောင်းအုပ်ကြီး ယာယီ ရဲမှူးကြီး ကျော်တေဇက သင်တန်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။**

ခရိုင် (ပြန်/ဆက်)

## ပျိုးသက်နုကောက်ကွက်ကြဲ ပျိုးထောင်ခြင်း သရုပ်ပြ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် ပျိုးသက်နု ကောက်ကွက်ကြဲ(SRI) ပျိုးထောင်ခြင်း လက်တွေ့ သရုပ်ပြသမှုကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၈ နာရီက ကွင်းအမှတ် ၁၈၅၊ ဦးပိုင် ၆၃ တောင်သူ ဦးတင်မိုးအောင်နှင့် ဦးပိုင် ၂၀ တောင်သူ ဦးဝဏ္ဏတို့၏လယ်မြေ ဧက ၁၅ ဒသမ ၀၀ တို့တွင် ပြုလုပ်ခဲ့သည်။

**အပြန်အလှန်ဆွေးနွေး**

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန စပါးသီးနှံဌာနခွဲ(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးကိုကိုကြီးက (SRI) စိုက်စနစ်နှင့် အားသာချက်များကို ရှင်းလင်းပြောကြားပြီး တောင်သူများ သိရှိလိုသည်များကို အပြန်အလှန်ဆွေးနွေးကာ စိုက်ပျိုးရေးဝန်ထမ်းများမှ ပျိုးသက်နု ကောက်ကွက်ကြဲ (SRI) ပျိုးထောင်နည်းစနစ်ကို လက်တွေ့သရုပ်ပြသခဲ့သည်။

သရုပ်ပြအခမ်းအနားသို့ ဥတ္တရသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးမျိုးနိုင်နှင့် ဝန်ထမ်းများ၊ တောင်သူ ၆၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## ပဲခူးတွင် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းနှင့် သရုပ်ပြလေ့ကျင့်

**ပဲခူး ဖေဖော်ဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ကြီးမှူးပြီး ဖေဖော်ဝါရီ ၄ ရက် နံနက် ၈ နာရီက ပဲခူးမြို့ဥဿာမြို့သစ် ၈ ရပ်ကွက် အငြိမ်းစားဝန်ထမ်းအိမ်ရာတွင် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် ငလျင်သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနား ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ UN-HABITATမှ ဒေါ်သိမ့်ရီစိုးက ငလျင်အန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေး ဟောပြောကာ ငလျင်လှုပ်ခတ်ပါက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စီမံခန့်ခွဲရမည့် လုပ်ငန်းစဉ်များ၊ ကယ်ဆယ် ရှင်းလင်းရေးလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ၊ ကျန်းမာရေးစောင့်ရှောက်ရမည့် လုပ်ငန်းစဉ်များ၊ ဒဏ်ရာရရှိ သူများနှင့် ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ဘေးကင်းရာအရောက် ပို့ဆောင်ရမည့်လုပ်ငန်းများနှင့် ငလျင်လှုပ်ပြီးနောက် လူနေအိမ်မှ ဝိုင်ယာရှော့ဖြစ်၍ မီးလောင်ငြိမ်းသတ်ခြင်း ဆောင်ရွက်ပုံများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့ဝင်များမှ လာရောက်အားပေးခြင်း၊ ကူညီစောင့်ရှောက်ထောက်ပံ့ခြင်းလုပ်ငန်းများအား ပူးပေါင်းဌာနများက လေ့ကျင့် သရုပ်ပြသပေးခဲ့သည်။

အဆိုပါလေ့ကျင့်သရုပ်ပြပွဲသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့်ဝန်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကယ်ဆယ်ရေးအဖွဲ့များ၊ ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

**သန့်စင်(ပဲခူး)**



# သတ္တမအကြိမ်မြောက် မြန်မာ့ရိုးရာ သစ်သားပန်းပုပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

**ရန်ကုန်မြို့ ဆရာစံပလာဇာ၌ ယနေ့ညနေပိုင်းတွင် ကျင်းပသော ဇဟိုသမဝါယမအသင်းနှင့် ကောင်းမြန်မာအောင်ဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသည့် သတ္တမအကြိမ်မြောက် မြန်မာ့ရိုးရာ သစ်သားပန်းပုပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ဇနီး ဒေါ်စုစုလွင် တက်ရောက်ကြည့်ရှုအားပေးသည်။**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဇဟိုသမဝါယမအသင်းနှင့် ကောင်းမြန်မာအောင်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်ပန်းပုပညာရှင်များ၊ စာနယ်ဇင်းမီဒီယာများ တက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး ကောင်းမြန်မာအောင်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးခင်မောင်အေးက ပွဲတော်ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပန်းပုပြိုင်ပွဲစတင်ခဲ့ပုံအား ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြခြင်း၊ ပြိုင်ပွဲဆုရသူများအမည် စာရင်းကြေညာခြင်းနှင့် အကဲဖြတ်အဖွဲ့ကိုယ်စား ပန်းပုပြိုင်ပွဲကျင်းပရေးနှင့် ဆုချီးမြှင့်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်ဝင်းက ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ ဆုရပညာရှင်များအား ဆုချီးမြှင့်ခြင်း၊ ဆုရသူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားခြင်းတို့ကို ကျင်းပသည်။

မြန်မာ့ရိုးရာ သစ်သားပန်းပုပြိုင်ပွဲများကို ၂၀၀၉၊ ၂၀၁၀၊ ၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၆ ခုနှစ်များတွင် ကျင်းပခဲ့ပြီး ယခုနှစ်တွင် ပထမဆု ငွေကျပ် ၇၅ သိန်း၊ ဒုတိယဆုငွေကျပ် သိန်း ၅၀၊ တတိယဆု ငွေကျပ် သိန်း ၃၀နှင့် အထူးဆုများကို ငွေကျပ် ၁၀သိန်းစီ ချီးမြှင့်ကြောင်း၊ ပထမ၊ ဒုတိယ၊ တတိယဆုရသူများအားလုံးကို ရွှေငါးမူးသား ရွှေဆွဲပြားတစ်ပြားစီလည်း ချီးမြှင့်ခဲ့သည်။

ယခုနှစ်ပြိုင်ပွဲတွင် စိတ်ကြိုက်နှင့်မော်ဒန်ပြိုင်ပွဲ နှစ်မျိုးကို ကျင်းပပေးခဲ့ရာ စိတ်ကြိုက်ပြိုင်ပွဲတွင် ပန်းပုရုပ် ၁၃၉ ရုပ်နှင့် မော်ဒန်ပြိုင်ပွဲတွင် ၁၃၂ ရုပ်၊ စုစုပေါင်း ၂၇၁ ရုပ် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး စိတ်ကြိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုအပါအဝင် အထူးဆု ၁၀ ဆု၊ မော်ဒန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုခုနစ်ဆု၊ စုစုပေါင်း ၂၄ ဆု ချီးမြှင့်ခဲ့သည်။

မော်ဒန်ပြိုင်ပွဲတွင်မြောက်ဥက္ကလာမှ ပန်းပုပညာရှင် ဦးကျော်မင်းထိုက်က ဂီတမိခင်ပန်းပုရုပ်ဖြင့် ပထမဆု၊ ဒါးပိန်မှ ဦးတင်ကိုဝင်းက စွဲလမ်းခြင်း၏နောက်ကွယ် ပန်းပုရုပ်ဖြင့် ဒုတိယဆု၊ မြောက်ဥက္ကလာမှ ဦးရဲထွန်းအောင်က နှောင်ကြိုးလေးတစ်မျှင်ပန်းပုရုပ်ဖြင့် တတိယဆု ဆွတ်ခူးနိုင်ခဲ့သည်။

စိတ်ကြိုက်ပြိုင်ပွဲတွင် ဒါးပိန်မှဦးကျော်စွာက ရပ်ကြီးသူ ပန်းပုရုပ်ဖြင့်ပထမ၊ ဒါးပိန်မှ ဦးဇော်ထူးက လေကိုခွင်း၍ မိုးသို့ပျံပန်းပုရုပ်ဖြင့် ဒုတိယဆု၊ ဒါးပိန်မှ ဦးပြည့်စုံအောင်နှင့် ဦးထင်လင်းဦးတို့က ပူးတွဲတတိယဆုများ ဆွတ်ခူးနိုင်ခဲ့သည်။

**မြင့်မောင်စိုး**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ဇနီး ဒေါ်စုစုလွင် သတ္တမအကြိမ်မြောက် မြန်မာ့ရိုးရာ သစ်သားပန်းပုပြိုင်ပွဲတွင် စိတ်ကြိုက်ပန်းပုပြိုင်ပွဲ၌ ပထမဆုရရှိသူအား ဆုချီးမြှင့်စဉ်။ တင်စိုး(မြန်မာ့အလင်း)

# မင်းဘူးနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း ၁၇၀ မဂ္ဂါဝပ်အား စတင်အကောင်အထည်ဖော်တည်ဆောက်



မင်းဘူး ဖေဖော်ဝါရီ ၄

**မင်းဘူးနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း ၁၇၀ မဂ္ဂါဝပ်အား စတင်အကောင်အထည်ဖော်တည်ဆောက်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက အဆိုပါ ဓာတ်အားပေးစက်ရုံစီမံကိန်း အကောင်အထည်ဖော်တည်ဆောက်မည့် နေရာ၌ ကျင်းပသည်။** (အပေါ်ပုံ)

### ပထမဦးဆုံး စတင်အကောင်အထည်ဖော်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်ကအမှာစကားပြောကြားရာတွင် မင်းဘူးနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းကို GEP (Myanmar) Co., Ltd. က BOT စနစ်ဖြင့် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိပြီး စက်တပ်ဆင်အင်အား ၁၇၀ မဂ္ဂါဝပ်ဖြင့် စီမံကိန်းကို အဆင့်လေးဆင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ပထမအဆင့်မှ တတိယအဆင့်အထိ ၄၀ မဂ္ဂါဝပ်စီ အသီးသီး တည်ဆောက်သွားမည်ဖြစ်ပြီး စတုတ္ထအဆင့်ကို ၅၀ မဂ္ဂါဝပ်ဖြင့် တည်ဆောက်သွားမည် ဖြစ်ပါကြောင်း၊ စီမံကိန်းမှ ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားကို ဝယ်ယူရန်အတွက် ဝန်ကြီးဌာနနှင့် GEP (Myanmar) Co., Ltd. တို့ ဓာတ်အားဝယ်ယူရေး သဘောတူစာချုပ်ကို ၂၀-၃-၂၀၁၆ ရက်တွင် ချုပ်ဆိုခဲ့ပါကြောင်း၊ ယခု တည်ဆောက်မည့် နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ စီမံကိန်းသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံး စတင်အကောင်အထည်ဖော် တည်ဆောက်သည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်၊ ကျေးရွာများ၊ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေးအတွက် မုန်းချောင်း၊ ကြီးအုံကြီးဝ၊ မြစ်သာရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ကျွန်းချောင်း၊ မန်းသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတို့ကို တည်ဆောက်ခဲ့ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ယခု မင်းဘူးနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း ၁၇၀ မဂ္ဂါဝပ် တည်ဆောက်ပြီးစီးသွားပါက တစ်နှစ်လျှင် လျှပ်စစ်စွမ်းအင်ကီလိုဝပ်နာရီသန်းပေါင်း ၃၅၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး အိမ်ထောင်စုပေါင်း ၂၁၀၀၀၀ ခန့်ကို လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ပါကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ အိမ်ထောင်စုများမှ သုံးစွဲပြီး ပိုလျှံသော လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်မှတစ်ဆင့် အခြားဒေသများရှိ ဓာတ်အားမရရှိသေးသောဒေသများသို့ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်မည် ဖြစ်ပါကြောင်း၊ ယခုစီမံကိန်းကဲ့သို့ BOT စနစ်ဖြင့် ဆောင်ရွက်မည့် စီမံကိန်းများကိုလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အားကို ၃၁၉၀ မဂ္ဂါဝပ် ခန့်သာ သုံးစွဲနိုင်ပါသေးကြောင်း၊ လျှပ်စစ်ဓာတ်အားကို နှစ်စဉ် တိုးတက်သုံးစွဲနေသည့်အတွက်ကြောင့် ၂၀၂၀ ပြည့်နှစ်တွင် မဂ္ဂါဝပ်ပေါင်း ၄၅၀၀ ကျော် သုံးစွဲလာမည်ဖြစ်ပါကြောင်း၊ ထပ်မံလိုအပ်နေသည့် လျှပ်စစ်ဓာတ်အားကို တိုးတက်ထုတ်လုပ်ပေးမှသာ လျှပ်စစ်ဓာတ်အား မရရှိသေးသည့် အိမ်ထောင်စုပေါင်း ၆ ဒသမ ၅ သန်းသည် ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်မီးရရှိလာမည် ဖြစ်ပါကြောင်း၊ ထပ်မံလိုအပ်နေသည့် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်ရန် အထက်ကျိုင်းတောင်းစီမံကိန်း ၅၁ မဂ္ဂါဝပ်၊ အထက်ရဲရွာစီမံကိန်း ၂၈၀ မဂ္ဂါဝပ် စသည့် ရေအားလျှပ်စစ်စီမံကိန်းများကို အချိန်မီပြီးစီးနိုင်ရေးအတွက် ကြိုးစားတည်ဆောက်လျက်ရှိသည့်အပြင် ကျောက်ဖြူဓာတ်အားပေးစက်ရုံစီမံကိန်း ၁၃၅ မဂ္ဂါဝပ်၊ ကန်ပေါက်ဓာတ်အားပေးစက်ရုံစီမံကိန်း ၁၂၃၀ မဂ္ဂါဝပ်၊ မီးလောင်ချိုင့်ဓာတ်အားပေးစက်ရုံ စီမံကိန်း ၁၃၉၀ မဂ္ဂါဝပ်၊ ရွာမ ဓာတ်အားပေးစက်ရုံစီမံကိန်း ၁၅၀ မဂ္ဂါဝပ်၊ ပုထိုးလုံဓာတ်အားပေးစက်ရုံစီမံကိန်း ၁၂ မဂ္ဂါဝပ်၊ မြန်အောင်ဓာတ်အားပေးစက်ရုံစီမံကိန်း ၂၀ မဂ္ဂါဝပ်၊ အလုံ(တိုးချဲ့) ဓာတ်အားပေးစက်ရုံစီမံကိန်း ၃၅၆ မဂ္ဂါဝပ် စသည့် LNG ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းများကို တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လာမည့်နှစ်နွေရာသီတွင် လျှပ်စစ်ဓာတ်အား လုံလောက်စွာဖြန့်ဖြူးပေးနိုင်ရန်အတွက် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ စီမံကိန်းများဖြစ်သည့် သထုံဓာတ်အားပေးစက်ရုံစီမံကိန်း ၁၁၈ မဂ္ဂါဝပ်၊ သာကေတဓာတ်အားပေးစက်ရုံစီမံကိန်း ၁၀၆ မဂ္ဂါဝပ်နှင့် မြင်းခြံဓာတ်အားပေး စက်ရုံစီမံကိန်း ၂၂၅ မဂ္ဂါဝပ် တို့ကို တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ယခု မင်းဘူးနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစီမံကိန်း၏ ပထမအဆင့် ၄၀ မဂ္ဂါဝပ်ကို လာမည့်နှစ် နွေရာသီအမီ ဓာတ်အားထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ၎င်းစီမံကိန်းမှ ထွက်ရှိလာမည့် ဓာတ်အားကို အိမ်ထောင်စု ၅၀၀၀၀ ခန့် သုံးစွဲနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက စီမံကိန်း စတင်အကောင်အထည်ဖော် တည်ဆောက်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားခဲ့ပြီး၊ GEP Myanmar Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်သီဟက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများအား ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် မင်းဘူးနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း ၁၇၀ မဂ္ဂါဝပ် စတင်အကောင်အထည်ဖော် တည်ဆောက်ခြင်း အခမ်းအနားအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာနှင့် GEP Myanmar Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်သီဟတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စီမံကိန်း စတင်ဆောင်ရွက်ခြင်းအခမ်းအနား အထိမ်းအမှတ်အဖြစ် Solar PV Panel များအား Pile ရိုက်စက်ဖြင့် ပန္နက်ရိုက်သွင်းခြင်းကို ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ GEP Myanmar Co., Ltd. မန်နေဂျင်းဒါရိုက်တာနှင့် တာဝန်ရှိသူများမှ ကြည့်ရှုလေ့လာခဲ့ပြီး နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ပစ္စည်းများ အသုံးပြုသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်နှင့် တာဝန်ရှိသူများနှင့်အတူ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ရောက်ရှိပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တွေ့ဆုံ၍ မကွေးတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်သွားရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ နှောင်ဖွဲ့ထားမည်ဆိုလျှင်

**မောင်သောင်းဝင်း(တမန်ဟောင်း)**

**“စိတ်ဓာတ်ဆိုသည်မှာ စိတ်ထား၊ သဘောထား၊ နှလုံးသွင်းပုံနှင့် စိတ်၏အမူအကျင့်ဖြစ်သည်”ဟု မြန်မာ့အဘိဓာန်အကျဉ်းချုပ်တွင် ဖွင့်ဆိုထားသည်ကို လေ့လာမှတ်သားရပါသည်။ ပြည်ထောင်စုစိတ်ဓာတ်ဟူသည် ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်ထောင်တည်းဟု စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားသော သဘောထားခံယူချက်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဥမကွဲ၊ သိုက်မပျက် အေးအတူပူအမျှ ပူးပေါင်းနေထိုင်လိုသည့် တစ်စည်းတစ်လုံးတည်းသော စိတ်ဓာတ်ပင်ဖြစ်ပေသည်။**

**သမိုင်းအစဉ်အလာကြီးမား**

ရှေးနှစ်ပေါင်းများစွာကတည်းကပင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ တစ်မြေတည်းနေ တစ်ရေတည်းသောက် တိုင်းရင်းသားများစွာနေထိုင်ခဲ့ကြသည်။ သာဓကအနေဖြင့် ပုံတောင်ပုံညာဒေသမှ တွေ့ရသော ကျောက်ဖြစ်ရုပ်ကြွင်းများက မြန်မာ့မြေပေါ်၌ နှစ်ပေါင်းသန်း ၄၀ လောက်ကပင် ရှေးဘိုးဘွားမြန်မာများ နေထိုင်ခဲ့ကြောင်းကို သက်သေပြလျက်ရှိသည်။

တကောင်း၊ သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း၊ မိုင်းမော၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ မြင်စိုင်း၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်များတွင် မြန်မာတို့၏ သမိုင်းအစဉ်အလာ ထွန်းပြောင်ခဲ့သည်။ ထိုစဉ်က မြန်မာတို့သည် ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် တင့်တယ်စွာ နေထိုင်ခဲ့ကြသည်။ ကိုယ်ပိုင်အမျိုးသားစာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ထူထောင်ခဲ့ကြသည်။ ပြည်ပကျူးကျော်မှု မှန်သမျှကိုလည်း ပြည်ထောင်စုစိတ်ဓာတ် အရင်းခံသော တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် တွန်းလှန်နိုင်ခဲ့သည်။

**ကိုလိုနီလက်အောက်ကျရောက်ခဲ့ရ**

သို့ရာတွင် အင်္ဂလိပ်နယ်ချဲ့တို့က ဘကြီးတော်ဘုရားလက်ထက် ၁၈၂၄ ခုနှစ်တွင် တစ်ကြိမ်၊ ပုဂံမင်းလက်ထက် ၁၈၅၂ ခုနှစ်တွင် တစ်ကြိမ်၊ သီပေါမင်းလက်ထက် ၁၈၈၅ ခုနှစ်တွင် တစ်ကြိမ် ခေတ်မီစစ်လက်နက်များဖြင့် ကျူးကျော်စစ်သုံးကြိမ်တိုင်တိုင် တိုက်ခိုက်ခဲ့ကြသည်။ ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ထီးကျိုးစည်ပေါက် တစ်နိုင်ငံလုံး သူ့ကျွန်ဘဝရောက်ခဲ့ရသည်။ သူ့ကျွန်ဘဝတွင် နှစ်ပေါင်း ၁၂၀ ကျော် နေခဲ့ရသည်။

**လွတ်လပ်ရေးအတွက်တိုက်ပွဲဝင်**

တိုင်းရင်းသားညီအစ်ကိုများသည်သူ့ကျွန်ဘဝကျရောက်သည့်အချိန်မှစ၍ ရရာလက်နက်စွဲကိုင်ပြီး အသက်စွန့်လွှတ်ကာ တိုက်ပွဲဝင်ခဲ့ကြသည်။ အထူးသဖြင့် ဒုတိယကမ္ဘာစစ်ပွဲကာလအတွင်း ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော်သည် “အင်္ဂလိပ်အခက် ဗမာအချက်”ဟု ဆိုကာ အခြေအနေနှင့် အချိန်အခါအရ ဂျပန်များနှင့် ပူးပေါင်း၍ အင်္ဂလိပ်ကို မောင်းထုတ်နိုင်ခဲ့သည်။ သို့ရာတွင် “ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီးကျားထက်ဆိုး” ဆိုသကဲ့သို ဂျပန်တို့သည် အင်္ဂလိပ်တို့ထက်ဆိုးလာကြသည်။ ပြည်သူများကို ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည်။ ထို့ကြောင့် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်ဂျပန်တို့ကို တိုက်ထုတ်ခဲ့ရပြန်သည်။

ဖက်ဆစ်ဂျပန်တို့ကို မောင်းထုတ်နိုင်ခဲ့သော်လည်း လွတ်လပ်ရေးချက်ချင်းမရခဲ့ပေ။ ဂျပန်ပြေးသည့် အချိန်တွင် နောက်တစ်ကြိမ် ပြန်ဝင်လာသော အင်္ဂလိပ်တို့က လွတ်လပ်ရေးပေးရန် အချိန်ဆွဲခဲ့ကြသည်။ တောင်တန်းနှင့် ပြည်မအား သွေးခွဲအုပ်ချုပ်မှု (Divide and Rule Policy) ဖြင့် ဆက်လက်စိုးမိုးခြယ်လှယ်ရန် ကြံစည်ခဲ့ကြသည်။ လွတ်လပ်ရေးမပေး၍ မရသည့်အခြေအနေတွင် တောင်တန်းနှင့် ပြည်မကိုခွဲခြား၍ လွတ်လပ်ရေးပေးရန် ကြံစည်ခဲ့ကြပြန်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားအားလုံးညီညွတ်မှုမရှိဘဲ လွတ်လပ်ရေးမရနိုင်သည်ကို အခိုင်အမာ ယုံကြည်ထားသည်။ မြန်မာတစ်ခုတည်းကိုခွဲ၍ လွတ်လပ်ရေးပေးလျှင် ပြည်ထောင်စုကြီး အစိတ်စိတ်အမွှာမွှာ ပြိုကွဲသွားမည်ကို အသေအချာသိရှိခဲ့သည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့လွတ်လပ်ရေးအတွက် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ဗြိတိသျှနန်းရင်းဝန်ကြီး အက်တလီနှင့် အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုခဲ့သည်။ ထိုစာချုပ်တွင် တောင်တန်းဒေသများ ပြည်မကြီးနှင့် ပူးပေါင်းရန် သဘောတူပါက ပြည်ပရော တောင်တန်းဒေသများပါ လွတ်လပ်ရေးပေးမည်ဟု ပါရှိသည်။ ပရိယာယ်ဝေဝုစ်များလှသော နယ်ချဲ့တို့သည် လွတ်လပ်ရေးပေးခါနီးတွင် တောင်တန်းဒေသများကို ချန်လှပ်ထားရန် ကြံရွယ်ခဲ့ကြသည်။

**ပင်လုံစာချုပ်လက်မှတ်ရေးထိုး**

ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းနှင့်ပြည်မအကြားရေကိုသားလျှင် အကြားမထင်သကဲ့သို့ တစ်ဆက်တစ်စပ်တည်း စည်းလုံးပေးနိုင်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့မှ စတင်၍ ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့၌ ပင်လုံညီလာခံကြီးကျင်းပခဲ့ရာ တိုင်းရင်းသားခေါင်းဆောင်များ စုံညီစွာ တက်ရောက်ခဲ့ကြသည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီတွင် ဗိုလ်ချုပ်နှင့်အတူ ကချင်၊ ချင်း၊ ရှမ်း အမျိုးသားကိုယ်စားလှယ်ကြီး ၂၃ ဦးသည် သာတူညီမျှတစ်လုံးတစ်စည်းတည်း နေထိုင်ကြမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ ပင်လုံကို သက်သေတည်လိုက်သဖြင့် နယ်ချဲ့တို့သည် ၎င်းတို့၏ပက်စက်သော အကြံအစည်ကို စွန့်လွှတ်ခဲ့ကြရသည်။

**ပြည်ထောင်စုနေ့**

ထိုကဲ့သို့ ပြည်ထောင်စုတိုင်းရင်းသားများအကြား ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကို အခြေခံလျက် သွေးစည်းညီညွတ်စွာ လွတ်လပ်ရေးအတွက် အသက်တမျှ အရေးပါသော ပင်လုံစာချုပ် လက်မှတ်ရေးထိုးခဲ့သည့်နေ့ကို **“ပြည်ထောင်စုနေ့”** အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြည်ထောင်စုနေ့ကို နိုင်ငံတော်အခမ်းအနားအဖြစ် နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်မည့် (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ကိုလည်း အနှစ်သာရပြည့်ဝသော အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ ကျင်းပသွားမည်ဖြစ်သည်။

> **“ တိုင်းရင်းသားညီအစ်ကိုများအကြား ရေပက်မဝင်သော စည်းလုံးညီညွတ်မှုကိုသာ ခိုင်မာစွာ တည်ဆောက်ထားနိုင်မည်ဆိုလျှင် တိုင်းပြည်အင်အား တောင့်တင်းခိုင်မာနေမည်ဖြစ်သည်။ အင်အားတောင့်တင်းခိုင်မာနေသော နိုင်ငံကို မည်သည့်နိုင်ငံကမျှ ကျူးကျော်ရန်စဝံ့မည်မဟုတ်ချေ။ ဆိုလိုသည်မှာ ထိုနိုင်ငံသည် စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အမြဲတစေ ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ ”**

**တိုင်းရင်းသားစည်းလုံးညီညွတ်မှုတည်ဆောက်ခဲ့**

အမှန်စင်စစ်မှာမူ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဗြိတိန်ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်ထံမှ အစိုးရအဖွဲ့ခေါင်းဆောင်တာဝန်ကို ရယူခဲ့သည်။ ထိုအချိန်မှစ၍ ပင်လုံစာချုပ် လက်မှတ်ရေးထိုးခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့အထိ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလုပ်ငန်းများကို အထူးအလေးထားလုပ်ဆောင်ခဲ့သည်။ တောင်တန်းဒေသများသို့ ကိုယ်တိုင်သွားရောက်ကာ တိုင်းရင်းသားလူမျိုးစုများအား စည်းရုံးခဲ့ရသည်။ အပင်ပန်းခံပြီး တိုင်းရင်းသားစည်းလုံး ညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့သည်။

တိုင်းရင်းသားညီအစ်ကိုများအကြား ရေပက်မဝင်သော စည်းလုံးညီညွတ်မှုကိုသာ ခိုင်မာစွာ တည်ဆောက်ထားနိုင်မည်ဆိုလျှင် တိုင်းပြည်အင်အား တောင့်တင်းခိုင်မာနေမည်ဖြစ်သည်။ အင်အားတောင့်တင်းခိုင်မာနေသော နိုင်ငံကို မည်သည့်နိုင်ငံကမျှ ကျူးကျော်ရန်စဝံ့မည်မဟုတ်ချေ။ ဆိုလိုသည်မှာ ထိုနိုင်ငံသည် စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကိုအမြဲတစေ ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။

**ပြည်ထောင်စုစိတ်ဓာတ်သည်သာအခရာ**

မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံအသီးသီးအား လေ့လာကြည့်မည်ဆိုလျှင် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မာစွာ ထိန်းသိမ်းထားနိုင်ခြင်း မရှိသော နိုင်ငံအချို့သည် ခေတ်သစ်ကိုလိုနီနယ်ချဲ့တို့၏ သြဇာလွှမ်းမိုးလိုမှု အမျိုးမျိုးကြားတွင် အချင်းချင်းသွေးခွဲကာ ပဋိပက္ခများ၊ စစ်ပွဲများဖြစ်ပွား၍ အင်အားချည့်နဲ့ယိမ်းယိုင် ပြိုကွဲသွားကြရသည်ကို တွေ့မြင်နေကြရသည်။ ထို့ကြောင့် နိုင်ငံတော် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရာတွင် လည်းကောင်း၊ တိုင်းပြည်အတွင်း ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် လည်းကောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရာတွင် လည်းကောင်း ပြည်ထောင်စုစိတ်ဓာတ်သည်သာ အခရာကျလျက်ရှိသည်။

တိုင်းရင်းသားညီအစ်ကိုများအကြား ထိုပြည်ထောင်စုစိတ်ဓာတ်ထာဝစဉ် ကိန်းအောင်းနေစေရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို တိုင်းရင်းသားအားလုံး၏ ယုံကြည်ချက်၊ ခံယူချက်တစ်ခုအနေဖြင့် မမိုတ်မသုန် စောင့်ထိန်းသွားရန်လည်း လိုအပ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး၊ ဥမကွဲ၊ သိုက်မပျက်အေးအတူ ပူအမျှ တစ်စည်းတစ်လုံးတည်း ပူးပေါင်းနေထိုင်သွားမည်ဆိုသော ပြည်ထောင်စုစိတ်ဓာတ် အရင်းခံဖြင့်သာ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

**အားလုံးအတွက်ထာဝရငြိမ်းချမ်းရေး**

အစိုးရအဆက်ဆက်သည် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ကမ်းလှမ်းခဲ့သည်။ ထိုသို့ ကြိုးပမ်းအားထုတ်မှုများကြောင့် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့မှ ခေါင်းဆောင်များသည် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နေပြည်တော်၌ နိုင်ငံသားအားလုံး မျှော်လင့်တောင့်တနေသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA)ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ထို့အပြင် မွန်ပြည်သစ်ပါတီ(NMSP) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့ကလည်း မကြာခင် NCA စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဇန်နဝါရီလ ၂၃ ရက်နေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ထိုနှစ်ဖွဲ့လက်မှတ်ရေးထိုးပြီးချိန်တွင် NCA လက်မှတ်ရေးထိုးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့အထိ ရှိလာတော့မည်ဖြစ်သည်။

တိုင်းရင်းသားညီအစ်ကိုများ အနေဖြင့် တိုင်းပြည်၏ မည်သည့်ဒေသတွင် နေထိုင်သည်ဖြစ်စေ တိုင်းရင်းသားညီအစ်ကို၊ မောင်နှမများအကြား ကျဉ်းမြောင်းသည့်ဝါဒများနှင့် သံသယများအား ချေဖျက်ကာ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အရင်းခံဖြင့် ချစ်ကြည်ရင်းနှီးမှု တည်ဆောက်သွားနိုင်မည်ဆိုလျှင် အနာဂတ်ကာလတွင် အားလုံးမျှော်လင့်နေသော ထာဝရငြိမ်းချမ်းရေးကို ဧကန်မုချ တည်ဆောက်နိုင်မည်ဖြစ်သည်။ သို့မှသာလျှင် ပြည်ထောင်စုကြီး ထာဝစဉ် အဓွန့်ရှည်တည်တံ့ခိုင်မြဲနေမည် ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် တိုင်းရင်းသားညီအစ်ကိုများသည် ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ၊ သိုက်မပျက် အေးအတူပူအမျှ တစ်စည်းတစ်လုံးတည်း ပူးပေါင်းနေထိုင်မည်ဆိုသော ပြည်ထောင်စုစိတ်ဓာတ်ကို လွန်ခဲ့သော ၇၁ နှစ်ခန့်က ပင်လုံမြို့လေး၌ သက်သေထူနိုင်ခဲ့ကြသည်။ အတိအကျဆိုရလျှင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ညွှန်းသည့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထိုစာချုပ်လက်မှတ်ရေးထိုးနိုင်မှုကြောင့် မြန်မာတစ်နိုင်ငံလုံး လွှမ်းခြုံသော လွတ်လပ်ရေးကိုရယူနိုင်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကြီး ကျရောက်တော့မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ တိုင်းရင်းသားညီအစ်ကိုများအကြား ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ နှောင်ဖွဲ့ထားမည်ဆိုလျှင် မဝေးတော့သည့် အနာဂတ်တွင် ပြည်သူအားလုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်သွားနိုင်မည်ဟု အခိုင်အမာယုံကြည်နေမိပါတော့သည်။ ။

(ပြည်ထောင်စုနေ့ ဂုဏ်ပြုတေးထပ်)

## ဖက်ဒရယ်ပြည်ထောင်စုသို့

✤ တွဲလက်ညီရည်ဆောင်ပြု
ပြည်ထောင်စုအခြေခိုင်
ညီနောင်ထုသွေးမယိုင်သည်
ပြေ(ပြည်)မလှိုင်စုစည်း
ရန်မျိုးစုဖျက် မပြယ်ပြီ
ဖက်ဒရယ်ပြည်ထောင်စုကြီး။

✤ ငြိမ်းချမ်းရေးညီလာခံ
မြန်မကြာခရီး၊
သွေးချင်းတွေစုစည်းကြ
တစ်ခုတည်းမူဘောင်မှာ။

✤ အမိမြန်မာ ပြည်ထောင်ဖွား
တိုင်းရင်းသားအပေါင်းစုံစွာ။

✤ တစ်လှေစီးတစ်ခရီးမှာ
အေးမကွာ ပူအမျှနှင့်
တူတကွလှမ်းစို့ညီညီ
ရွှေပြည်သစ်ဆီ၊
ခေတ်စနစ်ဒီမိုကရေစီ
အခြေတည်ချမ်းငြိမ်းဖို့လေး။

✤ ပြည်ထောင်စုနေ့ ဓိဋ္ဌာန်ရည်
နိမိတ်အောင်စည် ယွန်းစို့လေး။ ။

မောင်ရွှေနွယ်(အင်းလေး)

## (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဖိတ်ခေါ်ကျပန်းစကားပြောပြိုင်ပွဲနှင့် စကားရည်လုပွဲ ကျင်းပမည်

**ဖျာပုံ ဖေဖော်ဝါရီ ၄**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖိတ်ခေါ်ကျပန်းစကားပြောပြိုင်ပွဲနှင့် စကားရည်လုပွဲကို ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောက်စုနေ့တွင် ဖျာပုံမြို့ သီရိအဏ္ဏဝါမြို့နယ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများကို ကျောင်းသား ကျောင်းသူများအတွက် သက်ငယ်တန်းပြိုင်ပွဲနှင့် အရွယ်စုံ ပါဝင်ယှဉ်ပြိုင်နိုင်မည့် အလွတ်တန်းပြိုင်ပွဲဟူ၍ အဆင့်နှစ်ဆင့်ခွဲကာ ကျင်းပပေးမည်ဖြစ်သည်။

ကျပန်းစကားပြောပြိုင်ပွဲတွင် ပြည်ထောင်စုစိတ်ဓာတ်၊ စည်းလုံးခြင်းသည်အင်အား၊ စည်းလုံးညီညွတ်ခြင်း၏ အကျိုးကျေးဇူး၊ ကျွန်တော် ကျွန်မသာ ထီပေါက်ခဲ့လျှင်၊ ကျွန်တော် ကျွန်မသာ ခေါင်းဆောင်တစ်ယောက်ဖြစ်ခဲ့လျှင် စသည့်ခေါင်းစဉ်များကို မဲနှိုက်၍ ကျရာခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

စကားရည်လုပွဲတွင် ယောက်ျားလေးနှင့် မိန်းကလေး ဘယ်သူက ပိုမြတ်သလဲ၊ စည်းလုံးညီညွတ်ခြင်းနှင့် မစည်းလုံးမညီညွတ်ခြင်းမှာ ဘယ်အရာက ပိုကောင်းသလဲ၊ ဆိုရှယ်မီဒီယာကို အသုံးပြုခြင်းနှင့် ဆိုရှယ်မီဒီယာကို အသုံးမပြုခြင်းတွင် ဘယ်အရာက ပိုကောင်းသလဲ စသည့်ခေါင်းစဉ်များသတ်မှတ်ပေးထားပြီး ကျရာခေါင်းစဉ်ဖြင့် စကားရည်လု ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့၌ ကျင်းပမည့် အဆိုပါဖိတ်ခေါ်ကျပန်းစကားပြောပြိုင်ပွဲနှင့် စကားရည် လုပွဲကို မည်သူမဆို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်လိုသူများသည် ပြိုင်ပွဲကျင်းပရေးကော်မတီ ဖုန်း- ၀၉ ၅၅ ၂၂၂၂၅၇၊ ၀၉- ၄၂၂ ၄၈၉၉၀၉၊ ၀၉- ၄၂၂ ၅၅၁ ၉၄၃ တို့သို့ ဖေဖော်ဝါရီ ၁၀ ရက် နောက်ဆုံးထားစာရင်းပေးသွင်းကြရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



ဖေဖော်ဝါရီ ၄ ရက်က သီရိလင်္ကာနိုင်ငံ၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားကို ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့်ဇနီး ဒေါ်ခင်သန်းနွဲ့တို့အား မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး H.E.Mr.Kohona Walawwe Nimal Dharmakeerthi Karunaratne က ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်

## ပုလုံးတုံးတုံး နှစ်လမ်းသွား ကွန်ကရစ်တံတား စတင်တည်ဆောက်

**ကော့သောင်း ဖေဖော်ဝါရီ ၄**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နှင့် ပုလုံးတုံးတုံးကျေးရွာသို့ ဆက်သွယ်သွားလာနိုင်မည့် ပုလုံးတုံးတုံးတံတားကို နှစ်လမ်းသွားကွန်ကရစ် တံတားအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားတည်ဆောက်ရေးအဖွဲ့-၄ က တာဝန်ယူကာ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အိမ်ခြေ ၁၀၀၀ ကျော်၊ လူဦးရေ ၃၀၀၀ ကျော်ရှိ ရေထွက်ပစ္စည်း ပေါကြွယ်ဝပြီး ပင်လယ်ကျွန်းရွာတစ်ရွာဖြစ်သည့် ပုလုံးတုံးတုံးကျေးရွာအား ကော့သောင်းမြို့မှ ဆက်သွယ်သွားလာရာတွင် ရှေးယခင်ကာလများက ကော့သောင်းမှ ခုနစ်မိုင်ခန့်ဝေးသည့် ချောင်းဝကျေးရွာသို့ ဆိုင်ကယ်ဖြင့်သွားကာ ထိုမှတစ်ဆင့် လှေငယ်လေးများဖြင့် ပင်လယ်ဒီရေ အတက်အကျ အချိန်စောင့်၍ အဆင့်ဆင့် ခက်ခဲပင်ပန်းစွာ သွားလာကြရသဖြင့် ကျေးလက်ပြည်သူများ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးကိစ္စအဝဝ လွန်စွာ အခက်တွေ့ကြရသည်။ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် အကျယ် ၁၅ ပေ အရှည် ပေ ၂၆၉၀ တစ်လမ်းသွား ဒေသထွက် သစ်သားတိုင်၊ သစ်သားရက်မ၊ သစ်သားကြမ်းခင်း ပင်လယ်ဖြတ်ကူး သစ်သားတံတားကြီးကို အောင်မြင်စွာတည်ဆောက်ပြီးစီးကာ ဒေသခံများ အခက်အခဲမရှိ သွားလာနိုင်ခဲ့ကြသော်လည်း အဆိုပါသစ်သားတံတားမှာ ဆွေးမြည့်ယိုယွင်းလာသဖြင့် ယခုကဲ့သို့ ကွန်ကရစ်တံတားသစ်အား တည်ဆောက်ခြင်းဖြစ်သည်။

ယခုဆောက်လုပ်မည့် တံတားသစ်သည် အရှည် ပေ ၂၄၀၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေ၊ View Deck အကျယ် ရှစ်ပေဖြစ်ပြီး စီမံကိန်းတန်ဖိုး ငွေကျပ်သန်းပေါင်း ၁၃၄၄၀ ဒသမ ၀၀ သန်း အကုန်အကျခံ တည်ဆောက်မည်ဖြစ်ကာ တည်ဆောက်ရေးစီမံကိန်း ကနဦးလုပ်ငန်းများဖြစ်သည့် မြေတိုင်းတာစမ်းသပ်ခြင်း၊ တံတားချဉ်းကပ်လမ်း မြေဖို့ခြင်း လုပ်ငန်းများကို ၂၀၁၇ ခုနှစ် ဩဂုတ်လမှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ တံတား၏ A-1 Bored Pile လုပ်ငန်းများ စတင်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ၂၀၁၈-၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းအားလုံး ပြီးစီးနိုင်ရေးလျာထားကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**



## ထူးခြားသည့် ညပူအချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် သီပေါမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ၀ ဒသမ ၁၆ လက်မနှင့် ပူတာအိုမြို့တွင် ၀ ဒသမ ၀၄ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

● *ကျော့ဖုံးမှ*

တိမ်းရှောင်ပြည်သူများအနက် ဒေသခံပြည်သူများမှာ ၎င်းတို့၏ နေရပ်များသို့ ပြန်လည် ထွက်ခွာသွားခဲ့ကြကြောင်း၊ ရပ်ဝေးမှပြည်သူများကို မူလနေရပ်ဒေသများသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိကြောင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ တိမ်းရှောင်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားခြင်း၊ ကူညီထောက်ပံ့ခြင်း၊ ၎င်းတို့၏ နေရပ်ဒေသများသို့ ပြန်လည်ပို့ဆောင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



နေရပ်ပြန်မည့် ပြည်သူများအား တာဝန်ရှိသူများက မိုးကောင်းဘူတာတွင် အားပေးစကားပြောကြားစဉ်။

ရပ်ဝေးဒေသများသို့ ပြန်လည်ပို့ဆောင်လျက်ရှိရာတွင် ဝါးခယ်မ၊ ခင်ဦး၊ တောင်ငူမြို့များမှ ပြည်သူကိုးဦးသည် ဇန်နဝါရီ ၃၁ ရက်တွင် လည်းကောင်း၊ ဒီပဲယင်း၊ နတ်မောက်၊ မြောက်ဦးမြို့များမှ ပြည်သူခုနစ်ဦးသည် ဖေဖော်ဝါရီ ၂ ရက်တွင် လည်းကောင်း၊ ပလက်ဝ၊ အရာတော်၊ မိုးကုတ်၊ ဒီပဲယင်း၊ ဟိုပင်၊ တံတားဦး၊ မြေပုံ၊ ဖရူဆို၊ ဝန်းသိုမြို့များမှ ပြည်သူ ၃၁ ဦးသည် ဖေဖော်ဝါရီ ၃ ရက်တွင် လည်းကောင်း၊ မြစ်ကြီးနား၊ မန္တလေး၊ ရွှေဘို၊ မိုးကုတ်၊ ပလက်ဝမြို့များမှ ပြည်သူ ၄၃ ဦးသည် ဖေဖော်ဝါရီ ၄ ရက်တွင် လည်းကောင်း ၎င်းတို့၏နေရပ်များသို့ ပြန်လည်ထွက်ခွာသွားကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ကချင်ပြည်နယ်ဦးစီးမှူးရုံးမှတာဝန်ရှိသူများက အသုံးအဆောင်ပစ္စည်းများ၊ စားစရိတ်နှင့် ခရီးစရိတ်များ ထောက်ပံ့ပေးပြီး သက်ဆိုင်ရာဌာန တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနား-မန္တလေးအမြန်ရထားပေါ်သို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။



နေရပ်ပြန်မည့် ပြည်သူများအား သက်ဆိုင်ရာက ကူညီထောက်ပံ့ပေးစဉ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် တိုက်ပွဲရှောင်နေရပ်ပြန် ပြည်သူများအတွက် ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အခြားလိုအပ်ချက်များကိုလည်း ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်မိုးရွာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

## ဆဒုံးနေရပ်စွန့်ခွာစခန်း၌ နေထိုင်သူများ များပြားသဖြင့် ယာယီဆောင်များ ထပ်မံဆောက်လုပ်ပေးရန်လိုအပ်နေ

**ဝိုင်းမော် ဖေဖော်ဝါရီ ၄**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဆဒုံးနေရပ်စွန့်ခွာစခန်း၌ ယခုအခါ ကျေးရွာပေါင်း ၂၁ ရွာရှိ နေရပ်စွန့်ခွာပြည်သူ အိမ်ထောင်စု ၈၄ စုမှ လူဦးရေ ၄၆၆ ဦးမှာ ပေ ၂၀ ပတ်လည် ဝါးကပ်ထရံကာ နေအိမ် ၁၂ လုံးတွင် ကျပ်တည်းစွာ နေထိုင်နေရသဖြင့် ယာယီအဆောင်များ ထပ်မံဆောက်လုပ်ပေးစေလိုကြောင်း နေရပ်စွန့်ခွာစခန်းနေ ဒေသခံများထံမှ သိရသည်။

အဆိုပါ နေအိမ်ငယ်များတွင် နေထိုင်ရမှုနှင့်ပတ်သက်၍ နေရပ်စွန့်ခွာစခန်း တာဝန်ခံ ဦးငွါးလေးက "ကျွန်တော်တို့ ခုရောက်ရှိတာဆိုရင် တစ်နှစ်ကျော်ရှိပါပြီ၊ အိမ်ထောင်စုနဲ့ လူဦးရေဆိုရင် တဖြည်းဖြည်းများလာတာပဲရှိပါတယ်၊ ပြောရမယ်ဆိုရင် ပေ ၂၀ ပတ်လည် အခန်းလေးတွေမှာ အိမ်ထောင်စုခြောက်စုကနေ ရှစ်စုအထိ ကျပ်ကျပ်တည်းတည်း နေထိုင်ရတာ ကြာပါပြီ၊ ယာယီနေအိမ်ဆောက်ပေးဖို့လည်း သက်ဆိုင်ရာကို အကူအညီတောင်းခံထားပေမယ့် အခုချိန်အထိတော့ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါဘူး၊ ယာယီနေအိမ်တွေကို အမြန်ဆုံး ဆောက်လုပ်ပေးစေချင်ပါတယ်"ဟု ပြောသည်။

လက်ရှိ နေရပ်စွန့်ခွာစခန်းတွင် ဝါးကပ်ထရံကာ နေအိမ်ငယ် ၁၂ လုံး၌ လူဦးရေ ၄၆၀ ကျော်မှာ ကျပ်တည်းစွာနေထိုင်လျက် ကျန်းမာရေး၊ လူမှုရေးနှင့် စားဝတ်နေရေးဆိုင်ရာကိစ္စရပ်များ၏ အခက်အခဲများကို နေ့စဉ်ရင်ဆိုင်နေကြရပြီး မီးဘေးအန္တရာယ်ကိုလည်း စိုးရိမ်ရသည့်အခြေအနေတွင်ရှိကာ ယာယီနေအိမ်လိုင်းခန်း အဆောက်အအုံများ ထပ်မံဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိကြောင်း နေရပ်စွန့်ခွာစခန်းနေ ဒေသခံပြည်သူများထံမှ သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**





# မန္တလေး၌ အိန္ဒိယ ယဉ်ကျေးမှုကပွဲ ဖျော်ဖြေ

**မန္တလေး ဖေဖော်ဝါရီ ၄**

အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးက ပြုလုပ်သည့် Bharatnatyam ယဉ်ကျေးမှုကပွဲကို အမျိုးသားကဇာတ်ရုံ မန္တလေးတွင် ယနေ့ ည ၆ နာရီက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အိန္ဒိယကောင်စစ်ဝန်ချုပ် Mr. Nandan Singh Bhaisora၊ အခြားဖိတ်ကြားထားသူများနှင့် ဝါသနာရှင် ပရိသတ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် အိန္ဒိယကောင်စစ်ဝန်ချုပ်တို့က ကပွဲအခမ်းအနားကို ဆီမီးထွန်းညှိ၍ ဖွင့်လှစ်ပေးပြီး အိန္ဒိယ ကောင်စစ်ဝန်ချုပ်က ကြိုဆိုနှုတ်ဆက်စကား ပြောကြားသည်။ ယင်းနောက် အကအဖွဲ့က ကပြဖျော်ဖြေတင်ဆက်ပြီး အကအဖွဲ့အား ဂုဏ်ပြုအမှတ်တရလက်ဆောင်များပေးအပ်သည်။ ထို့နောက် ကြွရောက်လာသော ဧည့်သည်တော်ကြီးများ၊ အိန္ဒိယကောင်စစ်ဝန်ချုပ်နှင့် ယဉ်ကျေးမှုအက အဖွဲ့ဝင်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

Bharatnatyam အကအဖွဲ့သည် အိန္ဒိယနိုင်ငံ၏ ရှေးအကျဆုံး ဂန္ထဝင်ယဉ်ကျေးမှုအကဖြစ်သည်။ ဖျော်ဖြေတင်ဆက်မှုများတွင် အကနှင့် ဇာတ်သရုပ်ဖော်နှစ်မျိုးစလုံး ပါဝင်ပြီး အဖွဲ့ခေါင်းဆောင်မှာ အမျိုးသမီးဖြစ်သည်။ တင်ဆက်မှုများကို အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် ထွန်းကားသော ဂီတနှင့် ပေါင်းစပ်ဖျော်ဖြေခဲ့ခြင်းဖြစ်သည်။ **အေးမြ**


# သံတောင်ကြီးမြို့နယ်ရှိ မိုင် ၂၀ ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မည်

**သံတောင်ကြီး ဖေဖော်ဝါရီ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် LIFT Fund တို့ပူးပေါင်း၍ ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအား ရှေ့ပြေးစီမံချက်အနေဖြင့် စတင်ဆောင်ရွက်သွားရန်အတွက် မိုင် ၂၀ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များထံသို့ ဌာနဆိုင်ရာများ ဖိတ်ကြား၍ ဖေဖော်ဝါရီ ၂ ရက်က ရန်ပုံငွေကျပ်သိန်း ၁၀၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်တွင် ကျေးရွာအုပ်စု ၅၉ အုပ်စု ကျေးရွာပေါင်း ၃၇၇ ရွာရှိပြီး ယခုစီမံကိန်းကျေးရွာဖြစ်သည့် မိုင် ၂၀ ရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအား ရှေ့ပြေးစီမံချက်အနေဖြင့် စတင်ဆောင်ရွက်သွားမည်ဖြစ်ကာ သံတောင်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာအားလုံး လွှမ်းခြုံနိုင်သည်အထိ ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**




# နိုင်ငံတော် သံစုံတီးဝိုင်းနှင့် ဂျပန် အနုပညာရှင်အဖွဲ့တို့ ပူးပေါင်းဖျော်ဖြေ တင်ဆက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ ဂီတစာဆို တီးဝိုင်းခေါင်းဆောင် Mr. YUNOSUKE YAMAMOTO (Conductor& Composer) ဦးဆောင်သည့် ဂျပန်အနုပညာရှင် ၁၁ ဦး ပါဝင်သော အနုပညာရှင်အဖွဲ့ဝင်တို့ ပူးပေါင်းဖျော်ဖြေတင်ဆက်မည့် "Myanmar National Symphony Orchestra Concerts 2018" ဖျော်ဖြေပွဲများကို Gitameit Chorus, Univoice Music Team Choir, Japan Culture House Chorus အဖွဲ့တို့နှင့်အတူ ဖေဖော်ဝါရီ ၆ ရက် ညနေ ၆နာရီခွဲတွင် နေပြည်တော် MICC-II ၌လည်းကောင်း၊ ဖေဖော်ဝါရီ ၉ ရက် ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ လည်းကောင်း ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်ရာ ဂန္ထဝင်ဂီတဆည်းဆာဖျော်ဖြေပွဲများသို့ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဖုန်း- ၀၉-၅၀၀၆၅-၅၂၊ ၀၁-၅၃၄၀၁၂၊ ၀၁-၅၂၇၁၂၂၊ ဖက်စ်-၁၄၉ နှင့် ဂျပန်သံရုံး ဖုန်း- ၀၁-၅၄၉၆၆၄-၄၈၊ info.cul@ yn.mofa.go.jo တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ဟင်္သာတမြို့၌ မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များတွေ့ဆုံပွဲကျင်းပ

**ဟင်္သာတ ဖေဖော်ဝါရီ ၄**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fun Club) အဖွဲ့ဝင်များတွေ့ဆုံပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် ဟင်္သာတခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး(အသံလွှင့်) ဦးဇေယျာက မြန်မာ့အသံရေဒီယို၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြန်မာ့အသံသို့ ဒေသဆိုင်ရာသတင်းများ ပေးပို့ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာ့အသံချစ်သူများအဖွဲ့ဝင် သတင်းထောက်များအား ညွှန်ကြားရေးမှူး(အသံလွှင့်) ဦးဇေယျာက ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ မြန်မာ့အသံ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုပြသပြီး မြန်မာ့အသံဝန်ထမ်းများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲတွင် အထူးဆုရရှိခဲ့သူ ဇင်သူဇာထွန်းနှင့် လင်းသစ်၊ ငြိမ်းချမ်းရေးဂီတပွဲတော်တွင် ဧရာဝတီတိုင်းဒေသကြီး လက်ရွေးစင်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ ဇင်မာမိုးစက်နှင့် ဟင်္သာတမြို့မှ ဝါသနာရှင်များက မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြပြီး ဟင်္သာတတက္ကသိုလ် ကရင်တိုင်းရင်းသား ကျောင်းသား ကျောင်းသူများက ရိုးရာယဉ်ကျေးမှုဒုံးအကဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် မြန်မာ့အသံရေဒီယို အစီအစဉ်များဖြစ်သည့် ရှင်သန်ခြင်းကမ်းလက်များ၊ မုသားနောက်ကွယ်က ဘဝများ၊ အမြို့မြို့အနယ်နယ်သတင်း၊ ပြုံးပဒေသာအစီအစဉ်တို့ကို မိတ်ဆက်သရုပ်ပြပြီး ပြည်သူ့အတွက် မြန်မာ့အသံသီချင်းကို အဖွဲ့လိုက် သီဆိုဖျော်ဖြေကြကာ တက်ရောက်လာသူ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနှင့် ဦးအောင်ကိုကိုဦး၊ ဟင်္သာတခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် မြန်မာ့အသံချစ်သူအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၀၀၀ ခန့် တက်ရောက်ကြသည်။

မြန်မာ့အသံချစ်သူများ အဖွဲ့သို့ အဖွဲ့ဝင်လိုသူများအနေဖြင့် မြန်မာ့အသံ ဖုန်း ၀၆၇-၇၉၂၁၅၊ ၀၉-၄၂၆၉၇၉၆၄၇၊ ၀၉-၄၂၆၉၇၉၆၄၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စာရင်းပေး ဝင်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်မှ ၃၁ ရက်နေ့အထိ တစ်ပတ်အတွင်း ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | တပ်ဂျိမဟာရယ်၊ ဝေရက်ရယ်၊ ကျွန်တော်ရယ် | လမင်းမောင်မောင် | ၂၅၀၀ | ကောင်းဆုသာ |
| ၂ | ဂန္ဒီ၏ထူးချွန်ပြောင်မြောက်သော ခေါင်းဆောင်မှုပညာ | ဟိန်းလတ် | ၅၀၀၀ | Myanmar Heritage |
| ၃ | ပုဆိုးခြုံထဲက လက်သီးများ | ခင်အောင်ဝင့် | ၂၀၀၀ | ယဉ်မျိုးစာပေ |
| ၄ | ကျွန်မချစ်သောစပိုင် | လင်းယုန်မောင်မောင် | ၂၀၀၀ | ယဉ်မျိုးစာပေ |
| ၅ | မိုးနည်းရပ်ဝန်းဒေသ လက်ရွေးစင် ကဗျာရှည်များ စုစည်းမှု | ကြည်ဇော်အေး | ၁၅၀၀ | စိတ်ကူးချိုချို |
| ၆ | အောင်မြင်ဖို့အချိန်မှရှိရဲ့လား | ကောင်းသာ | ၁၅၀၀ | စိတ်ကူးချိုချို |
| ၇ | ခွပ်ဒေါင်းဂေရီ သို့မဟုတ် ဒေါ်အောင်ဆန်းစုကြည်၏ ဘဝခရီး | ရဲမြလွင် | ၈၀၀၀ | အိပ်မက်အသစ်စာပေ |
| ၈ | ခေတ်သစ်မော်တော်ကားတစ်စီးကို မွေးဖွားခြင်း | သိပ္ပံစာရေးဆရာကိုကိုအောင် | ၅၀၀၀ | သိပ္ပံစာရေးဆရာကိုကိုအောင် |
| ၉ | စာပေခရီးသည် | ပါရဂူ | ၃၅၀၀ | စိတ်ကူးချိုချို |
| ၁၀ | အလုပ်အင်တာဗျူးအမေးအဖြေများ | မောင်မောင်မြင့်သိန်း | ၄၅၀၀ | စိတ်ကူးချိုချို |
| ၁၁ | ဦးလေးတွမ် | ကျော်လှိုင်ဦး | ၃၀၀၀ | စိတ်ကူးချိုချို |
| ၁၂ | ဝါးတံတားလေး ၇၈ | ငြိမ်းဝေ | ၃၀၀၀ | နှစ်ကာလများ |
| ၁၃ | အိန္ဒိယသံအမတ်တစ်ဦး၏ မြန်မာပြည်နေ့ရက်များ | အယ်ရိုး(တောင်ကြီး) | ၄၀၀၀ | ငါတို့စာပေ |
| ၁၄ | ငါကပွဲကြည့်သမားနှင့် ဓမ္မစာစုများ | မြဝင်း(ဒဿန) | ၂၀၀၀ | နန်းဒေဝီစာပေ |
| ၁၅ | အထင်ကရပုဂ္ဂိုလ်များ၏ ဘဝရုပ်ပုံလွှာများ | ကလောင်စုံ | ၂၅၀၀ | ဆန်းစသော်တာ |
| ၁၆ | အနားမညီသော တြိဂံအမှတ်(၂) ရသ ကဗျာများ | ကလောင်စုံ | ၂၀၀၀ | ယဉ်မျိုးစာပေ |
| ၁၇ | ဝိပါကဝဋ်ပြေးမလွတ် | အရှင်မာနိတ(ရွှေပြည်သာ) | ၁၅၀၀ | ရွက်စိမ်းစာပေ |
| ၁၈ | တစ်ကိုယ်တော်သံပြိုင် | မောင်ဖူးဝေ (ထီလာ) | ၂၀၀၀ | နှစ်ကာလများ |
| ၁၉ | ထရိုဂျန်မြင်းရဲ့အသား | အောင်ခင်မြင့် | ၁၅၀၀ | နှစ်ကာလများ |
| ၂၀ | ကလေးတို့ရဲ့ ငြိမ်းချမ်းရေးကမ္ဘာဆီသို့ | မိုးသျှန်း | ၁၀၀၀ | မျိုးဆက်သစ်စာပေ |
| ၂၁ | ကလေးတို့ဖတ်ဖို့ စာတိုတို | မိုးသျှန်း | ၁၀၀၀ | မျိုးဆက်သစ်စာပေ |
| ၂၂ | အချစ်အကြောင်းပြောကြေး | မိုးသျှန်း | ၁၀၀၀ | မျိုးဆက်သစ်စာပေ |
| ၂၃ | ကလေးသို့ လူကြီးအတွေး | မိုးသျှန်း | ၁၀၀၀ | မျိုးဆက်သစ်စာပေ |
| ၂၄ | သက်တန့်ကမ္ဘာ | ရှင်မင်း(ပြည်) | ၂၀၀၀ | မျိုးဆက်သစ်စာပေ |
| ၂၅ | ဗိုလ်ချုပ်အောင်ဆန်းကလေးကဗျာများ | နေမျိုး | ၁၀၀၀ | မျိုးဆက်သစ်စာပေ |
| ၂၆ | ပျော်ရွှင်ဖွယ် ကလေးကဗျာများ | ရိုးခက် | ၁၀၀၀ | မျိုးဆက်သစ်စာပေ |
| ၂၇ | ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ပုဂ္ဂိုလ်ကြီးများအကြောင်း ကလေးကဗျာများ | မောင်ကြည်သော်(ကောလင်း) | ၁၀၀၀ | မျိုးဆက်သစ်စာပေ |
| ၂၈ | ၂၀၁၈ ဆေးဝါးမိတ်ဆက်နှင့် အသုံးများ ဆေးဝါးလမ်းညွှန် | ဗိုဝကမဂ္ဂဇင်းအယ်ဒီတာ | ၈၀၀၀ | ရတနာသိုက်စာပေ |
| ၂၉ | The Good, the Bad And the President | Nawratha Win | ၃၀၀၀ | Myanmar Heritage |

(ဆက်လက်ဖော်ပြပါမည်)

# ကျွန်တော်နဲ့ အဂတိလိုက်စားမှု



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

အရင်တစ်ပတ်က ကျွန်တော်ဆွေးနွေးပွဲတစ်ခုမှာ စာတမ်းတစ်စောင်ဖတ်ခွင့်ရခဲ့ပါတယ်။ စာတမ်းဖတ်ပေးဖို့ အကူအညီတောင်းသူကတော့ ရဲချုပ်(ငြိမ်း)ဦးဇော်ဝင်း၊ သူနဲ့ကျွန်တော်က ဒုတိယသမ္မတ(၁)ဦးမြင့်ဆွေ ဦးဆောင်တဲ့မောင်တောကော်မရှင်မှာ တာဝန်ယူတုန်းက ခင်မင်ရင်းနှီးခဲ့တာ။ အခုတော့သူက အသစ်ဖွဲ့စည်းထားတဲ့ အဂတိလိုက်စားမှုတိုက်ဖျက်မှုကော်မရှင်မှာ တာဝန်ယူနေတာ။ ကျွန်တော့်ကို စာတမ်းဖတ်ဖို့ပြောလာတာမို့ လိုလိုချင်ချင်လက်ခံလိုက်ပါတယ်။ ဒီကော်မရှင်ကို အစိုးရသစ်က မကြာမီကာလမှာ ဖွဲ့စည်းခဲ့တာ။ ဥက္ကဋ္ဌလုပ်သူက ဦးအောင်ကြည်။ သူနဲ့ကျွန်တော် စောစောက မောင်တောကော်မရှင်မှာ အတူတူအလုပ်လုပ်ခဲ့ကြသလို ငြိမ်းချမ်းရေးကော်မရှင်မှာလည်း အတူတူတာဝန်ယူခဲ့ကြတာ။ ဦးအောင်ကြည်ရဲ့ကျေးဇူးနဲ့ ကျွန်တော်က မြန်မာ့အလင်းသတင်းစာမှာ အခုလိုဆောင်းပါးတွေရေးဖြစ်တာ။ ပြန်ကြားရေးဝန်ကြီးတာဝန်ယူစဉ် ဦးအောင်ကြည်က မြန်မာ့အလင်းသတင်းစာမှာ ဆောင်းပါးရေးဖို့ အားပေးတိုက်တွန်းခဲ့တာဖြစ်တယ်။ သူ့ကြောင့်ကျွန်တော် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှာ တာဝန်ယူခဲ့ရပြန်တယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို သူ့လိုပုဂ္ဂိုလ်တစ်ဦး တာဝန်ယူနေတာဟာ အင်မတန်မှ သင့်မြတ်လှပါတယ်။ အကျင့်သီလပြည့်စုံလှသူတစ်ဦးက ဦးဆောင်တဲ့အဖွဲ့အစည်းဟာ အောင်မြင်ဖို့ သေချာလှပါတယ်။

အဂတိလိုက်စားမှုကို ကျွန်တော်က စိတ်ဝင်စားတယ်။ လေ့လာတယ်၊ "အခွင့်အရေးရတိုင်းလည်း ဒီခေါင်းစဉ်နဲ့ဟောပြောတယ်။ ဒါကြောင့်လည်း နိုင်ငံတကာက ကျင့်သုံးနေတဲ့ အဂတိလိုက်စားမှုနဲ့ပတ်သက်တဲ့ ညွှန်းကိန်းကို မြန်မာပြည်မှာ ကျယ်ကျယ်ပြန့်ပြန့် အသိပေးဖို့ တိုက်တွန်းခဲ့တယ်။ အရပ်ဘက် လူ့အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ (Transparency International) ဟာ နှစ်စဉ်နိုင်ငံတွေ အားလုံးရဲ့အဂတိလိုက်စားမှုညွှန်းကိန်းကို အစီရင်ခံစာတစ်ခုနဲ့ ထုတ်ဝေပါတယ်။ ၂၀၁၇ ခုနှစ်မှာ မြန်မာနိုင်ငံဟာအဆင့် ၁၃၆ မှာရှိပါတယ်။ နိုင်ငံပေါင်းက ၁၇၆ နိုင်ငံရှိတာမို့ အခြေအနေက သိပ်မဆိုးလှဘူးလို့ သုံးသပ်နိုင်တယ်။ ကောင်းလှတာမဟုတ်ပေမယ့် ကိုယ့်နိုင်ငံထက်ဆိုးတဲ့ နိုင်ငံ၄၀ ရှိသေးတာမို့တော်သေးတယ်လို့ပြောနိုင်တယ်။ ညွှန်းကိန်းတန်ဖိုးကတော့ ၂၈၊ အဂတိလိုက်စားမှု လုံးဝကင်းရှင်းရင် ညွှန်းကိန်းတန်ဖိုးက ၁၀၀ ဖြစ်တယ်။ ဒါကြောင့်ခြုံကြည့်ရင်တော့ အခြေအနေက မကောင်းလှဘူး။ ဒါပေမယ့် လွန်ခဲ့တဲ့ လေးငါးနှစ်က ညွှန်းကိန်းတန်ဖိုးက ၁၂ သာ ရှိတာမို့ တိုးတက်လာတယ်လို့ ပြောနိုင်မှာဖြစ်တယ်။ အဂတိလိုက်စားမှုနဲ့ ပတ်သက်လာရင် တချို့က အနည်းအများကို အာရုံထားကြတယ်။ ပမာဏပေါ်မူတည်ပြီး ခွင့်လွှတ်ဖို့ ပြောကြတယ်။ ကျွန်တော့်အနေနဲ့ကတော့ နည်းတာ၊ များတာနဲ့ မဆိုင်ဘဲ လုံးဝပပျောက်နိုင်အောင် ကြိုးစားရမယ်။ နည်းတာကို ခွင့်လွှတ်ပြီး များမှအရေးယူတာမျိုး မဖြစ်သင့်ဘူး။ ဒါကြောင့်ကျွန်တော်က (Zero tolerance) လုံးဝလက်မခံတဲ့မူကို နှစ်သက်တယ်။ ခက်နေတာက အခုချိန်မှာ နည်းနည်းယူတာကို အရေးယူပြီး များများယူတာကြတော့ မျက်စိမှိတ်နေကြတယ်။ လွယ်လွယ် အဂတိလိုက်စားမှုဟာ တကယ်တော့ ဖုံးကွယ်လို့ရတဲ့ကိစ္စမဟုတ်ပါဘူး။ လူတစ်ယောက်ရဲ့ ဝင်ငွေထွက်ငွေကို ကြည့်လိုက်ရုံနဲ့ သူ့ရဲ့ကြွယ်ဝမှုဟာ ရိုးသားမှုရှိမရှိတန်းသိနိုင်တယ်။ ဒါကြောင့်လည်း နိုင်ငံအတော်များများမှာ တာဝန်ရှိတဲ့သူတွေရဲ့ ပိုင်ဆိုင်မှုကို ကြေညာရတယ်။ အမှန်တော့ ဒါကို လူတိုင်းပြုလုပ်သင့်ပါတယ်။ မဟုတ်တာမလုပ်ရင် ကြေညာရဲရမှာ။ အခုတော့ ကြေညာရတာခက်နေသလိုပဲ ပိုင်ဆိုင်မှုတွေကိုကြည့်ရင် လုံးဝယုတ္တိမရှိတော့ဘူး။ တစ်သက် မဟုတ်ဘဲ ဆယ်သက်ရှာရင်တောင်မရနိုင်တဲ့ ချမ်းသာမှုမျိုးဟာ ရိုးရိုးသားသား ဖြစ်နိုင်မှာ မဟုတ်ပါဘူး။ ကျွန်တော် အနှစ်သက်ဆုံးဥပမာက အိန္ဒိယနိုင်ငံက ဒုတိယသမ္မတတစ်ဦး

> **"ကျွန်တော်ကတော့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားလှုပ်ရှားမှုတစ်ရပ်အနေနဲ့ ဖြစ်စေချင်တယ်၊ လူတိုင်းဒီကိစ္စကို စိတ်ဝင်စားပြီး ပါဝင်ပတ်သက်ရမယ်၊ ကိုယ်နဲ့မဆိုင်ဘူးလို့ ပြောလို့မဖြစ်ဘူး၊ ကလေးလူငယ်တွေက စဖို့လိုမယ်၊ ရှက်တတ်တဲ့စိတ်ကို မွေးရမယ်၊ မတရားတဲ့နည်းနဲ့ အကျိုးအမြတ်ရတာကို အရေးယူရမယ်"**

ရာထူးရ ပြီး အိမ်တော်ကိုရောက်လာချိန်မှာ အိတ်တစ်အိတ်သာယူလာပြီး လေးနှစ်ပြီး ရာထူးကနားတဲ့အချိန်မှာ အိတ်တစ်အိတ်နဲ့ပြန်သွား တယ်တဲ့။ လေးစားစရာပါပဲ။ အခုတော့ မိဘမျိုးရိုးက သာမန်ဖြစ်ပေမယ့် ရာထူးတွေ၊ အာဏာတွေလည်းရရော နေ့ချင်းညချင်း ချမ်းသာသွားကြတာ။ ဒီလိုဖြစ်တာလည်း ယဉ်ကျေးမှုတစ်ရပ်ကြောင့်လား မသိဘူး။ ကျွန်တော်တို့နိုင်ငံမှာ ကန်တော့တဲ့နေရာမှာ လက်ဆောင်ပေးတဲ့ အကျင့်ပေါ်လာခဲ့တယ်။ လက်ဆောင်ကလည်း တော်ရုံတန်ရုံနဲ့ မဖြစ်ဘဲ အပြိုင်အဆိုင်လုပ်ကြတယ်။ မုန့်ပုံးထဲမှာ ရွှေချောင်းတွေ၊ ဒေါ်လာတွေထည့်ကြတယ်လို့ ကြားဖူးတယ်၊ ကြည်ညိုလို့၊ လေးစားလို့မဟုတ်ဘဲ တစ်ခုခုပြန်ရမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့လုပ်ကြတာဖြစ်တယ်။ ဒါကြောင့်လည်း ကိုယ့်တပည့်တွေကို အမြဲသတိပေးခဲ့တယ်။ ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ ချစ်စရာကောင်းလှတဲ့ အလေ့အထတစ်ခုက အာစရိယပူဇော်ပွဲ။ တခြား နိုင်ငံမှာဒါမျိုးမရှိဘူး။ ငယ်ငယ်တုန်းက အာစရိယပူဇော်ပွဲတွေက ရိုးရိုးပဲလက်ဆောင်အနေနဲ့ ပုဆိုးလောက်နဲ့ပြီးတာ။ အခုတော့ အာစရိယပူဇော်ပွဲတွေက တဖြည်းဖြည်းခမ်းနားလာကြတယ်။ စားသောက်ဆိုင်တွေ၊ ဟိုတယ်ကြီးတွေမှာ လုပ်လာကြတယ်။ အကျွေးအမွေးဆိုရင်လည်းမျိုးစုံ၊ အလှူပစ္စည်းတွေကလည်း များလိုက်တာ။ ကျွန်တော်ကတော့ ကန်တော့တဲ့တပည့်တွေကို အားနာတယ်။

အားလုံးကတတ်နိုင်ကြတာ မဟုတ်ဘူး။ မထည့်ပြန်ရင်လည်း ဆရာ ဆရာမတွေကို မလေးစားလို့ဆိုပြီး အပြောခံရမှာ။ ပြီးတော့ ကန်တော့ပွဲမှာ ထည့်ဝင်ရတဲ့ငွေကများပေမယ့် ကန်တော့ခံရတဲ့ ဆရာ ဆရာမတွေဆီ ရောက်တာက ခပ်နည်းနည်း၊ အခမ်းအနား၊ အကျွေးအမွေးတွေက အကုန်အကျများတာ။ လက်အုပ်ချီပြီး ကန်တော့တဲ့ ယဉ်ကျေးမှုပြန်ဖော်ထုတ်သင့်တယ်။ ဟိုတယ်တွေ အစား တက္ကသိုလ်ခန်းမရုံမှာ လုပ်သင့်တယ်။

အဂတိလိုက်စားမှုနဲ့ ပတ်သက်လာရင် လူ့အဖွဲ့အစည်းတစ်ခုမှာရှိတဲ့ အစိတ်အပိုင်းသုံးခုစလုံးက တာဝန်ယူဖို့ လိုအပ်တယ်။ အစိုးရပိုင်းအုပ်ချုပ်တဲ့သူတွေက ထိန်းသိမ်းဖို့ လိုအပ်သလို ပုဂ္ဂလိကကဏ္ဍကလည်း တိုက်ဖျက်ရမယ်။ အရပ်ဘက်လူ့အဖွဲ့အစည်းတွေမှာလည်း အဂတိလိုက်စားမှုမရှိအောင် ကြိုးစားရမယ်။ ဒါကြောင့် ကျွန်တော့်စာတမ်းမှာ အဂတိလိုက်စားမှုတိုက်ဖျက်တဲ့နေရာမှာ ကိုယ်ကျင့်သီလရှိဖို့ အထူးသဖြင့် ပုဂ္ဂလိကကဏ္ဍမှာရှိတဲ့ လုပ်ငန်းရှင်တွေကို ဦးတည်ပြီး တင်ပြခဲ့ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေမှာ ဦးတည်ချက်(၄)ရပ်ရှိဖို့ လိုအပ်ပါတယ်။ ပထမရည်ရွယ်ချက်က အမြတ်ရဖို့ဖြစ်တယ်။ စီးပွားရေးလုပ်တာဟာ ပရဟိတ အလုပ်မဟုတ်ဘူး။ အရှုံးခံပြီး စီးပွားရေးလုပ်တာ သဘာဝမကျဘူး။ အမြတ်မရှိတဲ့စီးပွားရေးဟာ ရေရှည်တည်တံ့နိုင်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် သတိပြုရမှာက စီးပွားရေးလုပ်တဲ့နေရာမှာ အမြတ်တစ်ခုတည်းအတွက် မဟုတ်ဘဲ လူတွေအတွက် ဖြစ်ရမယ်။ လူလို့ပြောရင် ပိုင်ရှင်တွေ၊ ဝန်ထမ်းတွေ၊ ဖောက်သည်တွေ လူ့အဖွဲ့အစည်းအကျိုးကိုကြည့်ဖို့ လိုအပ်တယ်။ တတိယရည်ရွယ်ချက်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်မှုဖြစ်တယ်။ ပတ်ဝန်းကျင်ကို မျက်ကွယ်ပြုခဲ့တာမို့ သစ်တောတွေ ပြုန်းတီးမှု၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုတွေ ဖြစ်ခဲ့ရတယ်။ နောက်ဆုံးကတော့ ကိုယ်ကျင့်သီလဖြစ်တယ်။ စီးပွားရေးလုပ်ရင် သိက္ခာရှိရှိလုပ်ရမယ်။ ကျင့်ဝတ်ထိန်းသိမ်းရမယ်။ စီးပွားရေးလုပ်ငန်းရှင်တွေမှာ စီးပွားရေးတာဝန်သာမက လူမှုရေးတာဝန်တွေရှိတယ်။ ဒါကိုကျေပွန်ရမှာဖြစ်တယ်။ ဒါကြောင့်လည်း ကျွန်တော်က လွန်ခဲ့တဲ့ ဆယ်နှစ်ကတည်းက တာဝန်ကျေပွန်တဲ့ စီးပွားရေးလုပ်ငန်းတွေ ပေါ်ထွန်းရေးကို ဦးတည်ပြီး လှုပ်ရှားခဲ့တာ။ မြန်မာနိုင်ငံမှာရှိတဲ့ စီးပွားရေး လုပ်ငန်းတွေကို (UN Global Compact) အဖွဲ့ဝင်ဖြစ်လာအောင် တိုက်တွန်းခဲ့တယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းက ဦးဆောင်ပြီး ပုဂ္ဂလိကလုပ်ငန်းတွေမှာ လူ့အခွင့်အရေး၊ ဝန်ထမ်းရေးရာ၊ ပတ်ဝန်းကျင်နဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်တွေကို အကောင်ထည်ဖော်ဖို့ တိုက်တွန်းခဲ့တာဖြစ်တယ်။ ဒါကြောင့်လည်း ၂၀၁၂ ခုနှစ်မှာ ကုမ္ပဏီ ၁၅ ခုပါဝင်လာခဲ့ပြီး အခုချိန်မှာတော့ ၃၀၀ ကျော်နေပြီ။ ကျွန်တော်ကတော့ ၁၀၀၀ လောက်ရအောင် ကြိုးစားချင်တာ။ အခုလို အဖွဲ့ဝင်အဖြစ် ပါဝင်တဲ့ ကုမ္ပဏီတွေဟာ မိမိတို့ရဲ့ဆောင်ရွက်မှုတွေကို တစ်နှစ်တစ်ကြိမ် သတင်းပို့ရတယ်။ အစီစဉ်ခံစာရေးတင်ရတယ်။ တစ်ကမ္ဘာလုံးက အသိအမှတ် ပြုခြင်းခံရတယ်။ မြန်မာပြည်မှာရှိတဲ့ ကုမ္ပဏီတွေမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပေါ်လစီတွေဖော်ထုတ်ပြီး အကောင်အထည်ဖော်သင့်တယ်။ မဟုတ်တာလုပ်ရင် တိုင်နိုင်မယ့် အစီအစဉ်တွေရှိရမယ်။ whistle blowing လို့ ပြောတဲ့ အဂတိလိုက်စားမှုကျူးလွန်နေတာတွေ့ရင် ဘောလုံးပွဲမှာ ဒိုင်လူကြီးက ခရာမှုတ်သလို လုပ်ငန်းတွေမှာလည်း အသိပေးသင့်တယ်။ သတိပေးတဲ့သူကိုလည်း ကာကွယ်ပေးရမှာ ဖြစ်တယ်။

အဂတိလိုက်စားမှုတိုက်ဖျက်ဖို့ လုပ်စရာ နှစ်ခုပဲရှိတယ်။ ဒါကတော့ "မပေးဘူး"၊ "မယူဘူး"။ ဒါပေမယ့် နှစ်ခုစလုံးက လက်တွေ့မှာ ခက်ခဲတယ်။ ပေးတဲ့အကျင့်ပါနေတာမို့ မပေးဘဲ မနေတတ်တော့သလို ပေးနေကြမို့ မပေးရင် မနေတတ်တာမျိုးဖြစ်နေတာ။ ကျွန်တော်ကတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားလှုပ်ရှားမှုတစ်ရပ်အနေနဲ့ ဖြစ်စေချင်တယ်။ လူတိုင်းဒီကိစ္စကို စိတ်ဝင်စားပြီး ပါဝင်ပတ်သက်ရမယ်။ ကိုယ်နဲ့မဆိုင်ဘူးလို့ ပြောလို့မဖြစ်ဘူး။ ကလေးလူငယ်တွေကစဖို့လိုမယ်။ ရှက်တတ်တဲ့စိတ်ကို မွေးရမယ်။ မတရားတဲ့နည်းနဲ့ အကျိုးအမြတ်ရတာကို အရေးယူရမယ်။ တရုတ်နိုင်ငံမှာ လူသိထင်ရှားတဲ့သူတွေကို သေဒဏ်ပေးခဲ့တယ်။ နမူနာပြောပြခဲ့တာ။ ကျွန်တော်တို့ဆီမှာလည်း ထင်သာမြင်သာအောင်တော့ လုပ်ရမှာ။ တစ်ချိန်က တိုင်မှ ကော်မရှင်ကအရေးယူတယ်လို့ သိရတယ်။ အခုချိန်မှာ မတိုင်ဘဲ အရေးယူသင့်တယ်။ တိုင်မှဆိုနောက်ကျတယ်။ ကြိုတင်ပြီး စုံစမ်းသင့်တယ်။ ဒါကတော့ ကျွန်တော့်ရဲ့ ဆန္ဒပါ။ လက်တွေ့မှာ ခက်မလားတော့ မသိဘူး။

အဂတိလိုက်စားမှုလုံးဝမရှိတဲ့ လူ့အဖွဲ့အစည်းမရှိပါဘူး။ ဒါကြောင့်လည်း ကျွန်တော်က ဂန္ဒီကြီးရဲ့ အဆိုအမိန့်ကို စာတမ်းမှာ မျှဝေခဲ့တယ်။ ကမ္ဘာကြီးဟာ လူသားတိုင်းရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မှာဖြစ်တယ်။ ဒါပေမယ့် လူတွေရဲ့လောဘကိုတော့ မဖြည့်ဆည်းပေးနိုင်ဘူးလို့ သတိပေးခဲ့တယ်။ လောဘရှိနေသရွေ့အဂတိကတော့ရှိနေမှာဖြစ်တယ်။ ဒါကြောင့် ကျွန်တော်က အဂတိနဲ့ ကတိဆိုတာကို ယှဉ်တွဲပြီး စဉ်းစားစေချင်တယ်။ ကတိတည်ကြပါ။ ကတိရှိကြပါ။ ဒါဆို အဂတိဆိုတာ မရှိတော့ပါဘူး။ ။

## ကြာအင်းဆိပ်ကြီးမြို့နယ်၌ ၂၄ နာရီမီးလင်းရေးဓာတ်အားပေးစက်ရုံဖွင့်ပွဲကျင်းပ

**ကြာအင်းဆိပ်ကြီး ဖေဖော်ဝါရီ ၄**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်၌ ၂၄ နာရီ မီးလင်းရေး ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်က ကြာအင်းရွှေဒိုးကျေးရွာအုပ်စု ကြာအင်းဆိပ်ကြီး မုဒုံကားလမ်းဘေး ရွှေလင်းကျေးရွာ၌ ကျင်းပသည်။





ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီးဦးစိုးလှိုင်၊ pro 81 International Co.,Ltd မှ မန်နေးဂျင်းဒါရိုက်တာ ဦးသက်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ စက်ရုံတစ်ခုလုံး၌ ဓာတ်အားလေးမဂ္ဂါဝပ်ဖြစ်ပြီး ယခုလက်ရှိတွင် အိမ်ခြေ ၁၅၀၀ အားပေးဝေနေပြီး ဖြစ်သည်။ ယင်းလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ကြိုးများ သွယ်တန်းတပ်ဆင်ရန်နှင့် ထရန်စဖော်မာများထားရှိရန် ကျန်ရှိနေသေးသောကျေးရွာများကို အချိန်မီတပ်ဆင်လုပ်ဆောင်နေလျက်ရှိပြီး အားလုံးပြီးဆုံးပါက အိမ်ခြေ ၂၀၀၀၀ ထိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကာ မြို့ပြနှင့်ကျေးရွာများပါ တစ်ပိုင်တစ်နိုင်အသေးစားစက်မှုအလုပ်ရုံများ၊ လူနေမှုအဆင့်အတန်းများနှင့် စက်မှုလက်မှုစီးပွားရေး အခြေအနေများ ယခင်ကထက် ပိုမိုအဆင်ပြေလာမည်ဖြစ်သည်။

ယင်းလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဖြန့်ဖြူးလျက်ရှိသောဓာတ်အားအသုံးပြုခမှာ တစ်ယူနစ်လျှင် ငွေကျပ် ၂၅၀ နှုန်းဖြင့် ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းဦး(ပြန်/ဆက်)**

## ဌာနပေါင်းစုံစုပေါင်း၍ ယာဉ်စည်းကမ်း အသိပညာပေး

**မလှိုင် ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းကို ဌာနပေါင်းစုံစုပေါင်း၍ ဇန်နဝါရီလနောက်ဆုံးပတ်က ပြုလုပ်ခဲ့သည်။

ယာဉ်စည်းကမ်းပညာပေးမှုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဌာန၊ ယာဉ်စည်းကမ်းကြီးကြပ်ရေးကော်မတီ၊ မီးသတ်ဦးစီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ ပူးပေါင်းပါဝင်၍ မလှိုင်မြို့မဘောလုံးကွင်းရှေ့ မိတ္ထီလာ- မလှိုင်- မြင်းခြံကားလမ်းပေါ်၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး စည်းကမ်းဖောက်ဖျက်သည့်ယာဉ်များကို အသိပညာပေးခြင်း၊ ပြစ်ဒဏ်ပေးခြင်း၊ တရားစွဲတင်ခြင်းများ ဆောင်ရွက်ခဲ့သည်။

မလှိုင်မြို့နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျဖြစ်စေရေးနှင့် ယာဉ်အမျိုးမျိုးအသုံးပြုမောင်းနှင်သူများအနေဖြင့် စည်းကမ်းလိုက်နာရေးအတွက် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းပါဝင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

## ရခိုင်ပြည်နယ်သတင်း

# ငါးခူရနှင့် တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်းများ အသင့်အနေအထားရှိနေသည့် အခြေအနေများ ကြည့်ရှုစစ်ဆေး

မောင်တော ဖေဖော်ဝါရီ ၄

**ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့တွင် ငါးခူရနှင့် တောင်ပြိုလက်ဝဲ ယာယီလက်ခံရေး စခန်းများ၌ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အတွက် အသင့်အနေအထားဖြစ်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားသည်။**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးများဖြစ်သည့် ဦးအောင်ကျော်ဇံ၊ ဦးကျော်လွင်နှင့် အဖွဲ့သည် ငါးခူရ ယာယီလက်ခံရေးစခန်းသို့ သွားရောက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ နေထိုင်စားသောက်မှု အခြေအနေများ၊ ရေနှင့် လျှပ်စစ်မီးရရှိစေမှု အခြေအနေများကို မေးမြန်း၍ အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့သည် မောင်တောခရိုင် ကြိမ်ချောင်းကျေးရွာအတွင်း မြေရှင်းလင်းနေမှုအခြေအနေနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဖိုးကံကောင်း ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောက်လုပ်နေသည့် ၁၅ တန် ဆန်စက်နှင့် ၁၂ တန် အခြောက်ခံစက် တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးများနှင့် အဖွဲ့သည် တောင်ပြိုလက်ဝဲယာယီလက်ခံရေးစခန်းသို့ ရောက်ရှိကြရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် တပ်ရင်းမှူးအဆင့် Flag Meeting ပြုလုပ်ရန် ယာယီဆောင် ဆောက်လုပ်ထားမှု အခြေအနေနှင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အသင့်အနေအထားရှိနေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နှစ်နိုင်ငံ ချစ်ကြည်ရေးတံတားသို့ သွားရောက် ကြည့်ရှုကြသည်။ **(ယာပုံ)**

ယင်းနောက် အဆိုပါစခန်းအတွင်း တာဝန်ထမ်းဆောင်နေကြသည့်ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရေနှင့် လျှပ်စစ်မီးရရှိမှု အခြေအနေ၊ နေထိုင်စားသောက်နေမှု အခြေအနေများကို မေးမြန်းကာ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**အောင်ရဲသွင်၊ ကိုမင်း**
**ဓာတ်ပုံ-အောင်မင်း**



# လဲချားမြို့နယ်၌ အားကစားအသိပညာပေး



**လဲချား ဖေဖော်ဝါရီ ၄**


ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပသော အားကစားသိပ္ပံများဆိုင်ရာ ဟောပြောပို့ချမှုနှင့် အားကစားအကြောင်း သိကောင်းစရာ ရှင်းလင်းဆွေးနွေးပွဲကို ဇန်နဝါရီလနောက်ဆုံးပတ်က သီရိဟံသာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလရော်က အမှာစကားပြောကြားပြီး မြို့နယ်အားကစားအရာရှိ ဦးထိန်လင်းက အားကစားအကြောင်း သိကောင်းစရာများ၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နှင်းစန္ဒာဦးနှင့် လေ့ကျင့်ရေးမှူး ဒေါ်ကျော့ကေခိုင်ထွန်းတို့က အားကစားသိပ္ပံဆိုင်ရာများ ဟောပြောပို့ချခဲ့သည်။

ဆက်လက်ပြီး အား/ကာသိပ္ပံ ကျောင်းမှ ကျောင်းသားများက တိုက်ကွမ်ဒို၊ လက်ဝှေ့၊ ကရာတေးတို့ဖြင့် သရုပ်ပြဖျော်ဖြေပေးခဲ့သည်။ (ဝဲပုံ) အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၈၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မျိုးဇေယျာ(ရွှေပေါက်ကံ)**

# အင်အား ၄ ဒသမ ၀ အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်




**နေပြည်တော် ဖေဖော်ဝါရီ ၄**

ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီ ၁၂ မိနစ် ၀၅ စက္ကန့်က အင်အားရစ်ချ်တာစကေး ၄ ဒသမ ၀ အဆင့်ရှိ ငလျင်ငယ်တစ်ခု လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အဆိုပါ မြေငလျင်သည် ကမ္ဘာ့အေးမြေငလျင်စခန်းမှ တောင်-အနောက်တောင်ဘက် ၃၂ မိုင်ခန့်အကွာ၊ မြန်မာနိုင်ငံ ပြည်တွင်း ဒေးဒရဲမြို့၏ အရှေ့ဘက် ၁၂ မိုင်ခန့်အကွာ၊ မြောက်လတ္တီတွဒ် ၁၆ ဒသမ ၄၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၆ ဒီဂရီ၊ မြေအောက်အနက် ၁၀ ကီလိုမီတာခန့်ကို ဗဟိုပြု၍ လှုပ်သွားခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းထွာရရှိချက်အရ သိရသည်။

ယမန်နေ့ကလည်း မြန်မာနိုင်ငံ ပြည်တွင်း ကျိုင်းတုံမြေငလျင်စခန်းမှ တောင်-အနောက်တောင်ဘက် ၄၅ မိုင်ခန့်အကွာ၊ တာချီလိတ်မြို့၏ အနောက်မြောက်ဘက် ၂၈ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

**တင်မောင်လွင်**

# မြန်မာကြက်တောင်အားကစားအဖွဲ့ သောမတ်စ်ဖလား ယှဉ်ပြိုင်ရန်ထွက်ခွာ

**ရန်ကုန် ဖေဖော်ဝါရီ ၄**

မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်သည် ကြက်တောင်အားကစားနည်း ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းလျက်ရှိပြီး မြန်မာနိုင်ငံကြက်တောင် အဖွဲ့ချုပ်အနေဖြင့် လက်ရှိကစားသမား အမျိုးသား ၁၄ ဦး၊အမျိုးသမီး ကိုးဦး ၊အုပ်ချုပ်နည်းပြအဖွဲ့ ငါးဦး စုစုပေါင်း ၂၈ ဦးအား စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိသည်။ ၂၀၁၈ ခုနှစ်အတွင်း အာရှလူငယ်အသက် ၁၇ နှစ်နှင့် ၁၅ နှစ်အောက် တံခွန်စိုက်ပြိုင်ပွဲနှင့် အာဆီယံတက္ကသိုလ်များ ကြက်တောင်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာသက်တမ်းလိုက်ပြိုင်ပွဲများ၊ တံခွန်စိုက်ပြိုင်ပွဲများ၊ ဖိတ်ခေါ်ပြိုင်ပွဲများနှင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်ပြိုင်ပွဲများကို ၂၀၁၇ ခုနှစ်အတွင်း ကိုးကြိမ်တိတိ သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး စုစုပေါင်း ရွှေတံဆိပ် လေးခု၊ ကြေးတံဆိပ် တစ်ခု ဆွတ်ခူးရရှိခဲ့သည်။ ဇန်နဝါရီလက ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သော CU Open ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၅ ရက်မှ ၈ ရက်အထိ အီရန်နိုင်ငံတွင် ကျင်းပမည့် International Challenge ၂၀၁၈ ပြိုင်ပွဲသို့ အမျိုးသမီးကစားသမား မသက်ထားသူဇာ ဝင်ရောက်ယှဉ်ပြိုင်ရန် ထွက်ခွာသွားပြီးဖြစ်သည်။ ဖေဖော်ဝါရီ ၆ ရက်မှ ၁၁ ရက်အထိ မလေးရှားနိုင်ငံ Aloe Setar မြို့တွင်



ကျင်းပမည့် သောမတ်စ်ဖလား ကမ္ဘာ့အဆင့် သတ်မှတ်ချက်အသင်းလိုက် ကြက်တောင်ပြိုင်ပွဲသို့ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ပိုင်ဦးဆောင်သော အလုပ်အမှုဆောင်များနှင့် အမျိုးသားအသင်းကစားသမားများ စုစုပေါင်းအဖွဲ့ဝင် ၁၅ ဦး ပါဝင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၄ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သိရသည်။ **ခင်ဆိုင်**

# တာချီလိတ်နှင့် မိုင်းဆတ်မြို့အကြား ဗဟိုပြုပြီး ငလျင်လှုပ်


**တာချီလိတ် ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ဒေသတွင် ဖေဖော်ဝါရီ ၃ ရက်မှ ၄ ရက်အထိ နှစ်ရက်တာအတွင်း မြေငလျင်ခြောက်ကြိမ် လှုပ်ခတ်ခဲ့သည်။ တာချီလိတ်မြို့နှင့် မိုင်းဆတ်မြို့အကြားတွင် ဗဟိုပြုပြီး ဖေဖော်ဝါရီ ၃ ရက် ည ၉ နာရီ ၅၉ မိနစ် ၁၁ စက္ကန့်ခန့်က ၅ ဒသမ ၁ အင်အားရှိ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ၁၀ နာရီ ၁ မိနစ် ၅၀ စက္ကန့်တွင် ၃ ဒသမ ၇၊ ၁၀ နာရီ ၁၃ မိနစ် ၃၉ စက္ကန့်တွင် ၃ ဒသမ ၃ ရစ်ချ်တာစကေးရှိ ငလျင်ငယ်နှစ်ခု ထပ်မံလှုပ်ခတ်ခဲ့သည်။

ဖေဖော်ဝါရီ ၄ ရက်အကူး ညသန်းခေါင်ယံ ၀၀ နာရီ ၄၄ မိနစ် ၉ စက္ကန့်တွင် ၄ ဒသမ ၀၊ ၄ နာရီ ၁၅ မိနစ် ၃၂ စက္ကန့်တွင် ၂ ဒသမ ၂၊ ၄ နာရီ ၂၂ မိနစ် ၃၇ စက္ကန့်တွင် ၂ ဒသမ ၃ ရစ်ချ်တာစကေးရှိ မြေငလျင်များ ထပ်မံလှုပ်ခတ်ခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၂၀ အထိ မြေငလျင်ခြောက်ကြိမ် လှုပ်ခတ်ခဲ့သည်။ (အဆိုပါ ငလျင်လှုပ်ခတ်မှုဖြစ်စဉ်များကို ထိုင်းနိုင်ငံ ငလျင်တိုင်းတာရေးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။)

၂၀၁၁ ခုနှစ် မတ် ၂၄ ရက်က အင်အား ၇ ဒသမ ၁ ရစ်ချ်တာစကေးရှိ နာမည်ကျော် တာလေငလျင်ကြီးလှုပ်ခတ်ခဲ့ရာတွင် ပြည်သူ ၇၆ ဦး သေဆုံးခဲ့ပြီး နေအိမ်အဆောက်အအုံများ အများအပြားပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် ဒေသခံပြည်သူများမှာ စိုးရိမ်မှုများရှိနေကြကြောင်း သိရသည်။

**မောင်ယဉ်ကျေး**



# လှိုင်သာယာ မီးဘေးသင့်ပြည်သူများအား မြဝတီမြို့မှ အလှူရှင်များ လာရောက်ထောက်ပံ့

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ဥက္ကံသောင်ကြား ကျေးရွာ သောင်ကြားဘုန်းကြီးကျောင်းရောက် ကျူးကျော်တဲနေ မီးဘေးသင့်ပြည်သူ ၃၀၅ ဦးအတွက် ဖေဖော်ဝါရီ ၃ ရက်က ကရင်ပြည်နယ် မြဝတီမြို့မှ စေတနာရှင်အလှူရှင်များ စုပေါင်းကာ အခြေခံစားသောက်ကုန်များအား ကိုယ်တိုင်ကိုယ်ကျ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။




"ကျွန်တော်တို့အဖွဲ့က ကရင်ပြည်နယ် မြဝတီမြို့က လာတာပါ၊ ရန်ကုန်မြို့ လှိုင်သာယာ ကျူးကျော်ရပ်ကွက် မီးလောင်သွားတယ်လို့ ဖေ့စ်ဘုတ်၊ အွန်လိုင်းတွေက တွေ့မြင်နေရတော့ စိတ်မကောင်းဘူးပေါ့ဗျာ၊ ကိုယ်ချင်းစာမိတယ်၊ ဒါကြောင့် ဒီအထိလာပြီး ထောက်ပံ့လှူဒါန်းဖြစ်တာပါ" ဟု မြဝတီမြို့နေ ဦးအောင်ဝင်းလှိုင်(ခ)ကိုအညာသား က ပြောသည်။

**ထောက်ပံ့ပေးအပ်**

ယင်းနေ့ထောက်ပံ့ပွဲတွင် ကရင်ပြည်နယ် မြဝတီမြို့ရှိ မင်းပြည့်ချမ်းသာကုမ္ပဏီ(မိသားစု)က မတည်ပြီး မြဝတီခရိုင်၊ မြို့နယ်မှ ဌာနဆိုင်ရာများ၊ မြဝတီမြို့မှ စေတနာရှင်၊ အလှူရှင်များ စုပေါင်းကာ မီးဘေးသင့်ပြည်သူများအား အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်အိတ်၊ ဆီလေးလီတာ၊ အချိုမှုန့်ပေါင်ထုပ်တစ်ထုပ်စီဖြင့် အိမ်ထောင်စု ၇၁ စု သို့ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

"ကျွန်တော့် အိမ်လည်းမီးထဲပါသွားပါတယ်၊ ဒါပေမယ့် သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တွေက သောင်ကြားဘုန်းကြီးကျောင်းမှာ ကယ်ဆယ်ရေးစခန်းဖွင့်ပြီး နေရာချထားပေးတယ်၊ စားဝတ်နေရေးနဲ့ ကျောင်းနေကလေးတွေကိုလည်း ကျောင်းကြိုပို့ ကိစ္စတွေကအစ စီစဉ်လုပ်ပေးထားတော့ ဝမ်းသာမိရပါတယ်၊ အခုလို စေတနာရှင်အလှူရှင်တွေရဲ့ ထောက်ပံ့မှုကိုလည်း ကျေးဇူးတင်ပါတယ်" ဟု မီးဘေးသင့်ပြည်သူ ကိုထွန်းထွန်းက ပြောသည်။

**မီးဘေးသင့်**

ထိုမီးဘေးသင့် အိမ်ထောင်စုများအား လှိုင်သာယာမြို့နယ် ၁၉ ရပ်ကွက်ရှိ ဆေးရုံတည်ဆောက်ရန် လျာထားသည့်နေရာတွင် နေရာချထားပေးရန် စီစဉ်နေကြောင်း သိရသည်။ ဇန်နဝါရီ ၂၃ ရက်က လှိုင်သာယာမြို့နယ် အမှတ် ၆ ရပ်ကွက် စက်မှုဇုန်(၄) ရန်ကုန်-ပုသိမ် လမ်းမကြီးဘေးရှိ ကျူးကျော်နေအိမ်များအား လောင်ကျွမ်းခဲ့ပြီး အိမ်ခြေအလုံး ၅၀ ကျော် မီးလောင်ဆုံးရှုံးခဲ့ပြီး ယင်းမီးလောင်မှုကြောင့် အိမ်ထောင်စု ၇၁ စုမှ လူဦးရေ ၃၀၅ ဦး မီးဘေးသင့်ခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ရှားပါးလာသည့် မြစ်တွေးငှက်မျိုးစိတ်များ သားပေါက်ရာသီဖြစ်၍ အသိုက်များ မပျက်စီးစေရန် ထိန်းသိမ်းစောင့်ရှောက်သင့်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတွင်လည်း ရှားပါးလာသည့် River Tern (မြစ်တွေး) ငှက်မျိုးစိတ်များ သားပေါက်ရာသီဖြစ်၍ အသိုက်များ မပျက်စီးစေရန် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။ ယခုနှစ်တွင် မြစ်တွေးငှက်များ သားပေါက် ရာသီ စတင်နေပြီး အသိုက် ၁၁ သိုက်ကို တွေ့ရှိထိန်းသိမ်းစောင့်ရှောက်ထားကာ ထပ်မံ၍ စာရင်းကောက်ယူနေဆဲဖြစ်ကြောင်း သိရသည်။

**ထိန်းသိမ်းစောင့်ရှောက်နေ**

မြန်မာနိုင်ငံတွင် မြစ်တွေးငှက်မျိုးစိတ်များသည် ၂၀၁၇ ခုနှစ် သုတေသနပြုလုပ်ချက်များအရ ၎င်းတို့ အဓိကကျက်စားသော ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ် နှစ်မြစ်အတွင်း အနည်းဆုံးအကောင်ရေ ၁၀၀ ကျော်သာ ကျန်ရှိတော့သည့် River Tern (ဒေသအခေါ် စင်ရော်ငှက်) ကို ချင်းတွင်းမြစ်အထက်ပိုင်းတွင် သစ်တောဦးစီးဌာန သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်) နှင့် ဒေသခံများ ပူးပေါင်း၍ သားပေါက်ရာသီတွင် အသိုက်များ မပျက်စီးအောင် မှတ်တမ်းတင်၊ ထိန်းသိမ်းစောင့်ရှောက်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါငှက်များသည် ချင်းတွင်းမြစ်တွင် အဓိကပျံ့နှံ့ကျက်စားပြီး အထူးသဖြင့် ခန္တီးနှင့် ဟုမ္မလင်းအကြားတွင် အကောင်ရေအများဆုံး နေထိုင်ကျက်စားလျက်ရှိကာ ၂၀၁၇ ခုနှစ် သုတေသနပြုလုပ်ချက်အရ ယင်းငှက်သိုက် ၄၁ သိုက်ကို တွေ့ရှိ ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ပြီး သားပေါက်ရာသီအပြီးတွင် မျိုးပွားမှု ၄၀ ရာခိုင်နှုန်းခန့် အောင်မြင်ခဲ့ကြောင်း သိရသည်။ ခန္တီးနှင့် ဟုမ္မလင်းအကြားဒေသသည် ယင်းငှက်များ၏ မိတ်လိုက်မျိုးပွားရာဒေသနှင့် သားပေါက်၊ အသိုက်ဆောက်ရာ အကောင်းဆုံးနေရင်း ဒေသများလည်းဖြစ်ကြောင်း WCS မှ သိရသည်။

**ပူးပေါင်းဆောင်ရွက်**

အဆိုပါဒေသတွင် သစ်တောဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)တို့ ပူးပေါင်းအဖွဲ့သည် ၂၀၁၇ ခုနှစ်မှစ၍ အသိုက်ဆောက်လုပ်သော ရာသီတွင် အသိုက်များ မပျက်စီးစေရန်၊ ဥများ မပျက်စီးစေရန်၊ အကောင်ပေါက်များ မသေစေရန်၊






လူနှင့် တိရစ္ဆာန်အနှောင့်အယှက်ဘေး မခံရစေရန်နှင့် အဓိက အကောင်အရေအတွက် တိုးပွားလာစေရန် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

ယခုနှစ်တွင် မြစ်တွေးငှက်တို့၏ သားပေါက်ချိန်ရာသီ ရောက်လာပြီဖြစ်၍ အရေးပါသော သဲသောင်ခုံများ၊ ကျွန်းများ၌ သတိပေးတားမြစ်ချက်များ၊ မေတ္တာရပ်ခံချက် ဆိုင်းဘုတ်များကို စိုက်ထူထားပြီး ဒေသခံများနှင့် ပူးပေါင်းစောင့်ကြပ်၍ ထိန်းသိမ်းစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)မှ သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-WCS**

# ရန်ကုန်မြစ်တွင်းသွား စက်တပ်သမ္ဗန်များ ဆီးနှင်းကျနေချိန် မထွက်ရန်အသိပေးရှင်းလင်း



**ရန်ကုန် ဖေဖော်ဝါရီ ၄**

ရန်ကုန်မြစ်အတွင်း စက်တပ်သမ္ဗန်များစွာဖြင့် ခရီးသွား ပြည်သူများစွာတို့အား နေ့စဉ်ပို့ဆောင်ပေးလျက်ရှိသော စက်တပ်သမ္ဗန်ဆိပ် (သမ္ဗန်ဂိတ်များ) အားလုံး ဆောင်းရာသီ ဆီးနှင်းများ ထူထပ်စွာ ကျဆင်းနေချိန် မြင်ကွင်းကောင်းမွန်မှုမရှိပါက ရေယာဉ်များ မောင်းနှင်ထွက်ခွာခြင်း မပြုလုပ်ကြရန် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်တပ်သမ္ဗန်ကူးတို့ဆိပ်များအား မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ အသိပေးအကြောင်းကြားထားကြောင်း သိရသည်။

ဆောင်းရာသီသို့ ရောက်ရှိလာပြီဖြစ်ရာ ရန်ကုန်မြစ်အတွင်း ဆီးနှင်းများ ကျဆင်းနေချိန် မြစ်အတွင်း၌ မြင်ကွင်း ရှင်းလင်းကောင်းမွန်မှု မရှိပါက ရေယာဉ်များ(အထူးသဖြင့် စက်ရှိ၊ စက်မဲ့၊ သမ္ဗန်များ) မောင်းနှင် ထွက်ခွာခြင်း မပြုကြပါရန်၊ ရာသီဥတုကောင်းမွန်ချိန်မှသာ ပုံမှန်မောင်းနှင်ထွက်ခွာမှု ပြုလုပ်ကြရန်၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသော စည်းမျဉ်းများ၊ စည်းကမ်းဥပဒေများ၊ ပုဂ္ဂလိက ရေယာဉ်ကြီးကြပ်မှု ကော်မတီများ၊ သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့မှ ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်၊ အသက်ကယ်ဖော၊ အသက်ကယ် အင်္ကျီနှင့် အချက်ပြမီးတို့ကို စနစ်တကျထားရှိသုံးစွဲကြရန် အသိပေးထားကြောင်း သိရသည်။

ဒလမြို့နယ် အတွင်းရှိ သမဝါယမ ကူးတို့ဆိပ်များနှင့် ပုဂ္ဂလိကပိုင်ကူးတို့ဆိပ်များရှိ ရေယာဉ်ဥက္ကဋ္ဌများအား ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲပိုင်းက ဗိုလ်ရန်ပြေရပ်ကွက် ရေကန်ကူးတို့ဆိပ် ရေယာဉ်ကြီးကြပ်ရေးအဖွဲ့ရုံးခန်း၌ လစဉ်ပုံမှန်အစည်းအဝေးပွဲတွင် ရေကြောင်းသတိပေးချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းပြုလုပ်ခဲ့ရာ ဒလမြို့နယ် စက်တပ်ရေယာဉ် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ငြိမ်းက ဒလမြို့နယ်အတွင်းရှိ ကူးတို့ဆိပ်များအားလုံး ဆီးနှင်းများ ကျဆင်းနေချိန်အတွင်း ရေယာဉ်များ ခရီးသည်တင်ဆောင်၍ ထွက်ခွာခွင့်မပြုကြစေရေး၊ သတ်မှတ်ထားသော လူဦးရေထက် မတင်ကြစေရေး၊ အသက်ကယ်အင်္ကျီများအား သတ်မှတ်လူဦးရေနှင့်အညီထားရှိစေရေး၊ အချက်ပြမီး တပ်ဆင်ထားရှိစေရေး၊ ခရီးသည်များအနေဖြင့် မိမိအသက်လုံခြုံမှုရှိစေရေးအတွက် အသက်ကယ်အင်္ကျီများ ဝတ်ဆင်ထားကြစေလိုကြောင်း၊ ခရီးသွားမိဘပြည်သူများအား လမ်းခရီး အဆင်ပြေချောမွေ့စေရေး၊ ယဉ်ကျေးပျူငှာစွာ ဆက်ဆံပေးစေလိုကြောင်းနှင့် ရေယာဉ်မောင်းနေစဉ် အရက်သေစာများ သောက်စားခြင်း မပြုလုပ်စေလိုကြောင်း တက်ရောက်လာကြသည့် ရေယာဉ်ဥက္ကဋ္ဌများအား ထပ်ဆင့်ရှင်းလင်း အသိပေးပြောကြားခဲ့သည်။

ဒလမြို့နယ်အတွင်း၌ သမဝါယမအသင်းပိုင် ကူးတို့ဆိပ်ငါးဆိပ်၌ စက်တပ်သမ္ဗန်ပေါင်း ၁၆၇ စင်းနှင့် ပုဂ္ဂလိကပိုင် ကူးတို့ဆိပ် ခြောက်ဆိပ်၌ စက်တပ်သမ္ဗန်ပေါင်း ၃၁၁ စင်း စုစုပေါင်း ၄၇၈ စင်းရှိပြီး ကူးတို့ဆိပ်ပေါင်း ၁၁ ဆိပ်တို့ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-နိုင်လင်းကျော်(ဒလ)**

# ပင်လယ်ရေထဲမှ ဆယ်ယူလာသောဆောင်းခိုငှက်ကြီးအား ကျန်းမာရေးကောင်းမွန်၍ ပြန်လည်လွှတ်ပေးခဲ့

**ဟိုင်းကြီးကျွန်း ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ကံချိုင်ကျေးရွာအုပ်စု ကျားတန်း(၂)ရပ်ကွက်၌ ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲပိုင်းက ပင်လယ်ရေထဲသို့ ပြုတ်ကျနေသော ဆောင်းခိုငှက်ကြီး တစ်ကောင်ကို ရေလုပ်သားနှစ်ဦးက ဖမ်းဆီးလာကာ ခေတ္တထိန်းသိမ်းထားရှိရာ ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက ကျန်းမာရေးကောင်းမွန်လာသဖြင့် ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

ကံချိုင်ကျေးရွာအုပ်စု ကျားတန်း(၂)ရပ်ကွက်တွင် နေထိုင်သော ကိုဇော်ဇော်နှင့် ကိုစံလင်းထွန်းတို့နှစ်ဦးသည် ပင်လယ်ပြင်သို့ ငါးဖမ်းထွက်သွားပြီး ပြန်လာရာ မော်တင်စွန်းအငူနှင့် လိပ်ကျွန်း(သမီးလှကျွန်း)အကြားတွင် ငှက်ကြီးတစ်ကောင် ဝဲပျံနေသည်ကို တွေ့ရကြောင်း၊ ငှက်ကြီးမှာ ပင်လယ်ရေပြင်ပေါ်သို့ ပြုတ်ကျလာကာ တောင်ပံများ ရေစိုနေ၍ မပျံသန်းနိုင်တော့သဖြင့် ဖမ်းခေါ်လာခဲ့ကြောင်း၊ ယင်းငှက်ကြီးကို ကျားတန်း(၂) ရပ်ကွက်ရှိ ဦးဝင်းနောင်၏ခြံထဲတွင် ခေတ္တထိန်းသိမ်းထားကြောင်း သိရသည်။

အဆိုပါ ငှက်ကြီးမှာ ဟိုင်းကြီးကျွန်းဒေသတွင် ကျင်လည်ကျက်စားသော ငှက်မျိုးစိတ် မဟုတ်ကြောင်း၊ ဆောင်းရာသီတွင် ပြောင်းရွှေ့သွားလာတတ်သည့် ဆောင်းခိုငှက်တစ်မျိုးဖြစ်ပြီး ဒေသခံအများစုက လင်းတငှက်ဟုခေါ်ကြကြောင်း၊ အဆိုပါဆောင်းခိုငှက်အမျိုးအစားကို လည်ရှည်အနီရောင်နှင့် လည်ရှည် အဖြူရောင်မျိုးစိတ် နှစ်မျိုးရှိကြောင်း၊ ယခုတွေ့ရသော ငှက်ကြီးမှာ လည်ရှည်အဖြူရောင်မျိုးစိတ် ဆောင်းခိုငှက်ကြီးမျိုးဖြစ်ကြောင်း ဒေသခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ဟိုင်းကြီးကျွန်းမြို့ သစ်တောဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းကြည့်ရာတွင် ယင်းငှက်ကြီးအမျိုးအစားကို မသိရှိကြောင်း၊ ၎င်းငှက်ကြီးမှာ ကျန်းမာရေးကောင်းမွန်လာသည့်အတွက် ကျားတန်း(၂)အနီး ပင်လယ်ကမ်းစပ်တွင် ပြန်လည်လွှတ်ပေးခဲ့ရာ ငှက်ကြီးမှာ ကောင်းမွန်စွာ ပျံသန်းသွားသည်ကို တွေ့ရသည်။ **(အောက်ပုံ)**

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



## ဂန့်ဂေါမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ ပထမအကြိမ် အောင်လက်မှတ်ပေးအပ်

**ဂန့်ဂေါ ဖေဖော်ဝါရီ ၄**

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ဂန့်ဂေါမြို့အစိုးရစက်မှုလက်မှုသိပ္ပံ၏ ပထမအကြိမ် AGTI ဒီပလိုမာ အောင်လက်မှတ်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက်က အဆိုပါကျောင်း အောင်လက်မှတ်ပေးအပ်ပွဲခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်သန့်က ဂုဏ်ပြုမိန့်ခွန်း ပြောကြားသည်။

ထို့နောက် AGTI ဒီပလိုမာ မြို့ပြအင်ဂျင်နီယာ ရှစ်ဦး၊ အီလက်ထရွန်နစ်အင်ဂျင်နီယာ ၁၄ ဦး၊ လျှပ်စစ်အင်ဂျင်နီယာ ၁၃ ဦး၊ စက်မှုအင်ဂျင်နီယာ ခုနစ်ဦးတို့ကို အောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# လှိုင်သာယာ ရွှေလင်ပန်းစက်မှုဇုန်ရှိ စက္ကူပုံးစက်ရုံ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဖေဖော်ဝါရီ ၄**

လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် မင်းကြီးမဟာမင်းခေါင်လမ်း၊ အမှတ်(၁၇၂) ဂရမ်းဟားဗစ်စက္ကူပုံးစက်ရုံတွင် ဖေဖော်ဝါရီ ၄ ရက် ညနေ ၄ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ည ၇ နာရီခွဲအထိ စက်ရုံအတွင်းလောင်ကျွမ်းနေသောမီးကို ဆက်လက် ငြိမ်းသတ်လျက်ရှိကြောင်း ကနဦးသတင်းအရ သိရသည်။

စက်ရုံပိတ်ရက်ဖြစ်၍ လုံခြုံရေးဝန်ထမ်းလေးဦးသာရှိသော အဆိုပါစက်ရုံတွင် ယာဉ်များလည်း မီးလောင်ပျက်စီးဆုံးရှုံးကြောင်း သိရသည်။

မီးလောင်ရာသို့ မီးသတ်ယာဉ် ၅၇ စီး၊ အုပ်ချုပ်မှုယာဉ်ခြောက်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင် ၄၅၇ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၅၀ တို့ဖြင့် ငြိမ်းသတ်ခဲ့ရာ ည ၉ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။ မီးလောင်မှုအကြောင်းအရင်းနှင့် ဆုံးရှုံးမှုတန်ဖိုးကို ခန့်မှန်းတွက်ချက်၍ မရသေးကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားနေစဉ် ရွှေလင်ပန်းမီးသတ်ရေကန်လမ်း ကျုးကျော်တဲတွင် နေထိုင်သော မောင်ထွန်းဝင်း (၂၀နှစ်) မှာ ကုက္ကိုပင်ပေါ်တက်၍ မီးလောင်မှုကို ကြည့်ရှုစဉ် ဓာတ်ကြိုးကိုကိုင်မိ၍ ဓာတ်လိုက်ပြုတ်ကျခဲ့ပြီး လှိုင်သာယာ ပြည်သူ့ဆေးရုံမှ ရန်ကုန်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသခဲ့ရကြောင်း သိရသည်။

အဆိုပါစက္ကူပုံးစက်ရုံတွင် အလုပ်သမား ၃၀၀ ခန့်ရှိပြီး စက်ရုံပိတ်ရက်ဖြစ်၍ ထိခိုက်ဒဏ်ရာရမှု မရှိသော်လည်း မော်တော်ယာဉ် ၁၂ စီးခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**



ဓာတ်ပုံ - သစ္စာ

# ရာထူး အာဏာနှင့် လုပ်ပိုင်ခွင့်ကိုအသုံးပြုပြီး အဂတိလိုက်စားမှုကျူးလွန်ခဲ့သူအား အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ဦးသိန်းဇော်ဦးသည် ဓာတ်သတ္တုခွန်များ ကောက်ခံ၍ အစိုးရအဖွဲ့သို့ ငွေကြေးအပြည့်အဝ မပေးသွင်းဘဲ ကိုယ်ကျိုးအတွက်သုံးစွဲခြင်း၊ လင်းလက်နေကြွယ်ဆောက်လုပ်ရေးကုမ္ပဏီ၏ မီးသတ်ရေကန်အလှူငွေအား ကိုယ်ကျိုးအတွက်သုံးစွဲခြင်း၊ မြို့မြေကွက် ၂၀ အား ရောင်းချပြီး ငွေကြေးရယူခဲ့ခြင်းတို့အား အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး (ယခု ကရင်ပြည်နယ် ဖာပွန်ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး)သည် ဓာတ်သတ္တုခွန်ငွေကျပ်၃၃၃၄၅၅၀၀ ကို ကိုယ်ကျိုးအတွက် တောင်းခံရယူခြင်းနှင့် ၎င်း၏သဘောဆန္ဒအလျောက် စန္ဒကူးရပ်ကွက်ရှိ မြေကွက် ၂၀ ကွက်ကို ဦးကျော်ဆန်းဝင်း(ခ) အောင်ဘုပါ ၁၀ ဦးအားချထားပေးခဲ့ခြင်းတို့သည် ခရိုင်အုပ်ချုပ်ရေးမှူး၏ ရာထူးအာဏာနှင့် လုပ်ပိုင်ခွင့်ကို အသုံးပြုပြီး အဂတိလိုက်စားမှုကျူးလွန်ခဲ့ခြင်း ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၆ အရ တရားစွဲဆိုနိုင်ရန်အတွက် ယနေ့တွင် တမူးမြို့နယ်ရဲစခန်း၌ အမှုဖွင့်လှစ်တိုင်ကြားခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တွင် တရားစွဲဆိုနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# ဒလမြို့နယ်၌ နေအိမ်ခြောက်လုံး မီးလောင်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကျန်စစ်သားရပ်ကွက် ရာဇသင်္ကြန်လမ်း၌ ဖေဖော်ဝါရီ ၄ ရက် ည ၁၂ နာရီက နေအိမ်ခြောက်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျန်စစ်သားရပ်ကွက် ရာဇသင်္ကြန်လမ်းနေ အိမ်ရှင် ဒေါ်ခင်ဌေးနွယ်၏ နေအိမ်မီးဖိုရှိ မီးကြွင်းမီးကျန်မှတစ်ဆင့် စတင်လောင်ခဲ့ခြင်းဖြစ်ပြီး ဘေးချင်းကပ်နေအိမ်များဖြစ်သော ဦးသိန်းထွန်း၊ ဦးကျော်သန်းဦး၊ ဦးစိုးမြင့်၊ ဦးငြိမ်အောင်နှင့် ဦးသိန်းဇော်တို့၏ နေအိမ်ခြောက်လုံး မီးကူးစက်လောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူးနှင့် သန္ဓေမီးသတ် ၅၄ ဦး၊ အရန်မီးသတ် ၅၀ တို့က မီးသတ်ယာဉ်နှစ်စီး၊ အုပ်ချုပ်ရေးယာဉ်ငါးစီး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၁၂ နာရီခွဲခန့်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ ဒလမြို့မရဲစခန်းမှ မီးပေါ့ဆစွာ သုံးစွဲသူ ဒေါ်ခင်ဌေးနွယ်အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# ကာမိုင်းမြို့နှင့် ကာမိုင်း-လဝါးလမ်းဆုံအကြားရှိ တံတားအနီး မိုင်းတစ်လုံးတွေ့ရှိ

**ကာမိုင်း ဖေဖော်ဝါရီ ၄**

ကာမိုင်းမြို့နှင့် ကာမိုင်း-လဝါးလမ်းဆုံကြား တံတားအနီး လက်လုပ်မိုင်းတစ်လုံး တွေ့ရှိခဲ့ကြောင်း သိရသည်။

ကာမိုင်းမြို့နှင့် ကာမိုင်း- လဝါးလမ်းဆုံကြားတံတားအနီးတွင် ဖေဖော်ဝါရီ ၄ ရက် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်က ကေအိုင်အေမှ မိုင်းထောင်ထားသော အလျား ၈ လက်မ၊ အနံ ၄ လက်မခန့်ရှိ လက်လုပ်မိုင်းတစ်လုံး တွေ့ရှိခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

အဆိုပါ လက်လုပ်မိုင်းအား အများပြည်သူအန္တရာယ်ကင်းရှင်းစေရေးအတွက် နယ်မြေခံတပ်မတော်မှ ညနေ ၅နာရီ မိနစ် ၅၀ ခန့်တွင် နယ်မြေရှင်းလင်းခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး**



# ရေနံချောင်းမြို့နယ်၌ တောမီးလောင်ကျွမ်း

**ရေနံချောင်း ဖေဖော်ဝါရီ ၄**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် ဖေဖော်ဝါရီ ၄ရက် နံနက် ၁၁ နာရီ ၄၅မိနစ်က တွင်းကုန်းရပ်ကွက်၊ ကျောက်မဆင်ရွာအနီးတွင် တောမီးလောင်ကျွမ်းခဲ့သည်။

သတင်းအရ မြို့နယ်မီးသတ်စခန်းမှ လက်ထောက် မီးသတ်ဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များ၊ CNJ မီးသတ်ယာဉ်တစ်စီး၊ ရေနံချောင်းရေနံမြေမှ ရေသယ်ယာဉ် တစ်စီးတို့ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ အဆိုပါ တောမီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှု မရှိကြောင်း သိရသည်။

**ဖြိုးမွန်ကျော်(ပြန်/ဆက်)**

# မန္တလေးသွားမည့် ခရီးသည်တင်ယာဉ်ကိုရှာဖွေရာ EVD စက်နှင့် DVD ခွေ အလွတ်များ ဖမ်းမိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၂၇ စီး ၊ သွင်းကုန်အစီး ၁၀၃၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃စီး၊ သွင်းကုန် ၁၅၉ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၃ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၉၉၀ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၂၀၄ သန်းခန့် စုစုပေါင်းတားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၁၉၄ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၃ ရက်တွင် မန္တလေးသို့ သွားရောက်မည့် ခရီးသည်တင်ယာဉ် တစ်စီးအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော EVD စက် ၇၄ လုံးနှင့် DVD ခွေအလွတ် ၁၉၆ ဖာ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၉၉ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြဝတီမြို့နယ်၌ လက်နက်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ကရင်ပြည်နယ် မြဝတီမြို့အဝင် ကြက်လျှာစွန်း လမ်းဆုံ၌ ဖေဖော်ဝါရီ ၃ ရက် ည ၁၁ နာရီ ၄၅ မိနစ်က ပူးပေါင်းအဖွဲ့များ ပိတ်ဆို့ရှာဖွေစစ်ဆေးနေစဉ် ယာဉ်တစ်စီးပေါ်မှ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ မြဝတီမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့များ ရှာဖွေစစ်ဆေးစဉ် မြဝတီမြို့ဘက်မှ သဃ်န်းညီနောင်ဘက်သို့ သဃ်န်းညီနောင်ကျေးရွာနေ အောင်ဆွေ(၄၀နှစ်) မောင်းနှင်လာသည့် Honda Fit ယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်မှ ဩစတြေးလျနိုင်ငံထုတ် ပစ္စတိုတစ်လက်၊ ယင်းကျည်အိမ်တစ်ခု၊ တူရကီနိုင်ငံထုတ် ပစ္စတိုတစ်လက်၊ ယင်းကျည်အိမ်တစ်ခု၊ ယင်းကျည်သုံးတောင့်တို့အား တွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် အောင်ဆွေအား မြဝတီမြို့မရဲစခန်းကအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# တရုတ်တစ်သျှူးငှက်ပျောစိုက်ပျိုးမှုအား စိစစ်အရေးယူပေးရန် ဒေသခံများဆန္ဒထုတ်ဖော်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ ဧရာဝတီမြစ်အရှေ့ဘက် ကမ်းတစ်လျှောက် တရုတ်တစ်သျှူးငှက်ပျောစိုက်ပျိုးမှုကို ဒေသခံ ၃၀၀ ခန့်က မြစ်ကြီးနားမြို့တွင် ဖေဖော်ဝါရီ ၃ ရက်က ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဒေသအတွင်း တရုတ်တစ်သျှူးငှက်ပျောခင်းများ စိုက်ပျိုးနေမှုကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်နေပြီး ဒေသခံများ တောင်သူများအတွက်လည်း လယ်ယာမြေစိုက်ပျိုးလုပ်ကိုင်ရန်အတွက် မြေနေရာအခက်အခဲများ ရှိနေခြင်းကြောင့် အစိုးရမှ ယင်းတစ်သျှူးငှက်ပျောစိုက်ပျိုးမှုများကို စိစစ်ပေးရန် တောင်းဆိုဆန္ဒထုတ်ဖော်ရခြင်းဖြစ်ကြောင်း ဆန္ဒထုတ်ဖော်မှုကို ဦးဆောင်သူ ဦးတင်မြင့်က ပြောသည်။

"အရင်နှစ်က ဒီတစ်သျှူးငှက်ပျောစိုက်ပျိုးမှုနှင့် ပတ်သက်ပြီး လာရောက်စိစစ်ပေးဖို့ ပြည်နယ်အစိုးရကို စာနှစ်ခါပို့ထားပေမယ့် လာရောက်ဖြေရှင်းတာမရှိဘူး။ အဓိက ကတော့ ဧရာဝတီအရှေ့ဘက်ခြမ်းမှာ ငှက်ပျောစိုက်တာအလွန်များတယ်၊ ဒါကြောင့် အစိုးရက သိရှိပြီး လာရောက်ဖြေရှင်းပေးဖို့ တောင်းဆို ဆန္ဒပြရတာဖြစ်တယ်"ဟု ဦးတင်မြင့်က ပြောသည်။

အဆိုပါဒေသတွင် တရုတ်တစ်သျှူးငှက်ပျော တိုးချဲ့စိုက်ပျိုးမှုများရှိနေပြီး ဒေသခံများအတွက် မြေယာပြဿနာ အငြင်းပွားမှုများ ကြုံတွေ့နေရပြီး ယင်းစိုက်ပျိုးရာတွင် ဓာတ်မြေဩဇာ သုံးစွဲစိုက်ပျိုးမှုကြောင့် မြေဆီလွှာပျက်စီးမှုများ ရှိနေကြောင်းဒေသခံများက ပြောသည်။

"နိုင်ငံခြားသားတွေက တစ်သျှူးငှက်ပျောစိုက်ပြီးတော့ မြေနေရာတွေ ကျူးကျော်ဝင်ရောက်မှုတွေ ရှိတယ်၊ သူတို့က စက်နဲ့လာလုပ်တော့ သစ်တောအကုန်ပြောင်ကုန်ပြီ၊ ရေလည်းရှားလာပြီး မြေနေရာလည်း အခက်အခဲတွေ ဖြစ်လာတယ်" ဟု ယင်းဆန္ဒပြပွဲတွင် ပါဝင်သူ မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာမှ ဒေါ်ကြည်လှိုင်က ပြောသည်။

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်နှင့် မြစ်ကြီးနားမြို့နယ်အတွင်း တရားမဝင် တရုတ်တစ်သျှူးငှက်ပျော စိုက်ပျိုးသည့်ကိစ္စအား နိုင်ငံနှင့် ဒေသလူထုအတွက် အကျိုးရှိ၊ မရှိကို စိစစ်ပြီး နိုင်ငံနှင့် ဒေသအတွက် အကျိုးမရှိပါက ပြည်နယ်အစိုးရမှ ထိရောက်စွာ အရေးယူဆောင်ရွက်ပေးရန် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ကျင်းပသော ကချင်ပြည်နယ်လွှတ်တော်တွင် ဆွေးနွေးအတည်ပြုခဲ့သော်လည်း အရေးယူဆောင်ရွက်မှု မရှိသေးကြောင်း သိရသည်။

ကချင်ပြည်နယ် ဝိုင်းမော်မြို့နှင့် မြစ်ကြီးနားမြို့နယ်အတွင်းတွင် တရားမဝင် တစ်သျှူးငှက်ပျောစိုက်ခင်း ဧက ၄၀၀၀၀ ကျော် စိုက်ပျိုးလုပ်ကိုင်နေပြီး တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

**မင်းမင်းဦး**

# ကျုံမငေးနယ်မြေရဲစခန်းမှ ရဲအုပ်တစ်ဦး သေနတ်ဖြင့် မိမိကိုယ်မိမိအဆုံးစီရင်

**ဝါးခယ်မ ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျုံမငေးနယ်မြေရဲစခန်းမှ ရဲအုပ်လှိုင်ဝင်းသည် ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က သေနတ်ဖြင့် မိမိကိုယ်မိမိ အဆုံးစီရင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဇနီးဖြစ်သူ နေအိမ်ရှေ့ဆွမ်းလောင်းနေစဉ် နေအိမ်အပေါ်ထပ်မှ သေနတ်ပစ်ခတ်သံကြား၍ တက်ကြည့်ရာ ရဲအုပ်လှိုင်ဝင်းသည် ခုတင်ဘေးတွင် ဒဏ်ရာများဖြင့် လဲကျနေသည်ကို တွေ့ရကြောင်း ၎င်း၏ ဇနီးဖြစ်သူ ဒေါ်သြိုမာသင်းက ပြောသည်။

အခင်းဖြစ်ပွားရာနေရာသို့ မြောင်းမြခရိုင် ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးရာ အိပ်ခန်းခုတင်အနီး ခြောက်လုံးပြူး တစ်လက်၊ အုတ်နံရံတွင် အပေါက်ရာ တစ်ခု၊ ကျည်ခွံတစ်ခုနှင့် လဲကျနေသည့် နေရာတွင် သွေးများတွေ့ရှိရကြောင်း သိရသည်။

**လှမ်းသီဟ (ဝါးခယ်မ)**

# ဇန်နဝါရီလအတွက် MNL တစ်လတာအကောင်းဆုံးဆု ဦးအောင်ကျော်မိုးနှင့် စည်သူအောင်ရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၄**

၂၀၁၈ MNL အမှတ်ပေးပြိုင်ပွဲ၏ ဇန်နဝါရီလအတွက် တစ်လတာအကောင်းဆုံးဆုများကို မြန်မာနေရှင်နယ်လိဂ်ကော်မတီက ရွေးချယ်ခဲ့ရာ ရတနာပုံတစ်သင်းတည်းက ဆွတ်ခူးခဲ့ပြီး နည်းပြဆုကို ဦးအောင်ကျော်မိုး၊ ကစားသမားဆုကို စည်သူအောင်တို့က ရရှိခဲ့သည်။

ယင်းအကောင်းဆုံးဆုများကို ဇန်နဝါရီလအတွင်း ယှဉ်ပြိုင်ခဲ့သည့် သုံးပွဲအပေါ် အခြေခံကာ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် ဇန်နဝါရီလအတွင်း သုံးပွဲစလုံး ဂိုးပြတ်အနိုင်ရခဲ့ပြီး ဧရာဝတီကို ငါးဂိုး-နှစ်ဂိုး၊ ရခိုင်အသင်းကို လေးဂိုး-နှစ်ဂိုး၊ GFA အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဇန်နဝါရီလတွင် သုံးပွဲစလုံးအနိုင်ရသည့်နှစ်သင်းရှိခဲ့သော်လည်း ပြိုင်ဘက်အသင်း အပေါ်မူတည်၍ ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ရတနာပုံအသင်းနည်းပြချုပ် ဦးအောင်ကျော်မိုးက ရွေးချယ်ခံရခြင်းဖြစ်သည်။ ကစားသမားဆုကိုမူ သုံးပွဲကစား ငါးဂိုးသွင်းနိုင်ခဲ့သည့် ရတနာပုံတောင်ပံကစားသမား စည်သူအောင်က ရရှိခဲ့သည်။ စည်သူအောင်သည် ဧရာဝတီနှင့်ပွဲတွင် တစ်ဦးတည်း လေးဂိုးသွင်းယူခဲ့ပြီး ရခိုင်နှင့်ပွဲတွင်လည်း အနိုင်ဂိုးတစ်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သည်။



မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် လအလိုက်အကောင်းဆုံးဆုများကို ယခုရာသီမှ ပြန်လည်ချီးမြှင့်ခြင်းဖြစ်ပြီး ပွဲအလိုက် စွမ်းဆောင်မှုများ အပေါ်မူတည်၍ နည်းပြချုပ်၊ ဒိုင်ကြီးကြပ်နှင့် ပြိုင်ပွဲကြီးကြပ်သူတို့၏ ဆန္ဒမဲကို စတင်ကောက်ခံကာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီနှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီတို့က ပြန်လည်ရွေးချယ်ခြင်းဖြစ်သည်။ ယခုဆုများကို ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်းတို့ မတိုင်မီ ချီးမြှင့်ခဲ့ပြီး ဆုတံဆိပ်နှင့်အတူ အကောင်းဆုံးကစားသမားဆုကို ငွေကျပ်တစ်သိန်းခွဲ၊ နည်းပြဆုကို ငွေကျပ်တစ်သိန်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်း-ရဲရင့်ရှိန်း**

**ဓာတ်ပုံ-စိုးညွန့်**

# ဖြူးမြို့နယ် ပြည်သူ့အားကစားကွင်း အကြီးစားအဆင့်မြှင့်တင် ပြင်ဆင်

**ဖြူး ဖေဖော်ဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ရှိ ပြည်သူများကျန်းမာကြံ့ခိုင်ပြီး စိတ်လန်းဆန်း ပျော်ရွှင်ရေးအတွက် ပြည်သူ့အားကစားကွင်းကြီးကို ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှစတင်၍ အကြီးစားပြင်ဆင်မှုများ ပြုလုပ်လျက် ရှိရာ ၂၀၁၇-၂၀၁၈ ခုနှစ် ပြည်ထောင်စု ဘတ်ဂျက်ရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၁၀၉၉ ဒသမ ၈၈ သန်းဖြင့် ဆောက်လုပ် ရေးပိုင်းတွင် ငွေအိမ်မင်းကုမ္ပဏီက လည်းကောင်း၊ မြေပြင်ပြုပြင်ခြင်း အကြီးစားပြင်ဆင်မှုကို မြကန်သာကုမ္ပဏီကလည်းကောင်း ဇန်နဝါရီ ၁ ရက်မှ စတင်၍ လုပ်ငန်းများ စတင်လုပ်ကိုင်ဆောင်ရွက်နေကြပြီ ဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**




အဆိုပါပြည်သူ့အားကစားကွင်းကြီးကို အကြီးစားအဆင့်မြှင့်တင် ပြုပြင်ပြီးစီးသွားပါက မြို့နယ်အတွင်းရှိလူငယ်မျိုးဆက်သစ် အားကစားသမားများ ဘောလုံးအပါအဝင် အားကစားနည်းမျိုးစုံအား အဆိုပါကွင်း၌ နေ့စဉ်ပျော်ရွှင်စွာ လေ့ကျင့်ကစားနိုင်ကြတော့မည်ဖြစ်၍ ဒေသခံပြည်သူများ အထူးဝမ်းသာလျက်ရှိကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

*ကျောဖုံးမှ*

ရှမ်းယူနိုက်တက်အသင်းသည် ဒဏ်ရာပြဿနာရှိနေသည့် နောက်ခံလူ ဟိန်းသီဟဇော်မှလွဲ၍ လူစုံပါဝင်ခဲ့ပြီး ရတနာပုံအသင်းတွင်မူ ဒဏ်ရာရနေသည့် တိုက်စစ်မှူး ဝင်းနိုင်ထွန်း ပါဝင်နိုင်ခြင်းမရှိဘဲ ဝင်းနိုင်စိုးကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ ပထမပိုင်းကစားပုံအရ နှစ်သင်းစလုံး အပြန်အလှန်ရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းက ဂိုးသွင်းခွင့် ပိုရခဲ့သည်။ ပွဲအစ ၈ မိနစ်တွင် လှိုင်းဘိုဘို၏ အဝေးကန်ချက် တိုင်ထိထွက်သွား၍ ရတနာပုံအသင်း နစ်နာခဲ့ရသည်။ နောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ခရစ္စတိုဖာက နှစ်ကြိမ်၊ ဇင်မင်းထွန်းနှင့် ရန်နိုင်ဦးတို့က တစ်ကြိမ်စီ အပိုင်အခွင့်အရေးများရခဲ့သော်လည်း ရတနာပုံဂိုးသမား ချမ်းငြိမ်းကျော် ကာကွယ်နိုင်ခဲ့၍ အိမ်ရှင်အသင်း ဂိုးပေါက်ပျောက်ခဲ့ရခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ဂိုးရရန် တိုက်စစ်အား မြှင့်ခဲ့ပြီး နိုင်ငံခြားသားတိုက်စစ်မှူး ပက်ထရစ်အပါအဝင် စိုးမင်းဦး၊ အောင်ရှိုးသာမောင်တို့ကို ထည့်ကာ ကစားအားမြှင့်ခဲ့သော်လည်း ထင်သလောက် အလုပ်မဖြစ်ခဲ့ပေ။ ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် ပထမပိုင်းလောက် ကစားပုံမကောင်းတော့ဘဲ ဂိုးရအောင် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ပေ။ ရတနာပုံအသင်းသည် ဒုတိယပိုင်းတွင် ခံစစ်ကို အဓိကထားကစားခဲ့ပြီး တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့ရသည်။ ၅၉ မိနစ်တွင် ရဲကိုဦး အပိုင်ကန်ခွင့်ရသော်လည်း လွဲချော်ခဲ့၍ ဂိုးမရှိသရေ ရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

မော်လမြိုင်ကွင်း၌ ကျင်းပသောပွဲတွင် Southern အသင်းက မြဝတီအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ Southern အသင်းအတွက် အနိုင်ဂိုးများကို ၄၃ မိနစ်တွင် ရဲထက်အောင်၊ မိနစ် ၅၀ တွင် ကောင်းစည်သူ၊ ၆၇ မိနစ်တွင် ဘယ်ရီ၊ ၇၂ မိနစ်တွင် နေဖြိုးလွင်တို့က သွင်းယူခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် မကွေးအသင်းက ဟံသာဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မကွေးအသင်းသည် နှစ်ပွဲဆက်အနိုင်ရခြင်းဖြစ်ပြီး ၅၇ မိနစ်တွင် မောင်မောင်စိုးနှင့် ၅၈ မိနစ်တွင် အောင်မြင့်ထွန်းတို့က သွင်းယူပေးခဲ့သည်။ ပွဲစဉ် (၄) အပြီးတွင် ရတနာပုံနှင့် ရန်ကုန်အသင်းတို့က ၁၀ မှတ်စီရထားပြီး ဂိုးကွာခြားချက်ဖြင့် ရတနာပုံအသင်းက ထိပ်ဆုံးမှ ဦးဆောင်နေကာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရှစ်မှတ်၊ မကွေးအသင်းက ခုနစ်မှတ် ရရှိထားသည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

# ခရစ္စတယ်ပဲလေ့စ်နှင့် နယူးကာဆယ် တစ်မှတ်စီခွဲယူ

ယခုအပတ်ပရီမီယာလိဂ် ပွဲစဉ်(၂၆) တနင်္ဂနွေနေ့ ပွဲစဉ်ဖြစ်သည့် ခရစ္စတယ်ပဲလေ့စ်နှင့် နယူးကာဆယ်တို့ပွဲမှာ တစ်ဖက်တစ်ဂိုးစီ သရေဖြစ်ခဲ့သည်။

နှစ်သင်းစလုံးအနိုင်ရရှိရေး ကြိုးစားသော်လည်း ဦးဆောင်ဂိုးကို ပွဲချိန် ၂၂ မိနစ်တွင် နယူးကာဆယ်မှ ဒီယာမီက သွင်းယူခဲ့သည်။ ပထမပိုင်းပြီးဆုံးချိန်ထိ ပဲလေ့စ်တို့ ချေပဂိုး မသွင်းနိုင်ဘဲ ပွဲချိန် ၅၅ မိနစ်တွင် ပဲလေ့စ်တို့ ပယ်နယ်တီကန်ခွင့်ရရှိရာ မီလီဗော့က သွင်းယူပေး၍ ဂိုးရရှိခဲ့သည်။ နှစ်သင်းစလုံးဂိုးထပ်မံ မသွင်းနိုင်ဘဲ ပွဲပြီးဆုံးခဲ့သည်။ ပွဲစဉ် (၂၆)အပြီး မန်စီးတီးက ရမှတ် ၆၉ မှတ်ဖြင့် အဆင့်(၁) ၌ ရပ်တည်နေပြီး မန်ယူက ၅၆ မှတ်ဖြင့် ဒုတိယနေရာ၌ ရပ်တည်နေသည်။ **သီဟ**

# အာရှဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်း ရှုံးပွဲထပ်မံကြုံ

**ရန်ကုန် ဖေဖော်ဝါရီ ၄**

၂၀၁၈ အာရှဖူဆယ်ပြိုင်ပွဲ အုပ်စု(ဂ) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက တရုတ် (တိုင်ပေ)၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် အီရတ်အသင်းကို သုံးဂိုး-နှစ်ဂိုး ဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာဖူဆယ်အသင်းသည် အဖွင့်ပွဲတွင် လက်ရှိချန်ပီယံ အီရန်အသင်းကို ရှုံးနိမ့်ထားသောကြောင့် ယခုပွဲတွင် ရလဒ်ကောင်းရန် ကြိုးပမ်းခဲ့ရာ အီရတ်အသင်းကို အပြန်အလှန်ကစားနိုင်ခဲ့သော်လည်း အာရှအဆင့်ပြိုင်ပွဲတွင် ပထမဆုံးယှဉ်ပြိုင် ခွင့်ရခြင်းဖြစ်သောကြောင့် အတွေ့အကြုံအားနည်းပြီး ရှုံးပွဲဆက်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ဂိုးများကို ခင်ဇော်လင်းနှင့် ပြည့်ဖြိုးမောင်တို့က သွင်းယူခဲ့သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဖေဖော်ဝါရီ ၆ ရက်တွင် တရုတ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်**


## ဖခင်အမည်မှန်

တောင်တွင်းကြီးမြို့၊ အုန်းတောအထက(ခွဲ)၊ဆဋ္ဌမတန်းမှမောင်အောင်ပြည့်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်ရင် ၈/တတက(နိုင်)၁၅၀၀၆၃ ဖြစ်ပါကြောင်း။ **ဦးကျော်ရင်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဆယ်သိန်းရပ်ကွက်၊ နဝရတ်လမ်း၊ စုပေါင်းအဆောက်အအုံအမှတ် (၁၂)၊ အခန်းအမှတ် (၀၀၆)၊ မြေညီထပ်အခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်တိုးတိုးလှိုင် (၁၂/လသန(ပြု)၀၀၁၀၃၈) ထံမှ ကျွန်မ မအေးသဥ္ဇာအောင် (၁၂/သဃက (နိုင်) ၀၃၇၀၁၃) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း အထောက်အထားမူရင်းအပြည့်အစုံဖြင့် ကျွန်မထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မအေးသဥ္ဇာအောင် (၁၂/သဃက (နိုင်) ၀၃၇၀၁၃)**
**အမှတ်-၆၉၄၊ သုမန (၄) လမ်း၊ (၁၆/၄) ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၂၅၉၆၂၇၈၄၃**

## အမည်ပြောင်း

ဦးသန်းဇော်ထိုက်-ဒေါ်နုနုဆွေတို့၏သား၊ ပုသိမ်မြို့၊ အထက(၆) နဝမတန်း(စီ)မှ မောင်လွင်ဦးဦးမောင်အား ယနေ့မှစ၍ မောင်ဇေယျာထိုက်ဇင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဇေယျာထိုက်ဇင်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်**
**၂၀၁၈ခုနှစ်၊ တရားမကြီးမှုအမှတ် ၇**

ဒေါ်အေးအေးဝင်း **နှင့်** ဦးမြင့်အောင်
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၈)၊ ဦးပိုင်အမှတ်၉၈နေ ဦးမြင့်အောင်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အေးအေးဝင်းက ပြည်ကြီးတံခွန်မြို့နယ်၊ (က) ရပ်ကွက်၊ အကွက်အမှတ်(လ-၈)၊ ဦးပိုင်အမှတ်၉၈၊ ဧရိယာ(၀ဒသမ၀၅၅၁) ဧကရှိ မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ရက် (၁၃၇၉ခုနှစ်၊ တပေါင်းလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွက်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက် စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိ သည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီ ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြင့်မြင့်စန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## မင်္ဂလာပါ 09426669001, 09426669002

+ မန်းရွှေစက်တော်နှင့် ပုဂံ၊ ပုပ္ပါး၊ အလောင်းတော်ကဿပ၊ မုံရွာ (၅)ရက်
+ မန်းရွှေစက်တော်၊ စက္ကိန္ဒ၊ တဲ၊ နဂါးပွက်၊ မကွေး (စား၊ တည်း၊ ငြိမ်း) 35000
+ ဆံတော်ရှင် မော်တင်စွန်း၊ ပုသိမ်ဘုရားစုံ (စား၊ တည်း၊ ငြိမ်း) 40000
+ အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း၊ ကျောက်စိမ်း 65000/ 85000
ဆက်၍- မန္တလေး၊ ပြင်ဦးလွင်အနံ့ Guest-100000/ Hotel-140000
+ အင်းတော်ကြီး၊ ရွှေမဥ္ဇူ၊ မြစ်ကြီးနား၊ မြစ်ဆုံ၊ ဇလုံတောင်၊ ရွှေဘို၊ မိုးကုတ်(၆)ရက်၊ 100000
+ ထားဝယ်ရှင်ကိုးရှင်၊ မြိတ်၊ ကော့သောင်း၊ ရနောင်း(၇)ရက်၊ Guest-220000,Hotel 300000
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်ဝမ်း၊ ကက္ကူ၊ မိန်းမရဲ့ရွာင် Guest- 75000
ဆက်၍-ကယားပြည်နယ် လွိုင်ကော်၊ ဒီမောဆို၊ ထီးစဲခါး၊ရေတံခွန် Guest-100000
ကားမျိုးစုံစင်းလုံးငှား ဆောင်ရွက်ပေးသည်။ ❖ Feb 9,16,23,28

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၈/၉၆၂၈ Toyota Mark II S/W(4×4)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဆွေ ၉/မရမ(နိုင်)၀၃၇၁၀၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ မုံလှကျေးရွာနေ ဦးခင်မောင်မြင့်-ဒေါ်တင်စန်းတို့၏သား မောင်ဟိန်းမင်းထွန်း ၅/ခဥန(နိုင်)၁၂၃၆၂၅သည် မိဘစကား နားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

၎င်းနှင့်ပတ်သက်ပြီး နောင်ဖြစ်ပေါ်လာသည့် ပြဿနာများအား လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း သိစေအပ်ပါသည်။

**ဦးခင်မောင်မြင့်-ဒေါ်တင်စန်း**

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၇/၄၊ ရွှေပင်လုံ အိမ်ရာ)၊ မြေကွက်အမှတ် ၁၁၊ ဧရိယာ ၀ ဒသမ ၁၂၈၅ ဧက နှစ် ၆၀ မြေငှားစာချုပ် အမည်ပေါက်မှာ ဦးကျော်ညွန့်ဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အဦအား အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် (၂၅၇/၂၀၁၈)ရက်စွဲ၊ ၃၀-၁-၁၈တင်ပြ၍ TAN SIN HWA(ခ) ဒေါ်ခင်ဆွေရီ ၁၂/ဗတထ(ဧည့်)၀၀၀၂၄၃ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၂၆၊ လူနေရပ်ကွက်အမှတ် ဇောတိကအိမ်ရာ၊ မြေကွက်အမှတ်(1.B)၊ ဧရိယာ ၀ဒသမ၁၂၉ ဧက နှစ် ၆၀ မြေငှားစာချုပ် အမည်ပေါက်မှာ ဦးကျော်ညွန့် ဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အဦအား အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်(၂၅၂/၂၀၁၈)ရက်စွဲ၊ ၃၀-၁-၁၈ တင်ပြ၍ TAN SIN HWA (ခ) ဒေါ်ခင်ဆွေရီ ၁၂/ဗတထ(ဧည့်)၀၀၀၂၄၃ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက် အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၄၆၃၈၇ ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ချွန် ၉/မခန(နိုင်)၀၂၅၈၁၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၆)၊ ဦးပိုင်အမှတ်(၆)၊ ၆၉×၇၀ လမ်းကြား၊ ခိုင်ရွှေဝါလမ်းနှင့် ဇလပ်ဝါလမ်းကြားရှိ ဒေါ်တိုးအမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်မာလာသိန်း ၁/ကမန(နိုင်)၀၀၉၆၃၄မှ ဦးပိုင်-၆(ခဲစင်း)အရှေ့ ဘက်ခြမ်းအား မြို့ကွက်သစ်နေရာချထားရေး ငွေရပြေစာ၊ မြေဖိုး၊ လမ်းဖိုးပေးသွင်းခြင်း ငွေသွင်းပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း ဦးပိုင်ခွဲ၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# မြောက်ကိုရီးယားမှ ကုန်စည်များတင်ဆောင်လာသည့်သင်္ဘော ဆိပ်ကမ်းဝင်ရောက်မှုကို ရုရှားပိတ်ပင်



**မော်စကို ဖေဖော်ဝါရီ ၄**

ရုရှားသည် မြောက်ကိုရီးယားနိုင်ငံမှ ကုန်စည်တင်ဆောင်လာသည့် သင်္ဘောတစ်စင်းကို ဆိပ်ကမ်းသို့ဝင်ရောက်ခွင့်ပြုရန် ငြင်းဆန်လိုက်ကြောင်းသိရသည်။

အဆိုပါ ရေယာဉ်ပေါ်တွင် ကုလသမဂ္ဂက ပိတ်ဆို့တားဆီးမှု ပြုလုပ်ထားသည့် ကုန်စည်တစ်မျိုးကို တင်ဆောင်လာခြင်းဖြစ်မည်ဟု ယူဆရသည်။

မြောက်ကိုရီးယားမှကုန်စည်တင်ဆောင်လာသည့် သင်္ဘောသည် ဗလာဒီဗော့စတော့သို့ ဗုဒ္ဓဟူးနေ့တွင် ဆိုက်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း ရုရှားအော်ပရေတာ Mangyongbong ကပြောကြားခဲ့သည်။

သို့သော် ရေယာဉ်သည် သုံးရက်ကြာအောင် ကမ်းလွန်ပင်လယ်ပြင်တွင် စောင့်ဆိုင်းနေခဲ့ရကြောင်းဖော်ပြထားသည်။

ဗလာဒီဗော့စတော့ဆိပ်ကမ်းမှ သတင်းအရင်းမြစ်များက အင်န်အိတ်ချ်ကေသို့ ပြောကြားရာတွင် သင်္ဘောပေါ်တွင် တင်ဆောင်လာသည့်ကုန်စည်ပစ္စည်းများတွင် မွေးမြူရေးတိရစ္ဆာန်များအတွက် အစာများပါဝင်ကြောင်း သိရသည်။

ယင်းကုန်စည်များကို စိုက်ပျိုးရေးသုံးကုန်စည် အမျိုးအစားအဖြစ်ခွဲခြားနိုင်ပြီး မြောက်ကိုရီးယားနိုင်ငံမှ ယင်းကုန်စည်များတင်ပို့မှုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပိတ်ပင်တားမြစ်ထားကြောင်း ဆိပ်ကမ်းသတင်းရင်းမြစ်များက ပြောကြားသည်။

ရုရှားသည် မြောက်ကိုရီးယားနှင့် နီးကပ်စွာ ဆက်ဆံသည့် နိုင်ငံတစ်နိုင်ငံဟု ဆိုရမည်ဖြစ်သည်။

သို့သော် အနောက်မီဒီယာအချို့က ရုရှားအာဏာပိုင်များသည် ကုလသမဂ္ဂ၏ အရေးယူဆောင်ရွက်မှုဆုံးဖြတ်ချက်များကို လိုက်နာလျက်ရှိကြောင်း ပြသရန်အတွက် ဆိပ်ကမ်းဝင်ရောက်ခွင့် ငြင်းဆန်သည့် နည်းလမ်းကို အသုံးပြုနိုင်ကြောင်း ဝေဖန်ပြောဆိုခဲ့သည်။

ပြီးခဲ့သည့်မေလက ရုရှားသင်္ဘောပို့ဆောင်ရေးကုမ္ပဏီသည် မြောက်ကိုရီးယား အရှေ့မြောက်ဘက်အခြမ်းရှိ ဗလာဒီဗော့စတော့နှင့် ရာဂျန်ဆိပ်ကမ်းနှစ်ခုကြားကူးသန်းသည့် သင်္ဘောကို အသုံးပြုလျက် ပုံမှန်ခရီးသည်တင် ဖယ်ရီပို့ဆောင်သည့်ဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။

သို့သော် မြောက်ကိုရီးယားနိုင်ငံအပေါ် ချမှတ်ထားသော တင်းကျပ်သည့် အရေးယူဆောင်ရွက်မှုများကြောင့် ယင်းဝန်ဆောင်မှုကို လျှော့ချခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**

# ရုရှားတပ်မတော်လေယာဉ်တစ်စင်းကို စစ်သွေးကြွများပစ်ချခဲ့ပြီး လေယာဉ်မှူးကို သတ်ဖြတ်

**မော်စကို ဖေဖော်ဝါရီ ၄**

ရုရှားတပ်မတော် လေယာဉ်တစ်စင်းသည် ဆီးရီးယားမြောက်ပိုင်းတွင် ပစ်ချခြင်းခံခဲ့ရပြီး လေယာဉ်မှူးမှာ အသတ်ခံလိုက်ရကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြခဲ့သည်။

ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက ၎င်း၏ SU-25 ဂျက်လေယာဉ်သည် ဆီးရီးယားမြောက်ပိုင်း အီဒလစ်ပြည်နယ်တွင် စနေနေ့က ပစ်ချခြင်းခံလိုက်ရကြောင်း အင်တာဖက်သတင်းအေဂျင်စီသို့ အတည်ပြုပြောကြားခဲ့သည်။

လေယာဉ်မှူးမှာ လေယာဉ်ထဲမှ ထွက်နိုင်ခဲ့သော်လည်း မြေပြင်ပေါ်၌ သူပုန်အဖွဲ့ဝင်များ၏ လက်ချက်ဖြင့် အသတ်ခံလိုက်ရကြောင်း သိရသည်။




ဆီးရီးယားရှိ အယ်လ်ခိုင်ဒါစစ်သွေးကြွအုပ်စုများနှင့် ပတ်သက်ဆက်နွယ်မှုရှိသည့် အဖွဲ့တစ်ဖွဲ့က လေယာဉ်ကို ၎င်းတို့ ပစ်ချလိုက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

လေယာဉ်ကို မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်တစ်စင်းဖြင့် ပစ်ခွင်းလိုက်ခြင်းဖြစ်ကြောင်း အဆိုပါအဖွဲ့က ပြောသည်။

သမ္မတ ဘတ်ရှာအယ်လ်အာဆတ် အစိုးရအဖွဲ့ကို ကူညီထောက်ပံ့ပေးလျက်ရှိသည့် ရုရှားသည် စနေနေ့က အဓိကအဝေးပြေးလမ်းပေါ် တစ်လျှောက် အင်အား တိုးချဲ့ဝင်ရောက်လာသည့် ဆီးရီးယားအင်အားစုများကို အကူအညီပေးရန်အတွက် အဆိုပါ ဒေသကို လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ၊ ရိုက်တာ**

# မဟာမိတ်များနှင့် ပြုလုပ်မည့်ဆွေးနွေးပွဲများ ခက်ခဲနိုင်ကြောင်း ဂျာမနီဝန်ကြီးချုပ် ပြောကြား

**ဘာလင် ဖေဖော်ဝါရီ ၄**

ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်သည် ၎င်း၏ကွန်ဆာဗေးတစ်အဖွဲ့ဝင်များ အနေဖြင့် ဆိုရှယ်ဒီမိုကရက်(SPD)များနှင့် ပြုလုပ်မည့်ဆွေးနွေးပွဲများကို အပြီးသတ်ဆွေးနွေးသွားနိုင်ရန် မသေချာကြောင်းနှင့် ကျန်ရှိနေသော ညှိနှိုင်းဆွေးနွေးပွဲများမှာ ခက်ခဲနိုင်ကြောင်း ပြောကြားခဲ့သည်။

မိမိတို့သည် တိကျပြတ်သားသော ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်ရန်အတွက် ယနေ့တွင် ဤနေရာသို့ အတူတကွ ထပ်မံရောက်ရှိလာကြခြင်းဖြစ်ကြောင်း ဆွေးနွေးပွဲများသည် မည်မျှကြာရှည်လိမ့်မည်ကို ခန့်မှန်းပြောဆိုနိုင်ခြင်းမရှိသေးကြောင်း။

မိမိတို့သည် ယမန်နေ့က ကောင်းမွန်သည့် အခြေခံလုပ်ဆောင်ချက်များကို ဆောင်ရွက်ခဲ့ကြကြောင်း၊ သို့သော်လည်း ဖြေရှင်းရန်ကျန်ရှိနေသေးသည့် အရေးကြီးအကြောင်းအရာများ ကျန်ရှိနေဆဲပင်ဖြစ်ကြောင်း မာကယ်က ညှိနှိုင်းဆွေးနွေးမှုများကို ဦးမဆောင်မီ ပြောကြားခဲ့သည်။

ယနေ့အခါတွင် မိမိသည် ကောင်းသောစိတ်ဆန္ဒဖြင့် ဆွေးနွေးတော့မည်ဖြစ်ကြောင်း၊ သို့သော်လည်း ယနေ့ဆွေးနွေးခန်းတွင် ခက်ခဲသောညှိနှိုင်းမှုများကို ရင်ဆိုင်ရလိမ့်မည်ကိုလည်း ကြိုတင်ခန့်မှန်းထားခဲ့ကြောင်း မာကယ်က ပြောသည်။

ညှိနှိုင်းဆွေးနွေးမည့် အဖွဲ့နှစ်ဖွဲ့တို့သည် ၂၀၁၃ ခုနှစ်ကတည်းက စိုးမိုးလာသည့် မဟာမိတ်အဖွဲ့ကို ပြန်လည်ဆန်းသစ်ဖွဲ့စည်းသွားရန်အတွက် တနင်္ဂနွေနေ့အကုန်လောက်တွင် သဘောတူညီမှုတစ်ခုကို ဆုံးဖြတ်ကြတော့မည်ဖြစ်ကြောင်း သိရသည်။

**ရိုက်တာ**





# အမေရိကန်၏ နျူကလီးယားအစီအစဉ်သည် ရုရှားအတွက် ခြိမ်းခြောက်မှုဖြစ်ကြောင်း အီရန်သမ္မတပြော

**တီဟီရန် ဖေဖော်ဝါရီ ၄**

အမေရိကန်ပြည်ထောင်စုက အခြားနိုင်ငံများကို ဟန့်တားခြိမ်းခြောက်ရန်အတွက်၎င်း၏ နျူကလီးယား စွမ်းရည်တိုးချဲ့မည့် အစီအစဉ်သစ်များအား မူကြမ်းရေးဆွဲလျက်ရှိကြောင်း အထောက်အထားများကို ပုံနှိပ်ဖော်ပြခဲ့ပြီးနောက်တွင် အီရန်က အမေရိကန်သည် အဏုမြူလက်နက်များဖြင့် ရုရှားကိုခြိမ်းခြောက်နေသည်ဟု တနင်္ဂနွေနေ့တွင်စွပ်စွဲပြောကြားလိုက်ကြောင်း သိရသည်။

သောကြာနေ့တွင် အမေရိကန်၏ နျူကလီးယားလက်နက်ဆိုင်ရာမူဝါဒကို ပုံနှိပ်ဖော်ပြခဲ့သည့် သုံးသပ်ချက်သည် ရုရှားကို စိတ်ကသိကအောက်ဖြစ်စေခဲ့ပြီး ရုရှားက ယင်းဖော်ပြချက်ကို ထိပ်တိုက်ရင်ဆိုင်မှုတစ်ခုအဖြစ် ရှုမြင်ခဲ့သည်။

ထို့ပြင် ယင်းဖော်ပြချက်သည် ကမ္ဘာ့အင်အားကြီးနိုင်ငံနှစ်ခုကြားတွင် မှားယွင်းတွက်ချက် ဆုံးဖြတ်မှုအန္တရာယ်အလားအလာကို တိုးပွားလာစေနိုင်သည်ဟူသော စိုးရိမ်ပူပန်မှုများကိုပါ ပေါ်ထွက်လာစေခဲ့သည်။

အမေရိကန်နိုင်ငံသားများသည် ရုရှားကိုမျက်နှာပြောင်တိုက်ကာ အဏုမြူလက်နက်အသစ်ဖြင့် ခြိမ်းခြောက်နေကြောင်း အချိန်ကာလကြာမြင့်စွာ အမေရိကန်ကို အတိုက်အခံပြုလာသည့်အပြင် ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့အင်အားကြီး နိုင်ငံများနှင့် အီရန်ကို နျူကလီးယားသဘောတူစာချုပ်ချုပ်ဆိုရန် လမ်းဖွင့်ပေးခဲ့သော လက်တွေ့ဆန်သူခေါင်းဆောင်တစ်ဦးဖြစ်သည့် အီရန်သမ္မတ ဟာဆန်ရိုဟာနီက မိန့်ခွန်းအတွင်း ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

အစုလိုက်အပြုံလိုက် အဖျက်လုပ်ရပ်များကိုလုပ်ဆောင်မည့် လက်နက်များကိုအသုံးပြုခြင်းသည် လူ့အခွင့်အရေးကိုဆန့်ကျင်သည့် ရာဇဝတ်မှုကျူးလွန်ခြင်းပင်ဖြစ်ကြောင်း သမ္မတရိုဟာနီက မိန့်ခွန်းပြောကြားခဲ့မှုကို ရုပ်သံမှထုတ်လွှင့်ပြသခဲ့သည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာရစ်ဖ်က အမေရိကန်၏ နျူကလီးယားဆိုင်ရာ မူဝါဒရေးဆွဲမှုသည် လူသားမျိုးနွယ်ပျက်သုဉ်းမှုနှင့် နီးကပ်လာစေမည့် အန္တရာယ်ရှိနေကြောင်း တွစ်တာပေါ်၌ ယခင်ကသတိပေးခဲ့သည်။

**ရိုက်တာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ကနေဒါနိုင်ငံ ကွီဘတ်ပြည်နယ်၌ လေယာဉ်တစ်စင်းပျက်ကျပေါက်ကွဲရာ နှစ်ဦးသေဆုံး

**တိုရန်တို ဖေဖော်ဝါရီ ၄**

ကနေဒါနိုင်ငံ ကွီဘတ်ပြည်နယ် ဒရမ်မွန်ဗီလီအနီး ဆီးနှင်းဖုံးလွှမ်းနေသော ကွင်းပြင်တစ်ခုပေါ်သို့ လေယာဉ်တစ်စင်း ပျက်ကျပြီး ပေါက်ကွဲမီးလောင်မှု ဖြစ်ပွားခဲ့ရာ လေယာဉ်ပေါ်ပါ အမည်မသိ လူနှစ်ဦး သေဆုံးခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် မကြာသေးမီက ဖော်ပြခဲ့သည်။

ကနေဒါစုံစမ်းစစ်ဆေးသူများသည် လေယာဉ်ပျက်ကျပေါက်ကွဲမှုဖြစ်ပွားရာ နေရာသို့ ရောက်ရှိလာခဲ့ပြီး သက်သေပစ္စည်းများကို ရှာဖွေသိမ်းဆည်းခဲ့ကာ မျက်မြင်သက်သေများကို လေယာဉ်ပျက်ကျပေါက်ကွဲမှုနှင့် ပတ်သက်ပြီး မေးမြန်းလျက်ရှိကြောင်း သိရသည်။

ကွီဘတ်ပြည်နယ်ရဲဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဟူဂိုဖော်နီယာက အဆိုပါ လေယာဉ်ပျက်ကျမီးလောင်ပေါက်ကွဲမှုတွင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ သေဆုံးခဲ့သော်လည်း သေဆုံးသူများမှာ မည်သူမည်ဝါဖြစ်သည်ဟု အတည်မပြုနိုင်သေးကြောင်း သိရသည်။

**ရိုက်တာ**

### ဆီးရီးယားအစိုးရ အသုံးပြုသည့် ဓာတုလက်နက်အပေါ် အမေရိကန် စိုးရိမ်မကင်းဖြစ်

**ဝါရှင်တန်ဒီစီ ဖေဖော်ဝါရီ ၄**

ဆီးရီးယားအစိုးရ အသုံးပြုသည့် အဆင်း၊ အနံ့မရှိသည့် အရည်တစ်မျိုးဖြစ်သော ပြင်းအားမြင့် ဓာတုလက်နက် (ဆာရင်း) နှင့်သက်ဆိုင်သော သက်သေအထောက်အထား တစ်စုံတစ်ရာတွေ့ရှိခဲ့ခြင်းမရှိဟု အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်က မကြာသေးမီတွင် ပြောခဲ့သည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် ဓာတုလက်နက်အသုံးပြုမှုဆိုင်ရာ အစီရင်ခံစာများကို စူးစမ်းရှာဖွေလျက်ရှိကြောင်းနှင့် အဆိုပါဓာတုလက်နက်နှင့် ပတ်သက်ပြီး စိုးရိမ်မကင်းဖြစ်လျက်ရှိကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် မကြာသေးမီက ဖော်ပြခဲ့သည်။

ဆီးရီးယားအစိုးရသည် ကလိုရင်းကို ဓာတုလက်နက်အဖြစ် အကြိမ်ကြိမ် အသုံးပြုခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်က သတင်းထောက်များကို ပြောကြားခဲ့သည်။

ဆာရင်းအသုံးပြုနိုင်ခြေရှိမှုအပေါ် မိမိတို့အနေဖြင့် ပိုပြီး စိုးရိမ်မကင်းဖြစ်မိကြောင်း၊ သို့သော်လည်း သက်သေအထောက်အထားမရှိကြောင်း၊ မြေပြင်တွင် ရှိနေသည့်အဖွဲ့များဖြစ်သည့် တိုက်ခိုက်ရေးသမားများက ဆာရင်းကို အသုံးပြုနေသည်ဟု ပြောခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် သက်သေအထောက်အထားများကို ရှာဖွေလျက်ရှိကြောင်း ၎င်းက သတင်းထောက်များကို ဆက်လက်ပြောကြားခဲ့သည်။

**ရိုက်တာ**

# ရုရှားစစ်လေယာဉ်တွေကို ဂျပန်နိုင်ငံအနီး အငြင်းပွားကျွန်းဆွယ်မှာ ဖြန့်ကြက်ချထားဖို့ ရုရှားဝန်ကြီးချုပ်ရဲ့အမိန့် ဂျပန်နိုင်ငံကို ရန်စတဲ့သဘောဖြစ်နေလား

**တင်လင်းအောင်**

ရုရှားဝန်ကြီးချုပ် ဒီမီထရီ မက်ဗီဒက်ဟာ ရုရှားစစ်လေယာဉ်တွေကို ဂျပန်နိုင်ငံအနီး အငြင်းပွားကျွန်းဆွယ်မှာ ဖြန့်ကြက်ချထားဖို့ သဘောတူထားကြောင်း မကြာမီက သတင်းတွေမှာ ဖော်ပြခဲ့ပါတယ်။ ရုရှားနဲ့ ဂျပန်နိုင်ငံရဲ့ ဆက်ဆံရေးဟာ အမေရိကန်ဒုံးကျည်စနစ် ဖြန့်ကြက်တာနဲ့ ပတ်သက်ပြီး တင်းမာမှုတွေဖြစ်ပေါ်နေချိန်မှာ ဒီလိုမျိုး ရုရှားစစ်လေယာဉ်တွေကို ဂျပန်နိုင်ငံအနီး အငြင်းပွားကျွန်းဆွယ်မှာ ဖြန့်ကြက်ချထားဖို့ ရုရှားဝန်ကြီးချုပ်ရဲ့ ဆုံးဖြတ်ချက်ဟာ မီးလောင်ရာလေပင့်ဆိုသလို နဂိုကတည်းက ဆက်ဆံရေး တင်းမာနေပါတယ်ဆိုတဲ့ နှစ်နိုင်ငံကြားမှာ ငိုချင်လျက် လက်တို့လိုက်သလို ဖြစ်သွားပါတယ်။

လွန်ခဲ့တဲ့ရက်က ထုတ်ပြန်ခဲ့တဲ့ အမိန့်၊ ဥပဒေမှာ ရုရှားဝန်ကြီးချုပ် မက်ဗီဒက်အနေနဲ့ ရုရှားအခေါ် အီတူရပ်ကျွန်း ဂျပန်အခေါ် အီတိုရိုဖုရို အရပ်ဘက်ဆိုင်ရာ လေဆိပ်တစ်ခုကို စစ်လေယာဉ်တွေအတွက် အသုံးပြုဖို့ ရုရှားကာကွယ်ရေးဝန်ကြီးဌာနကို ခွင့်ပြုကြောင်း ဖော်ပြပါရှိခဲ့ပါတယ်။

### လက်မှတ်မရေးထိုးနိုင်

အဆိုပါကျွန်းဟာ ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်က ဆိုဗီယက်တပ်ဖွဲ့များ သိမ်းယူခဲ့တဲ့ ကျွန်းလေးကျွန်းအနက် တစ်ကျွန်းဖြစ်ကြောင်း သိရပြီး ယင်းကျွန်းဟာ ဂျပန်နိုင်ငံရဲ့အကြီးဆုံး စီရင်စုဖြစ်တဲ့ ဟော့ကိုင်ဒိုရဲ့ အရှေ့မြောက် ကမ်းရိုးတန်းကမ်းလွန်မှာတည်ရှိပါတယ်။ ဂျပန်လို မြောက်ပိုင်းအချုပ်အခြာပိုင်နက်များအဖြစ် လူသိများတဲ့ အဆိုပါကျွန်းများအရေးနဲ့ ပတ်သက်ကြသေးပါဘူး။

ဂျပန်နဲ့ ရုရှားကြား အငြင်းပွားဖွယ်ရာ ကျွန်းစုများအရေး သွေးမအေးသော်လည်း ရုရှားတို့က အဲဒီနေရာမှာ လေတပ်အခြေစိုက်စခန်းပြုလုပ်ဖို့ စီစဉ်နေပုံရပါတယ်။ ရုရှားဝန်ကြီးချုပ် မက်ဗီဒက်ရဲ့ အမိန့်ဟာ ရုရှားတပ်ဖွဲ့ဝင်တွေအတွက် အဲဒီကျွန်းမှာ စစ်ဘက်ဆိုင်ရာ ကာကွယ်ရေး စနစ်တချို့တစ်ဝက်ဖြန့်ကြက်ချထားဖို့ နောက်ဆုံးခြေလှမ်းပဲဖြစ်ပါတယ်။

### လက်ဦးမှုရယူ

ရုရှား- ဂျပန် အငြင်းပွားကျွန်းနဲ့ ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်ရန် နှစ်ဖက်နိုင်ငံများမှ ဒုတိယနိုင်ငံခြားရေးဝန်ကြီးတွေ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ဖို့ စီစဉ်နေဆဲမှာ ရုရှားဝန်ကြီးချုပ် ဒီမီထရီမက်ဗီဒက်ဟာ ရုရှားစစ်လေယာဉ်တွေကို ဂျပန်နိုင်ငံအနီး အငြင်းပွားကျွန်းဆွယ်မှာ ဖြန့်ကြက်ချထားဖို့ အမိန့်ထုတ်ပြန်လိုက်တာ ဖြစ်ပါတယ်။ ဒါကို တစ်နည်းပြောရမယ်ဆိုလို့ ရှိရင် အမေရိကန်ထက် လက်ဦးမှုရယူလိုက်တာပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြောက်ကိုရီးယားရဲ့ရန်ကိုကာကွယ်ဖို့ အကြောင်းပြချက်နဲ့ ဂျပန်နိုင်ငံအနေနဲ့ အမေရိကန်ပြည်ထောင်စုကို သူ့ရဲ့အချုပ်အခြာပိုင်နက်မှာ အမေရိကန်စစ်အခြေစိုက်စခန်းတည်ဆောက်ဖို့ ခွင့်မပြုခင်မှာ ရုရှားနိုင်ငံအနေနဲ့ အခုလိုလက်ဦးမှုရယူနိုင်ခဲ့လို့ပဲဖြစ်ပါတယ်။


### ရှင်းရှင်းလင်းလင်း ထုတ်ပြန်ကြေညာခြင်းမရှိ

သို့သော်လည်းပဲ ရုရှားအနေနဲ့ တစ်ချိန်က ဆိုဗီယက်လေတပ်အခြေစိုက်စခန်းလုပ်ခဲ့သလို လိုအပ်ပါက လေဆိပ်အနေနဲ့ အသုံးပြုနိုင်တဲ့ အဲဒီကျွန်းမှာ ကတော့ အခုလို လုပ်ဆောင်ခြင်းဟာ ရုရှားစစ်ဘက်ကို ရွေးချယ်စရာတွေပိုမိုရရှိသွားနိုင်စေတယ်လို့ ဆိုပါတယ်။ အခုလိုလုပ်ဆောင်ခြင်းဟာ ဝေဟင်နယ်နိမိတ်ကို စောင့်ရှောက်ဖို့ တိုက်ခိုက်ရေး ဂျက်လေယာဉ်တွေအတွက် လေယာဉ်ကွင်းတစ်ခုလိုနေတယ်ဆိုတာလည်း ပြသရာရောက်ပါတယ်လို့ အဆိုပါသတင်းရင်းမြစ်က ဆက်လက်ဖော်ပြထားပါတယ်။

### စိုးရိမ်မကင်းဖြစ်

ထို့အပြင် ရုရှားဟာ ဂျပန်စီရင်စုတွေဖြစ်တဲ့ အကီတာနဲ့ ယာဂါမာတာမှာ အမေရိကန်ဒုံးကျည်စနစ်တွေကို ပိုမိုဖြန့်ကြက်သွားမယ့် ဂျပန်တို့ရဲ့ အစီအစဉ်နဲ့ ပတ်သက်ပြီးတော့လည်း စိုးရိမ်မကင်းဖြစ်နေတယ်လို့ ဖော်ပြပါသတင်းရင်းမြစ်မှာ ဆက်လက်ပြောထားပါတယ်။

မော်စကိုမှာရှိတဲ့ ဂျပန်သံရုံးကတော့ ရုရှားတို့ရဲ့အခုလိုမျိုး လုပ်ရှားဆောင်ရွက်မှုတွေဟာ ဂျပန်တို့ရဲ့ ကြိုးစားပမ်းစားဆောင်ရွက်မှုတွေကို ဆန့်ကျင်တုံ့ပြန်နေတာပါလို့ဆိုပါတယ်။ ကျွန်းလေးကျွန်းမှာ အင်အားဖြန့်ကြက်မယ့် ရုရှားစစ်ရေးချဲ့ထွင်မှုဟာ အဲဒီကျွန်းတွေနဲ့ပတ်သက်တဲ့ ဂျပန်ရဲ့တည်ရှိမှုကို အနှောင့်အယှက်ဖြစ်စေပါတယ်လို့ ဆက်လက်ပြောကြားခဲ့ပါတယ်။



ရုရှားဝန်ကြီးချုပ် ဒီမီထရီ မက်ဗီဒက်

ကိစ္စရပ်နဲ့ပတ်သက်ပြီး ရုရှားနဲ့ ဆက်လက်ဆွေးနွေးသွားမှာဖြစ်ကြောင်း မော်စကိုရှိ ဂျပန်သံရုံးက ထပ်လောင်းပြောကြားလိုက်ပါတယ်။


ဂျပန်နိုင်ငံဟာ အမေရိကန်စစ်အခြေစိုက်စခန်းတွေကို တောင်ဘက်ကာရယ်ကျွန်းစုတွေမှာ တည်ဆောက်ဖို့ ခွင့်ပြုမယ်ဆိုတဲ့ စိတ်ကူးဟာ လွန်ခဲ့တဲ့ ၂၀၁၆ ခုနှစ်က စတင်ခဲ့တဲ့ စိတ်ကူးပဲဖြစ်ပါတယ်။ ဒါပေမယ့်လည်း ယခင်ဂျပန်ဝန်ကြီးချုပ် ယိုရှီရိုမိုရီက ကာရယ်ကျွန်းစုမှာ အမေရိကန် စစ်အခြေစိုက်စခန်းတည်ဆောက်ဖို့ဆိုတာ လုံးဝဖြစ်နိုင်တဲ့ ကိစ္စမဟုတ်ဘူးလို့ ရုရှားသမ္မတ ဗလာဒီမာပူတင်ကို ပြောခဲ့တာရှိပါတယ်။

ဆိုခွင့်ရှိသူ ဒီမီထရီ ပက်ကော့ဗ်ကဆိုပါတယ်။

ရုရှားနဲ့ ဂျပန်တို့ရဲ့ ကျွန်းတွေနဲ့ ပတ်သက်ပြီး တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်အငြင်းပွားမှုဟာ ယခုအချိန်ကတည်းကမှ မဟုတ်ပါဘူး။ ဟိုးအရင် ဒုတိယကမ္ဘာစစ်ကတည်းကပါ။

သို့သော်လည်း အခုချိန်ထိ အဆိုပါ အငြင်းပွားမှုဟာ ပြေလည်သွားတယ်လို့ မရှိသေးပါဘူး။ ဂျပန်နိုင်ငံအနေနဲ့ အချုပ်အခြာ ပိုင်နက်အငြင်းပွားမှုကို ရုရှားတာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးသွားဖို့ စိတ်အားထက်သန်လျက်ရှိပါတယ်။

> “ရုရှား- ဂျပန်အငြင်းပွားကျွန်းနဲ့ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်ရန် နှစ်ဖက်နိုင်ငံများမှ ဒုတိယနိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်ဖို့ စီစဉ်နေဆဲမှာ ရုရှားဝန်ကြီးချုပ် ဒီမီထရီမက်ဗီဒက်ဟာ ရုရှားစစ်လေယာဉ်တွေကို ဂျပန်နိုင်ငံအနီး အငြင်းပွားကျွန်းဆွယ်မှာ ဖြန့်ကြက်ချထားဖို့ အမိန့်ထုတ်ပြန်လိုက်တာ ဖြစ်ပါတယ်၊ ဒါကို တစ်နည်းပြောရမယ်ဆိုလို့ ရှိရင် အမေရိကန်ထက် လက်ဦးမှုရယူလိုက်တာပဲဖြစ်ပါတယ်”



ပြီး အငြင်းပွားမှုတွေဟာ တကယ့်ကို မပြေလည်နိုင်တဲ့ အမယ်ဘုတ်ရဲ့ သူ့ချည်ခင်လိုပဲ ရှုပ်ထွေးလှပါတယ်။ အဆိုပါ ကျွန်းတွေနဲ့ ပတ်သက်ပြီး ဂျပန်နိုင်ငံနဲ့ ရုရှားတို့ဟာ အခုချိန်ထိ နားလည်မှုစာချွန်လွှာမှာ လက်မှတ်မရေးထိုးနိုင်စစ်လေယာဉ်တွေကို အမြဲပဲဖြန့်ကြက်သွားမလားဆိုတာတော့ ရှင်းရှင်းလင်းလင်း ထုတ်ပြန်ကြေညာခြင်း မရှိသေးပါဘူး။

အမည်မဖော်ပြလိုတဲ့ စစ်ဘက်ဆိုင်ရာ သတင်းအရင်းအမြစ်ကို ကိုးကားပြီး ကွန်မာဆန့်သတင်းစာမှာ ဖော်ပြတာ

### ဆက်လက်ဆွေးနွေးသွားမှာဖြစ်

အချုပ်အခြာပိုင်ဆိုင်မှု ပြဿနာတွေနဲ့ပတ်သက်ပြီး အဖြေကောင်းကောင်းလိုတယ်လို့ သံရုံးဖော်ပြချက်မှာ ဆက်လက်ဖော်ပြထားပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ ကျယ်ပြန့်လှတဲ့ အချုပ်အခြာပိုင်နက်

### ဂျပန်တို့ရဲ့တည်ရှိမှုကို လျစ်လျူမရှု

ရုရှားသမ္မတ ဗလာဒီမာပူတင်အနေနဲ့လည်း ရုရှားနဲ့ ဂျပန်နှစ်နိုင်ငံ ဆက်ဆံရေးကို ပြန်လည်သုံးသပ်ရာမှာ ဂျပန်တို့ရဲ့ တည်ရှိမှုကိုလည်း လျစ်လျူရှုမှာမဟုတ်ပါဘူးလို့ ကရင်မလင်ပြောရေး

ဟုတ်ပါတယ်။ မဆွေးနွေးနိုင်တဲ့ ကိစ္စဆိုတာမရှိပါဘူး။ ဆွေးနွေးရင်းနဲ့ ပြေလည်သွားတဲ့ ကိစ္စတွေပဲရှိတာပါ။ တစ်ဖက်နဲ့တစ်ဖက် အငြင်းပွားကျွန်းတွေနဲ့ ပတ်သက်ပြီး အပြန်အလှန် နားလည်မှုစာချုပ် ချုပ်ဆိုနိုင်မယ်ဆိုရင် ဘုတ်ကို ကျီးရိုသေ၊ ကျီးကို ဘုတ်ရိုသေဖြစ်သွားနိုင်ပြီး နှစ်နိုင်ငံ ဆက်ဆံရေးလည်း ပိုမို တိုးတက်ကောင်းမွန်လာမှာ ဖြစ်ပါတယ်။

ဒါပေမယ့်လည်း လက်ရှိမှာ ရုရှားကလည်း ဂျပန်မှာ ဖြန့်ကြက်ထားတဲ့ အမေရိကန် ဒုံးကျည်ကာကွယ်ရေးစနစ်နဲ့ ပတ်သက်ပြီး စိတ်စနိုးစနောင့်ဖြစ်နေသလို ဂျပန်နိုင်ငံကလည်း ရုရှားဝန်ကြီးချုပ် ဒီမီထရီမက်ဗီဒက်ဟာ ရုရှားစစ်လေယာဉ်တွေကို ဂျပန်နိုင်ငံအနီး အငြင်းပွားကျွန်းဆွယ်မှာ ဖြန့်ကြက်ချထားဖို့ အမိန့်ထုတ်ပြန်လိုက်တာနဲ့ပတ်သက်ပြီးတော့ လိုလားဟန်မပြပါဘူး။ ဒါပေမယ့်လည်း အဲဒီ ကိစ္စနဲ့ပတ်သက်လို့ မော်စကိုမှာရှိတဲ့ ဂျပန်သံရုံးကတော့ ကြီးကြီးမားမား မည်သည့်မှတ်ချက်ပြုပြောဆိုခြင်းမျှ မရှိသေးဘူးလို့ သိရပါတယ်။

**ကိုးကား-ရိုက်တာ**

# ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဓာတုဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာ

ဒေါက်တာ ဒေါ်နှင်းနှင်းအေး၊ ပါမောက္ခ (ဌာနမှူး)၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

**မင်္ဂလာပါတပည့်တို့။ ဒီကနေ့ဆွေးနွေးမှာကတော့ ၂၀၁၈ ခုနှစ် မတ်လမှာ ကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကို ဖြေဆိုကြမယ့် ကျောင်းသား၊ ကျောင်းသူများအတွက် အထောက်အကူဖြစ်စေဖို့ ပြဋ္ဌာန်းစာအုပ်ပါအကြောင်းအရာနဲ့ သတိပြုရမယ့် အချက်အလက်တွေပဲ ဖြစ်ပါတယ်။**

ပထမဦးစွာ ဓာတုဗေဒ မေးခွန်းပုံစံနဲ့ အမှတ်ခွဲဝေမှုတို့ကို ရှင်းပြလိုပါတယ်။ မေးခွန်းဟောင်းပုံစံအရ မေးခွန်းမှာ Section-A နဲ့ Section-B ဆိုပြီးအပိုင်း နှစ်ပိုင်းပါဝင်ပါတယ်။ Section-A မှာ Objective type တွေဖြစ်တဲ့ TRUE/ FALSE, Fill in the blanks, Multiple choice နဲ့ Matching တွေကို နံပါတ် ၁ မှ နံပါတ် ၄ အထိ တစ်မှတ်တန် မေးခွန်း ခုနစ်ပုဒ်စီ အသီးသီး မေးထားပါတယ်။ နံပါတ် ၅ မှာ တစ်မှတ်တန် Definition ရှစ်ပုဒ်မေးထားတဲ့အတွက် စုစုပေါင်း ၃၆ မှတ်ဖိုး ဖြေဆိုရပါမယ်။

Section-B မှာတော့ short question ဆိုတဲ့ ၂ မှတ်တန် မေးခွန်းခြောက်ပုဒ်ကို နံပါတ် (၆)မှာ မေးထားပါတယ်။ အားလုံးဖြေဆိုရမှာဖြစ်ပြီး ရွေးချယ်ခွင့်မရှိပါဘူး။ နံပါတ် (၇) မှာတော့ Medium question ဖြစ်တဲ့ လေးမှတ်တန် မေးခွန်း ရှစ်ပုဒ်မေးပြီး ငါးပုဒ်၊ နံပါတ် ၈ မှာတော့ ရှစ်မှတ်တန် ရှစ်ပုဒ်မေးပြီး လေးပုဒ်ဖြေဆိုရပါမယ်။ ဒါကြောင့် Section-B မှာ စုစုပေါင်း ၁၀၈မှတ်ထဲက ၆၄ မှတ်ဖိုး ဖြေဆိုရပါမယ်။ စုစုပေါင်း အမှတ် ၁၀၀ ဖိုး ဖြေဆိုရပါမယ်။

ပထမဦးစွာ မေးခွန်းနံပါတ် ၁ မှ ၅ အတွက် ဖြေဆိုတဲ့အခါမှာ သတိပြုရမယ့်အချက်တွေကို ရှင်းပြပါမယ်။

မေးခွန်း ၁ အမှား အမှန်ရွေးချယ်စေတဲ့မေးခွန်းမှာ အဖြေကို T (သို့) F လို့ မရေးဘဲ TRUE (သို့) FALSE လို့ အပြည့်အစုံရေးမှသာ အမှတ်ပြည့်ရနိုင်မှာ ဖြစ်ပါတယ်။

မေးခွန်း ၂ ကွက်လပ်ဖြည့်တဲ့မေးခွန်းဖြေရာမှာ စာလုံးပေါင်းမှန်ရမယ့်အပြင် ပြည့်စုံရပါမယ်။ စာကြောင်းရဲ့အစ ဖြစ်ရင်တော့ capital letter နဲ့ ဖြေရပါမယ်။

မေးခွန်း ၃ ရွေးချယ်တဲ့မေးခွန်းကို ဖြေဆိုတဲ့အခါ တိကျဖို့လိုပါတယ်။ အဖြေမှန် ၁ ထက် ပိုဖြေမိရင်လည်းကောင်း၊ အဖြေမှန် ၂ ခုကို တစ်ခုတည်းဖြေရင်လည်းကောင်း အမှတ်မရနိုင်ပါဘူး။

မေးခွန်း ၄ ယှဉ်တွဲခြင်းမေးခွန်းအတွက် ပုဒ်ခွဲနံပါတ်အပြင် စာသားများအားလုံး အပြည့်အစုံဖော်ပြ ဖြေဆိုရပါမယ်။ ပုဒ်ခွဲနံပါတ်တို့ဖြင့်သာ ယှဉ်တွဲဖော်ပြမယ်ဆိုရင် အမှတ်မရနိုင်ပါဘူး။ တစ်စုံမှားတွဲရင် နောက်တစ်စုံဟာ အလိုလိုအတွဲမှားသွားနိုင်တဲ့အတွက်ကြောင့် ဖြေဆိုရာမှာ သေသေချာချာစဉ်းစားပြီးမှ ယှဉ်တွဲပေးဖို့လိုပါတယ်။

မေးခွန်းနံပါတ် ၁ မှ ၄ အထိ Objective types မေးခွန်းတွေကို အမှတ်ပြည့်ရလိုရင်တော့ ဖတ်စာအုပ် တစ်အုပ်လုံးကို နှံ့နှံ့စပ်စပ် သိရှိလေ့လာထားရပါမယ်။

မေးခွန်း ၅ ရဲ့ Definition ကို စာသားနဲ့ပဲ ဖြေဆိုရပါမယ်။ အကြောင်းအရာချင်းတူနေလျှင် ဖြစ်စေ၊ အဓိပ္ပာယ်ပြောင်းလဲမှုမရှိလျှင်ဖြစ်စေ မည်သည့် Definition ကိုမဆို ဖြေဆိုလို့ရပါတယ်။

Section-B မှာပါတဲ့ မေးခွန်း ၆ မှ ၈ အထိ မေးခွန်းတွေမှာ definition, explanation, calculation, description, problem solving, discussion, balancing the equation and completion of the chemical reaction တွေနဲ့ပတ်သက်တဲ့ မေးခွန်းမျိုးတွေပါပါတယ်။ ဒီ Section-B မှာ definition, law, explanation မေးရင် နှစ်မှတ်ပေးတာကြောင့် example တွေ၊ Mathematical expression တွေပါ ထည့်ဖြေရပါမယ်။

Chapter (1) The Electronic Structures of Atoms, Periodic Table and Chemical Bonds အခန်းမှာ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဒြပ်စင်တစ်ခုရဲ့ အက်တမ်တစ်ခုမှာပါတဲ့ p,ē, n အရေအတွက်ကို တွက်ချက်မှု၊ ပါဝင်တဲ့ ē တွေရဲ့ တည်ဆောက်ပုံ၊ Electronic structures, Complete electronic structures နဲ့ Essential electronic structures၊ ဒီဒြပ်စင်ရဲ့ Periodic table ရှိ တည်နေရာများအပြင် ဒီဒြပ်စင်ရဲ့ valency, အမျိုးအစားတွေကို ရှာတတ်ရမယ်။ ဒြပ်စင်အချင်းချင်းပေါင်းစပ်တဲ့အခါ ဖြစ်လာမယ့် ဓာတ်စည်းအမျိုးအစား၊ ဒီဖြစ်လာမယ့် ဒြပ်ပေါင်းရဲ့ electron dot – cross structure တွေကို ရေးတတ်ဖို့လိုပါတယ်။ octet rule ကိုလိုက်နာတဲ့ ဒြပ်ပေါင်းရှိသလို သွေဖည်တဲ့ ဒြပ်ပေါင်းတွေလည်း ရှိတယ်ဆိုတာ သိထားရမယ်။ နောက်ပြီးတော့ Ionic compounds နဲ့ Covalent compounds တွေရဲ့ ခြားနားချက်တွေကိုလည်း သိထားရမယ်။

ဥပမာ- $Al_{13}$ ရဲ့ Electronic structure ဆိုရင် 2.8.3 (သို့) $1s^2\ 2s^2\ 2p^6\ 3s^2\ 3p^1$ လို့ ရေးနိုင်တယ်။ Complete electronic structure ဆိုရင်တော့ $1s^2\ 2s^2\ 2p^6\ 3s^2\ 3p^1$ လို့ sub-shell တွေနဲ့ အပြည့်အစုံရေးရမယ်။ Essential electronic structure ဆိုရင် outermost shell $3s^2\ 3p^1$ ကိုပဲ ရေးရမယ်။ position ဆိုရင် Period 3, Group IIIB ဖြစ်ပြီး Valency 3 ဖြစ်တယ်။ type of element ဆိုရင် broken line ရဲ့ ဘယ်ဘက်ကပ်လျက်ရှိနေပေမယ့် metal ဖြစ်တယ်။ ဒီဒြပ်စင် Al ကို F ရ Cl နဲ့ ပေါင်းတဲ့အခါ ionic bond ဖြစ်နိုင်သလို covalent bond လည်းဖြစ်နိုင်တယ်။ ပေါင်းစပ်တဲ့ ဒြပ်စင် နှစ်ခုရဲ့ ဓာတ်မ ဆွဲအားခြားနားခြင်းအပေါ် မူတည်ပါတယ်။ $AlF_3$ ဟာ ionic compound ဖြစ်ပြီး $AlCl_3$ ဟာ covalent compound ဖြစ်တယ်။ $AlCl_3$ ဟာ electron deficient compound ဖြစ်ပြီး ယင်းတို့ရဲ့ e dot-cross structure ကိုလည်း ရေးတတ်ရမယ်။

Al ဟာ dark line ရဲ့ဘယ်ဘက်မှာရှိပြီး p-block element ဖြစ်ပေမယ့် metal ဖြစ်တယ်၊ metal နဲ့ non-metal ပေါင်းရင် ionic bond ဖြစ်တယ်ဆိုပေမယ့် Al metal နဲ့ Cl non metal ပေါင်းရင် covalent bond ဖြစ်တယ်။ ဒါ့အပြင် alkaline earth metal ဖြစ်တဲ့ Be နဲ့ non-metal Cl ပေါင်းရင်လည်း covalent bond ပဲဖြစ်တယ်ဆိုတာတွေကို သတိထားရလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ionic bond, covalent bond ဖြစ်နိုင်မှုဟာ ပေါင်းစပ်တဲ့ atom နှစ်ခုရဲ့ လျှပ်စစ်ဓာတ်မဆွဲအားခြားနားမှု (electronegativity difference) အပေါ်မှာ မူတည်လို့ပဲ။ ဥပမာ- $AlF_3$ မှာ Al နဲ့ F ဟာ ionic bond ဖြစ်ပြီး၊ $AlCl_3$ မှာ Al နဲ့ Cl ဟာ covalent bond ဖြစ်တယ်။ Al နဲ့ F ရဲ့ လျှပ်စစ်ဓာတ်မဆွဲအားခြားနားမှုဟာ ၁.၅ ထက်ကြီးပြီး Al နဲ့ Cl ရဲ့ လျှပ်စစ်ဓာတ်မဆွဲအားခြားနားမှုဟာ ၁.၅ ဖြစ်တဲ့အတွက်ကြောင့် ဖြစ်တယ်။ Ionic compounds နဲ့ Covalent compounds တွေရဲ့ ခြားနားချက်တွေကိုလည်း သိထားရမယ်။

Molecule တစ်ခုတည်းရှိ atom ပေါ်မှာ lone pair ē ရှိပြီး ဒီပစ္စည်းက ē deficient molecule နဲ့ ပေါင်းစပ်ရင် co-ordinate bond ဖြစ်ကြောင်း သိထားရမယ်။ ဥပမာ- ammonia ရဲ့ nitrogen atom မှာ lone pair ē ရှိပြီး $BF_3$ ရဲ့ B atom မှာ e ရှစ်လုံး ပြည့်ဖို့ နှစ်လုံးလိုနေတာကြောင့် ယင်းဒြပ်ပေါင်း နှစ်ခု ပေါင်းစပ်ရင် nitrogen က lone pair e စုံကို ပေးပြီး အဲဒီ e စုံကို N နဲ့ B တို့ဟာ ဖက်စပ်သုံးစွဲခြင်းအားဖြင့် co-ordinate bond ဖြစ်လာတယ်။ အဲဒီ co-ordinate bond ဟာ special type of covalent bond ဖြစ်ပြီး dative bond လို့လည်း ခေါ်တယ်။

Periodic table ရဲ့ group နဲ့ period အလိုက် periodic properties တွေဖြစ်တဲ့ atomic size, ionization energy, electron affinity, electronegativity နဲ့ electropositivity တွေ ပြောင်းလဲမှုကို လေ့လာတဲ့အခါ atom တွေရဲ့ size ဟာ အုပ်စုတစ်ခုတည်းမှာအပေါ်မှအောက်ကိုသွားရင် အရွယ်ကြီးလာပြီး အပိုင်းတစ်ခုတည်းမှာတော့ ဘယ်ဘက်မှ ညာဘက်သို့ သွားရင် အရွယ်ငယ်သွားတာကို တွေ့ရမယ်။ Ionization energy နဲ့ electron affinity ကတော့ atomic size နဲ့ ပြောင်းပြန်ပြောင်းလဲခြင်းဖြစ်တာကို တွေ့ရတယ်။ period တစ်ခုတည်းမှာဘယ်ဘက်မှ ညာဘက်သို့ သွားရင် electropositivity နည်းသွားပြီး electronegativity ကတော့ တိုးလာပါတယ်။

ဒါပေမယ့် ခြွင်းချက်တွေတော့ရှိတယ်။ period number 2 ထဲမှာ Be ရဲ့ ionization energy က B ထက်လည်းကောင်း၊ N ရဲ့ ionization energy ဟာ O ထက်လည်းကောင်း၊ များနေရခြင်းကတော့ Be မှာ fully filled 2s sub-shell ရှိပြီး N မှာတော့ half filled 2p sub-shell ရှိနေလို့ပါပဲ။ ပြီးတော့ Group VII B, halogens တွေထဲမှာ F ရဲ့ electron affinity က Cl ထက်ငယ်နေတဲ့ အကြောင်းကတော့ F atom ဟာ အလွန်သေးငယ်တဲ့အတွက် ဝင်လာတဲ့ electron ကို F atom မှာ ရှိပြီးသား electron ကိုးလုံးက ပြင်းထန်စွာ တွန်းကန်ကြတဲ့ F atom ရဲ့ anomalous behaviour ကြောင့် ဖြစ်တယ်။

Periodic table ထဲမှာ ionization energy အနည်းဆုံးအုပ်စုနဲ့အများဆုံး အုပ်စုရှိသလို electron affinity အနည်းဆုံးအုပ်စုနဲ့ အများဆုံးအုပ်စုလည်း ရှိပါတယ်။ Group I A (alkali metals) ဟာ ionization energy ရော electron affinity ပါ အနည်းဆုံးရှိပါတယ်။ Group IA metals တွေရဲ့ အပြင်ဘက်ဆုံးအခွံမှာ electron တစ်လုံးတည်းရှိနေတာကြောင့် စွမ်းအင်အနည်းဆုံးသုံးပြီး electron ကို လွယ်ကူစွာ ဖယ်ထုတ်နိုင်တဲ့အတွက် ionization energy နည်းပါတယ်။ electron affinity အတွက်ဆိုရင်လည်း အဲဒီ electron တစ်လုံးကို ကောင်းစွာ ထိန်းချုပ်မထားနိုင်တဲ့အတွက် နောက်ထပ် electron တစ်လုံး ထပ်ထည့်ဖို့ခက်ခဲတဲ့အတွက် ထွက်ပေါ်လာတဲ့ energy ကနည်းသွားရခြင်း ဖြစ်ပါတယ်။ Group 0 (noble gases) က element တွေဟာ တည်မြဲတဲ့ electron တည်ဆောက်ပုံ ပိုင်ဆိုင်ထားတဲ့အတွက် အပြင်ဘက်ဆုံး electron တစ်လုံးဖယ်ဖို့ခက်ပြီး စွမ်းအင်များများသုံးရလို့ ionization energy များရခြင်းဖြစ်တယ်။ Group VII B (halogens) မှ element များမှာတော့ အပြင်ဘက်ဆုံးအခွံမှာ electron ခုနစ်လုံး ရှိကြပါတယ်။ နောက်ထပ် electron တစ်လုံးထပ်ထည့်လိုက်ရင် noble gases တွေရဲ့ တည်ဆောက်ပုံဖြစ်သွားကြလို့ electron ထည့်ဖို့လွယ်ကူပြီး electron affinity များရခြင်းဖြစ်တယ်ဆိုတာ နားလည်ဖို့ လိုအပ်ပါတယ်။

အခန်း (၂) မှာတော့ ဓာတ်ငွေ့နဲ့သက်ဆိုင်တဲ့နိယာမများကို အဓိပ္ပာယ်ဖွင့်ဆိုချက်များအပြင် mathematical expression, mathematical formula/ equation, constant terms, measurable quantities နဲ့ units တွေပါ သိထားဖို့လိုအပ်ပါတယ်။ Gas law နဲ့ ပတ်သက်တဲ့ပုစ္ဆာတွေ တွက်တဲ့အခါမှာလည်း အသုံးပြုရမယ့် gas law equation နဲ့ unit များကို မှန်ကန်စွာရေးတတ်ဖို့လိုပါတယ်။ unit များ မလိုအပ်ပါက မထည့်မိဖို့ သတိထားရပါမယ်။ law တွေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် (သို့) mathematical expression/ formula ပေးပြီး law အမည်ကို ပြန်ရေးတဲ့အခါ အပြည့်အစုံဖော်ပြရပါမယ်။ mathematical expression နဲ့ mathematical equation မတူတာ သေချာစွာသိထားဖို့လိုပါတယ်။

ဒီအခန်းမှာ ဓာတ်ငွေ့ one mole ရဲ့ mass နဲ့ one molecule ရဲ့ mass တွေကို ခွဲခြားတတ်ရမယ်။ One mole of $H_2$ ရဲ့ mass ဆိုရင် 2 g ဖြစ်ပြီး one molecule of $H_2$ ရဲ့ mass ဆိုရင် 2 amu ဖြစ်တယ်ဆိုတာ သိရမယ်။

Chapter (3) Stoichiometry uawmh law of conservation of mass, relative masses of atoms, the concept of the mole အစရှိတဲ့ ဓာတုနိယာမ၊ စည်းမျဉ်းတွေအပေါ်အခြေခံပြီး ဓာတ်ပြုခြင်း တစ်ခုမှာပါတဲ့ ဓာတ်ပြုပစ္စည်း/ ဓာတ်ဖြစ်ပစ္စည်းတို့ရဲ့ ပမာဏ၊ ဓာတ်ပြုပစ္စည်း (သို့) ဓာတ်ဖြစ်ပစ္စည်းတွေရဲ့ formula mass/formula weight, % composition, molecular mass (formula mass), relative molecular mass နဲ့ molar mass တွေကို တွက်ချက်တတ်ရပါမယ်။ ဓာတ်ပစ္စည်းတွေရဲ့ ပမာဏကို mole (သို့) millimole နဲ့ တွက်ချက်ခြင်းတို့ကို သိရှိနားလည်ရပါမယ်။ ဓာတ်ပြုခြင်းတစ်ခုမှာ ပါဝင်တဲ့ ဓာတ်ပြုပစ္စည်းများအနက် ဓာတ်ပြုညီမျှခြင်းအရ လိုအပ်တာထက် နည်းပါးစွာ ပါဝင်နေတဲ့ပစ္စည်းကို limiting substance လို့ ခေါ်ပါတယ်။ အဲဒီဓာတ်ပြုခြင်းက ဖြစ်ပေါ်လာတဲ့ ဓာတ်ပစ္စည်းပမာဏဟာ limiting substance ပေါ် မူတည်နေပါတယ်။

Volumetric analysis ကတော့ ထုထည်တိုင်းဓာတ်ခွဲခြင်းဖြစ်ပါတယ်။ ဒီအပိုင်းမှာ Burette, Pipette, Conical flask, titration, standardization, molarity, molar solution, equivalence point နဲ့ end point အစရှိတဲ့ အသုံးအနှုန်းတွေကို သိရှိထားရပါမယ်။ ပျော်ရည်များကို အသုံးပြုပြီး titration ပြုလုပ်ခြင်းဖြင့် ရရှိလာတဲ့အဖြေပေါ်မူတည်ပြီး ဓာတ်ပြုညီမျှခြင်းအရ ယင်းပျော်ရည်များရဲ့ ပြင်းအား (molarity) တွက်ချက်ခြင်းတွေ၊ စံပျော်ရည် (ပြင်းအားသိပျော်ရည်) ဖျော်ယူခြင်း၊ စံပျော်ရည်များ အသုံးပြုပြီး acid-base titration လုပ်ဆောင်နိုင်ခြင်းတို့ကို သိရှိနားလည်ဖို့လိုပါတယ်။ Molarity (concentration) ရဲ့ unit တွေကိုလည်း သတိထားရမယ်။ amount of solute ကို mole နဲ့ ပြရင် ထုထည်ကို $dm^3$ နဲ့ ထားရပြီး millimole နဲ့ ပြရင်တော့ Volume ကို $cm^3$ နဲ့ ရေးရမှာဖြစ်တယ်။

Dilution of solution (ပျော်ရည်ရေရောခြင်း) ပုစ္ဆာမျိုးကိုတွက်မယ်ဆိုရင် ယင်းပျော်ရည်ထဲမှာရှိတဲ့ total amount of substance (mole or millimole) မပြောင်းမှ $M_1V_1 = M_2V_2$ နဲ့ တွက်လို့ ရပါမယ်။ titration ပုစ္ဆာတွေတွက်ရင် balanced equation ကို မှန်ကန်အောင် ရေးနိုင်ဖို့အရေးကြီးပါတယ်။ Chemical formula မှားရင် equation မှားမယ် (သို့) formula မှန်နေပေမယ့် equation ညီတာ မညီခဲ့ရင် mole ratio မှားပြီး ပုစ္ဆာတစ်ပုဒ်လုံး မှားသွားနိုင်တယ်ဆိုတာ အထူးဂရုစိုက်ရပါမယ်။ Molarity ရှာတဲ့အခါ Molarity ပုံသေနည်းကို မှန်ကန်ပြည့်စုံစွာရေးပြီးမှ တွက်ရပါမယ်။

Chapter (4) Electrolysis အခန်းကတော့ ပျော်ရည်အခြေအနေအမျိုးမျိုးတို့ကို လျှပ်ခေါင်းတိုင်အမျိုးမျိုးပြောင်းပြီး လျှပ်စစ်ဓာတ်ဖြိုခွဲခြင်းတွေကို လေ့လာတဲ့ အကြောင်းအရာဖြစ်ပါတယ်။ ဒီအခန်းမှာ conductor နဲ့ Insulator ခြားနားချက်၊ electrolytes နဲ့ non-electrolytes ခြားနားချက်တွေကို နားလည်သဘောပေါက်ရန် လိုအပ်ပါတယ်။ Conductor ဟာ အခဲအခြေအနေဖြစ်စေ၊ အရည်အခြေအနေဖြစ်စေ၊ လျှပ်ကူးနိုင်တယ်။ metallic lattice ထဲမှာ valence ē တွေ ရှိလို့ဖြစ်တယ်။ Cu, Ag တို့ဟာ solid conductor ဖြစ်ပြီး mercury ကတော့ liquid conductor ဖြစ်တယ်။ Insulator ကတော့ metallic lattice မရှိတဲ့အတွက် လျှပ်မကူးနိုင်ဘူး။ ဥပမာ-သစ်သား၊ စက္ကူ၊ ရော်ဘာ၊ ပလတ်စတစ်၊ ပိတ်စတွေပေါ့။ electrolyte တွေကတော့ electrovalent compound ဖြစ်ပြီး အခဲရည်ပျော် (သို့) ဖျော်ထားသော ပျော်ရည်မှာ ion တွေ ရွေ့လျားလို့ လျှပ်ကူးနိုင်တယ်။ ဥပမာ- NaCl အခဲရည်ပျော်နဲ့ NaCl ရေပျော်ရည်တွေဖြစ်တယ်။ Non-electrolyte တွေက covalent compound ဖြစ်ပြီး molecule တွေဖြစ်တယ်။ ion တွေမပါလို့ လျှပ်မကူးနိုင်ဘူး။ ဥပမာ-သကြားပျော်ရည်၊ ယူရီးယားပျော်ရည်တွေပေါ့။ နောက်တစ်ချက် သိထားရမှာကတော့ electron flow နဲ့ current flow တွေရဲ့ လားရာဟာ ပြောင်းပြန်ဖြစ်တယ်။ electron flow ရဲ့ လားရာက ဓာတ်မတိုင်မှ ဓာတ်ဖိုတိုင်သို့ စီးသွားမှာဖြစ်ပြီး current flow ကတော့ ဓာတ်ဖိုတိုင်မှ ဓာတ်မတိုင်သို့ ဦးတည်စီးသွားမှာဖြစ်တယ်။

Electrolysis လုပ်ရာမှာ molten salt (အခဲရည်ပျော်) နဲ့ aqueous salt (ဆားပျော်ရည်) ဘယ်လို ကွာခြားသလဲ၊ ဘယ်လိုရလာသလဲဆိုတာ သိထားရပါမယ်။ molten salt မှာ salt မှ ထွက်လာတဲ့ Cation တစ်မျိုးနဲ့ anion တစ်မျိုးစီသာပါပြီး aqueous salt မှာတော့ အဲဒီ ion များအပြင် ရေမှ ထွက်လာတဲ့ $H^+$ နဲ့ $OH^-$ ions တွေ ပါလာမှာဖြစ်လို့ electrode reaction ရေးရင် ထည့်သွင်း စဉ်းစားရပါမယ်။ ပျော်ရည်အမျိုးမျိုးကို လျှပ်စစ်ဓာတ်ဖြိုခွဲခြင်းမှ ရလာတဲ့ ဓာတ်ဖြစ်ပစ္စည်းများဟာ electrochemical series မှာရှိတဲ့ သတ္တုများနဲ့အုပ်စုများရဲ့ တည်နေရာ၊ လျှပ်လိုက်ပစ္စည်းများရဲ့ ပါဝင်ကိန်း၊ လျှပ်ခေါင်းတိုင်များရဲ့ သဘာဝစသည့်အချက်များက လွှမ်းမိုးနေကြောင်း သိထားရမယ်။

ဒါမှ Cathode နဲ့ Anode reactions များရေးနိုင်ပြီး ဘယ်ဓာတ်ဖြစ်ပစ္စည်းက Cathode မှထွက်ပြီး ဘယ်ဓာတ်ဖြစ်ပစ္စည်းက anode မှာထွက်မယ်ဆိုတာ မှန်ကန်စွာ ဆုံးဖြတ်နိုင်ပါမယ်။ ဥပမာ- fused (သို့) molten NaCl ဆိုရင် ရေမပါဘူး။ $Na^+$ နဲ့ $Cl^-$ ion တွေပဲရှိတယ်။ ဒါကြောင့် cathode မှာ $Na^+$ ကပ်တင်ပြီး anode မှ $Cl_2$ gas ထွက်မယ်။ Dilute NaCl ဆားပျော်ရည်ဖြစ်ရင်တော့ $Na^+$, $Cl^-$ အပြင် $H^+$, $OH^-$ တို့ကိုပါ စဉ်းစားရမယ်။ electrochemical series ရဲ့ position အောက်ဘက်ရောက်ရင် discharge ဖြစ်လွယ်လို့ $H_2$ နဲ့ $O_2$ gas တွေထွက်မယ်။ Moderately concentrated NaCl solution ကြောင့် Anode မှာ $O_2$ မထွက်ဘဲ $Cl_2$ ထွက်မယ်။ Brine ကို Pt or graphite သုံးပြီး electrolysis လုပ်မယ်ဆိုရင်လည်း NaCl ရဲ့ပြင်းအားများတာကြောင့် concentration effect ရှိတယ်။ Anode မှာ $Cl_2$ ပဲထွက်မယ်။ ဒါပေမယ့် Brine ကို graphite anode နဲ့ mercury cathode ကို သုံးပြီး electrolysis လုပ်ရင်တော့ nature of electrode နဲ့ concentration effect တွေပေါ်မှာမူတည်ပြီး product တွေ ထွက်မယ်။

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

Faraday's laws တွေကို အသုံးပြုပြီး သတ္တုဒြပ်စင်တွေရဲ့ relative molecular mass၊ cathode ပေါ်မှာ ကပ်တင်တဲ့ သတ္တုပမာဏ၊ electrolysis လုပ်နေစဉ် ဖြတ်သန်းတဲ့လျှပ်စစ်ပမာဏနဲ့ anode မှာ ထွက်လာတဲ့ဓာတ်ငွေ့ ထုထည်တွေကို တွက်ယူနိုင်ပါတယ်။

Electroplating လုပ်ငန်းများဖြစ်တဲ့ ကြေးရည်စိမ်ခြင်း၊ ငွေရည်စိမ်ခြင်းနှင့် ခရိုမီယမ်စိမ်ခြင်းတွေမှာလည်း Faraday's first law သုံးပြီး သတ္တုရည် စိမ်မယ့် ပစ္စည်းပေါ်မှာ ကပ်တင်စေမယ့်သတ္တုပမာဏ၊ လျှပ်စစ်ဖြတ်သန်းစေရမယ့်အချိန်၊ ဖြတ်သန်းရမယ့်လျှပ်စစ်ပမာဏတို့ကို ကြိုတင်တွက်ယူနိုင်ပါတယ်။ object ကိုတော့ cathode မှာပဲ ထားရမယ်ဆိုတာ သေသေချာချာမှတ်သားထားစေလိုပါတယ်။

Chapter (5) Oxidation and Reduction အခန်းမှာတော့ oxidation နဲ့ reduction တွေရဲ့ အဓိပ္ပာယ်ကို ရှုထောင့်အမျိုးမျိုးမှ ဖွင့်ဆိုသတ်မှတ်တာတွေ ပါပါတယ်။ ဒြပ်စင်တွေ၊ ဒြပ်ပေါင်းတွေနဲ့ ions တွေမှာရှိတဲ့ element တွေရဲ့ Oxidation no. တွက်ပုံတွက်နည်းကို လေ့ကျင့်ထားရပါမယ်။ Oxidation no. ရေးရင် သင်္ချာဂဏန်းရဲ့ရှေ့မှာ (+) (-) လက္ခဏာထည့်ပြီး ဖော်ပြရပါမယ်။ Ion တွေရဲ့ charge ကိုရေးရင် သင်္ချာဂဏန်းရဲ့နောက်မှာ လက္ခဏာထည့်ရမယ်။

Oxidizing agent (ဓာတ်တိုးစေသောပစ္စည်း) နဲ့ reducing agent (ဓာတ်လျှော့စေသောပစ္စည်း) ခြားနားချက်တွေကတော့ electron တွေကိုလက်ခံတဲ့ ပစ္စည်းဟာ Oxidizing agent ဖြစ်ပြီး electron ထုတ်ပေးတဲ့ပစ္စည်းက reducing agent ဖြစ်တယ်။ တခြားပစ္စည်းတွေကို ဓာတ်တိုးစေပြီး ကိုယ်တိုင်ဓာတ်လျှော့ရင် Oxidizing agent ဖြစ်တယ်။ တခြားပစ္စည်းတွေကို ဓာတ်လျှော့စေပြီး ကိုယ်တိုင် ဓာတ်တိုးရင် reducing agent ဖြစ်တယ်။

Redox reaction တွေမှာ reducing agent ရှိ ē တွေက oxidizing agent ဆီသို့ ကူးပြောင်းသွားတာကို သဘောပေါက်နားလည်ရမယ်။

Chapter (4) Electrolysis အခန်းမှာ တွေ့ခဲ့ရတဲ့ Electrolytic process တွေမှာ Redox reaction တွေ ပါဝင်နေတယ်။ ဓာတ်ဖို ion တွေက cathode မှာ ဓာတ်လျှော့ခြင်း ဖြစ်ပေါ်ကြပြီးတော့ ဓာတ်မ ion တွေက anode မှာ ဓာတ်တိုးခြင်းဖြစ်တယ်ဆိုတာ ရှင်းရှင်းလင်းလင်းသိထားမှ electrode တွေပေါ်မှာ ဖြစ်ပေါ်တဲ့ half-reaction တွေကို မှန်မှန်ကန်ကန်ရေးနိုင်မှာဖြစ်တယ်။

ဓာတ်တိုးဓာတ်လျှော့ညီမျှခြင်းညှိရာမှာ ညှိပုံ (၂)မျိုး oxidation number method နဲ့ half-reaction method ရှိပါတယ်။ မေးခွန်းမှာ ဘယ်နည်းနဲ့မေးမေး အဆင့်ဆင့်ဖြေဆိုနိုင်အောင် လေ့ကျင့်ထားဖို့လိုပါတယ်။ oxidation no. method နဲ့ဖြေမယ်ဆိုရင် ပေးထားတဲ့ ညီမျှခြင်းမှာပါတဲ့ ဓာတ်တိုး ဓာတ်လျှော့ဖြစ်တဲ့ element (သို့) ion တွေအပေါ်မှာ element/atom တစ်လုံးရဲ့ oxidation no. ကို ဖော်ပြခြင်း၊ oxidize (- e)၊ reduce (+e) ရေးခြင်း၊ ē transfer အရေအတွက် (oxidation ဖြစ်တဲ့ atom အတွက် electron ဆုံးရှုံးမှုနဲ့ reduction ဖြစ်တဲ့ atom က ē ရရှိမှု) တွေကို မှန်မှန်ကန်ကန် ရေးပေးရပါမယ်။ oxidation no. ကို သက်ဆိုင်ရာ အက်တမ်ရဲ့အပေါ်မှာပဲ ရေးဖို့၊ ခဲတံနဲ့မရေးမိဖို့လည်း သတိပြုရပါမယ်။

Half-reaction method ဆိုရင်တော့ oxidation နဲ့ reduction ဖြစ်တဲ့ half-reaction နှစ်ကြောင်းခွဲရေးပြီး အဆင့်ဆင့်မှန်ကန်စွာ ဖြေဆိုပေးရပါမယ်။ နောက်ဆုံးအဖြေထုတ်တဲ့ညီမျှခြင်းကို အသေးငယ်ဆုံး mole အရေအတွက်နဲ့ ဖော်ပြရမယ်။

Chapter (6) Rates of Reactions and Equilibria အခန်းမှာတော့ ဓာတ်ပြုနှုန်းနဲ့ ဓာတ်ပြုမျှခြေဆိုင်ရာအကြောင်းအရာတွေ ပါပါတယ်။ ဓာတ်ပြုနှုန်းဆိုတာ အချိန်တစ်ယူနစ်အတွင်း ဓာတ်ပြုပစ္စည်း (သို့) ဓာတ်ဖြစ်ပစ္စည်းများရဲ့ပြောင်းလဲခြင်းဖြစ်တယ်။ ဓာတ်ပြုနှုန်းနှေးရင် အချိန်ကြာပြီး ဓာတ်ပြုနှုန်းမြန်ရင် အချိန်တိုပါတယ်။ ဒါကြောင့် ဓာတ်ပြုနှုန်းဟာ အချိန်နဲ့ပြောင်းပြန် အချိုးကျတယ်။ လုံလောက်တဲ့စွမ်းအင်နဲ့ ဓာတ်ပြုခြင်းဖြစ်စေမယ့် သင့်လျော်တဲ့အနေအထားမှာ ဓာတ်ပြုပစ္စည်းတွေ အချင်းချင်းထိတိုက်မှု အကြိမ်များလေလေ ဓာတ်ပြုနှုန်း မြန်လေလေဖြစ်တယ်။

ဓာတ်ပြုခြင်းတစ်ခုရဲ့ မြန်ခြင်း၊ နှေးခြင်းအပေါ်သက်ရောက်တဲ့အချက် (၆) ချက်ရှိတယ်။ ဓာတ်ပြုပစ္စည်းတွေရဲ့ပါဝင်ကိန်း၊ ဖိအား၊ အပူချိန်၊ ဓာတ်ကူပစ္စည်းများ၊ ရောင်ခြည်နဲ့ ဓာတ်ပြုပစ္စည်းများရဲ့ မျက်နှာပြင်ဧရိယာတို့ဖြစ်တယ်။

Mg ribbon 1 g နဲ့ 0.5 M HCl တို့ရဲ့ ဓာတ်ပြုနှုန်းဟာ Mg ribbon 1 g နဲ့ 1 M HCl တို့ ဓာတ်ပြုနှုန်းထက် နှေးတာကို တွေ့ရတယ်။ အဲဒါဟာ effect of concentration of reactants ဖြစ်တယ်။ HCl ရဲ့ပါဝင်ကိန်းကို တူအောင်ထားပြီး Mg ကို ribbon အစား powder သုံးရင် ဓာတ်ပြုနှုန်းမြန်တာ တွေ့ရပါမယ်။ ဒါက effect of surface area of reactants ဖြစ်ပါတယ်။

Effect of pressure ကတော့ ဓာတ်ပြုခြင်းတစ်ခုတည်းရှိ ဓာတ်ငွေ့တွေနဲ့သာ သက်ဆိုင်တယ်။ Solids, liquids နဲ့ aqueous solutions တွေပါဝင်ခဲ့ရင် ဖိအားသက်ရောက်မှုမရှိနိုင်ပါ။ သံစလေးတွေဟာ oxygen 20% သာပါတဲ့ လေထဲမှာ ဖြည်းညင်းစွာလောင်ကျွမ်းပြီး pure oxygen မှာတော့ မီးပွားများထွက်ကာ ပြင်းထန်စွာလောင်ကျွမ်းတာကို တွေ့ရပါတယ်။ oxygen ပါဝင်မှုများလေလေ ယင်းဓာတ်ငွေ့ရဲ့ဖိအားလည်း များလေလေဖြစ်ပြီး ဓာတ်ပြုနှုန်းလည်းမြန်လာတယ်။

Effect of temperature မှာတော့ ဓာတ်ပြုခြင်းတွေဟာ နိမ့်တဲ့အပူချိန်ထက် မြင့်တဲ့အပူချိန်မှာ လျင်မြန်စွာ ဓာတ်ပြုနိုင်ကြတယ်။ ဒါကြောင့် ရေခဲသေတ္တာထဲမှာ သိမ်းဆည်းထားတဲ့ အစားအစာတွေဟာ အခန်းအပူချိန်မှာထားတဲ့ အစားအစာတွေထက် ပုပ်သိုးပျက်စီးမှုနှေးတာကို တွေ့နိုင်ပါတယ်။ အပူချိန် ၁၀ ဒီဂရီ မြင့်လာရင် ဓာတ်ပြုနှုန်းဟာ ၂ ဆ ပိုမြန်လာတယ်လို့ဆိုပါတယ်။

Effect of catalysts မှာ positive catalysts နဲ့ negative catalysts နှစ်မျိုးရှိတယ်။ $H_2O_2$ ကို $MnO_2$ အပေါ်တစ်စက်ချင်း ချလိုက်ရုံနဲ့ ရေနဲ့အောက်ဆီဂျင်အဖြစ် အမြန်ဆုံးပြိုကွဲသွားနိုင်လို့ $MnO_2$ ဟာ positive catalyst ဖြစ်တယ်။ ဒါပေမယ့် glycerine ကတော့ $H_2O_2$ ပြိုကွဲနှုန်းကို နှေးစေလို့ negative catalyst ဖြစ်တယ်။

Enzyme (biocatalyst) ကို သက်ရှိတွေရဲ့ တစ်သျှူးတွေမှာ တွေ့ရတယ်။ အစာခြေအင်ဇိုင်းများဖြစ်တဲ့ တံတွေးထဲမှ ptylalin နဲ့ အစာအိမ်အရည်ထဲမှ pepsin enzymes တွေဟာ starch နဲ့ proteins တို့လို မော်လီကျူးကြီးတွေကို ခန္ဓာကိုယ်ဆဲလ်များမှအသုံးပြုနိုင်တဲ့ sugar လို သေးငယ်တဲ့ မော်လီကျူးများအဖြစ် ချေဖျက်ရာမှာ လျင်မြန်စေတဲ့အတွက် ယင်းအင်ဇိုင်းများဟာ positive catalysts များဖြစ်ကြတယ်။

Effect of radiation ကို ဓာတ်ပြုခြင်းတချို့မှာ တွေ့နိုင်ပါတယ်။ $H_2$ နဲ့ $Cl_2$ gas တို့ဟာ တောက်ပတဲ့ နေရောင်အောက်မှာ ပြင်းထန်စွာပေါက်ကွဲပြီး ဓာတ်ပြုနိုင်တယ်။ အလင်းရောင်စုပ်ယူပြီးမှဖြစ်တဲ့ ဓာတ်ပြုခြင်းကို photochemical reaction လို့ခေါ်ပါတယ်။

ဓာတ်ပြုမျှခြေ (equilibrium) နှင့် ပတ်သက်ပြီးသိထားရမှာတွေရှိတယ်။ ဓာတ်ပြုခြင်း တစ်ခုမျှခြေရောက်ဖို့ ဒီဓာတ်ပြုခြင်းဟာ အပြန်အလှန်ဓာတ်ပြုခြင်း အမျိုးအစားဖြစ်ရပါမယ်။ Reversible reaction မှာ ရှေ့သို့ဓာတ်ပြုခြင်း (forward reaction) ဆိုတာ product ဖြစ်တဲ့ဘက်၊ ညာဘက်သို့သွားခြင်း ဖြစ်တယ်။ ရှေ့သွားဓာတ်ပြုခြင်းနဲ့ ဆန့်ကျင်ဘက်သွားတဲ့ ဓာတ်ပြုခြင်းကို reverse reaction လို့ခေါ်တယ်။ product တွေပြန်ပြိုကွဲပြီး reactant ပြန်ဖြစ်သွားတာပါ။ မျှခြေရောက်ပြီဆိုရင်တော့ ဓာတ်ပြုခြင်းနှစ်ခုလုံးရဲ့ ဓာတ်ပြုနှုန်းကတူသွားပြီး ပါဝင်ပစ္စည်းများရဲ့ပါဝင်ကိန်းတွေ မပြောင်းတော့ပါဘူး။ ဒါပေမယ့် reaction က ရပ်သွားတာမဟုတ်ဘဲ ရှေ့သို့နဲ့ နောက်ပြန်ဓာတ်ပြုခြင်းတွေ ဖြစ်နေဆဲပဲ။ ဒါကို dynamic equilibrium လို့ခေါ်တယ်။ ဒီ dynamic equilibrium အပေါ် သက်ရောက်မှုတွေ ပေးလိုက်ရင် မျှခြေလားရာ ပြောင်းလဲပုံကို Le Chatelier's principle က ဖော်ပြထားတယ်။ ဒီမျှခြေကိုပျက်စီးစေတဲ့ သက်ရောက်မှု သုံးခုရှိပါတယ်။ temperature, pressure နဲ့ concentration တို့ပဲ ဖြစ်ပါတယ်။

မျှခြေကို ရောက်နေတဲ့ ဓာတ်ပြုခြင်းတစ်ခုမှာ အပူချိန်မြှင့်လိုက်ရင် အပူစုပ်တဲ့ ဓာတ်ပြုခြင်းကို ဦးစားပေးဖြစ်ပြီး မျှခြေယာယီပျက်သွားပါတယ်။

ထိုနည်းတူပဲ ဖိအားမြှင့်ပေးခဲ့ရင် ဓာတ်ငွေ့ပါတဲ့ဓာတ်ပြုခြင်းတွေမှာ Boyle's law အရ ထုထည်ကျုံ့တဲ့ဘက်ကို ဦးတည်ပြီး ဓာတ်ပြုခြင်းဖြစ်ကာ မျှခြေယာယီ ပျက်သွားပါတယ်။ ဓာတ်ငွေ့ reactant နဲ့ product တွေရဲ့ mole (သို့) volume တူရင် ဖိအားသက်ရောက်မှုမရှိပါဘူး။ Le Chatelier's principle နဲ့ ပတ်သက်တဲ့ ပုစ္ဆာတွေကိုလည်း လေ့ကျင့်ထားဖို့လိုပါတယ်။

ပါဝင်ပစ္စည်းတွေဖြစ်တဲ့ reactant နဲ့ product တွေရဲ့ပါဝင်ကိန်းတွေကို ပြောင်းပေးရင် ပါဝင်ကိန်းများတဲ့ဘက်ကနေ နည်းတဲ့ဘက်ကို ဦးတည်ပြီးမျှခြေယာယီ ပျက်သွားပါတယ်။ ဒါပေမယ့် တစ်ချိန်ချိန်မှာ မျှခြေကို ပြန်ပြီးရောက်သွားပါတယ်။ ဒါကြောင့် reversible reaction တွေဟာ အချိန်ဘယ်လောက်ကြာကြာ ဓာတ်ပြုပစ္စည်းကုန်ဆုံးသွားတာမျိုး မရှိပါဘူး။

Chapter (7) မှာတော့ ဓာတ်ပြုခြင်းတွေနဲ့ သက်ဆိုင်တဲ့ အပူပြောင်းလဲခြင်းတွေကို ဖော်ပြထားပါတယ်။ Energy အမျိုးအစားများနဲ့ ဓာတ်ပြုခြင်းတစ်ခုဖြစ်ပေါ်ရင် အပူထွက်ခြင်း (သို့) အပူစုပ်ခြင်း အကြောင်းတွေကို တွေ့ရပါမယ်။ ဓာတ်ပြုခြင်းတစ်ခုဖြစ်လို့ ပတ်ဝန်းကျင်ကိုအပူတွေထွက်လာရင် exothermic reaction လို့ခေါ်ပြီး အပူပြောင်းလဲခြင်း $\Delta H^\theta$ တန်ဖိုးကို အနုတ်လက္ခဏာနဲ့ ဖော်ပြရတယ်။ အကယ်၍ ဓာတ်ပြုခြင်းတစ်ခုဖြစ်ဖို့ ပတ်ဝန်းကျင်မှ အပူကို စုပ်ယူရရင် Endothermic reaction လို့ခေါ်ပြီး $\Delta H^\theta$ တန်ဖိုးကို အပေါင်းလက္ခဏာနဲ့ ပြရပါမယ်။

ဓာတ်ပြုခြင်းတစ်ခုဖြစ်ပေါ်တဲ့အခါ အပူစုပ်ခြင်း (သို့)အပူထွက်ခြင်းကို constant temperature မှာ လေ့လာခဲ့ရင် Enthalpy change $\Delta H$ လို့ သတ်မှတ်တယ်။ အကယ်၍ standard temperature နဲ့ standard pressure မှာ လေ့လာမယ်ဆိုရင် Standard enthalpy change $\Delta H^\theta$ ဖြစ်တယ်ဆိုတာ သတိပြုရပါမယ်။ Thermochemical equations တွေ ရေးသားတဲ့အခါမှာ ဓာတ်ပစ္စည်းတွေရဲ့ အပူပြောင်းလဲခြင်း {အပေါင်း (သို့) အနုတ်လက္ခဏာ} များ၊ physical states တွေကို ထည့်ပေးဖို့လိုအပ်ပါတယ်။

ဓာတ်ပြုခြင်းအမျိုးမျိုးမှရလာတဲ့ heat change တွေမှာ heat of combustion, heat of formation of a compound နဲ့ heat of neutralization ဆိုပြီး သုံးမျိုးရှိပါတယ်။ ယင်းတို့ရဲ့ symbol တွေ၊ $\Delta H^\theta$ တန်ဖိုးကို (+) (သို့) (-) လက္ခဏာဖော်ပြခြင်းတွေ၊ unit တွေကို ခွဲခြားပြီးမှတ်သားထားရပါမယ်။ Hess's law ပုစ္ဆာတွေနဲ့ပတ်သက်ပြီး သတိထားရမယ့် အချက်တွေကတော့ ပေးထားချက်နဲ့ နောက်ဆုံးအဖြေဟာ heat of formation လား (သို့) heat of combustion လားဆိုတာ မေးခွန်းကို သေသေချာချာဖတ်ပြီးမှ ဓာတ်ပြုညီမျှခြင်းရေးခြင်း၊ ညှိခြင်း၊ $\Delta H^\theta$ တန်ဖိုးများရေးခြင်းတို့ လုပ်ရပါမယ်။ physical state, heat change ရဲ့ လက္ခဏာတွေနဲ့ unit တွေကို ပြည့်ပြည့်စုံစုံထည့်သွင်း ဖော်ပြရပါမယ်။ heat of combustion ဖြစ်တဲ့ compound က 1 mole သာဖြစ်ရမယ်။ heat of formation ဖြစ်တဲ့ compound ကလည်း 1 mole ဖြစ်တဲ့အပြင် ယင်း compound မှာပါတဲ့ elements တွေသာ ပေါင်းပြီး ဓာတ်ပြုရမယ်ဆိုတာတွေကို သတိပြုရပါမယ်။

Heat of combustion နဲ့ heat of formation တွေအတွက် unit က $kJmol^{-1}$ ဖြစ်ပြီး heat of formation ကို သင်္ကေတ $\Delta H^\theta f$ နဲ့ဖော်ပြရမယ်။ ဓာတ်ပြုညီမျှခြင်းတွေကို မြှောက်ဖော်ကိန်းတစ်ခုခုနဲ့ မြှောက်လိုက်ရင် unit ဟာ kJ ဖြစ်သွားပြီး မူလအပူတန်ဖိုးပြောင်းလဲသွားပါမယ်။ ဓာတ်ပြုညီမျှခြင်းများကို ပြောင်းပြန်ရေးလိုက်ရင်လည်း heat change ရဲ့ unit မှာ kJ ဖြစ်ပြီး လက္ခဏာပါ ပြောင်းပေးရပါမယ်။

နောက်ဆုံးအဖြေမှာ heat of combustion ဆိုရင် သင်္ကေတက $\Delta H^\theta$ နဲ့ heat of formation ဆိုရင် သင်္ကေတဟာ $\Delta H^\theta f$ ဖြစ်ပါတယ်။ unit တွေမှာ $kJmol^{-1}$ ဖြစ်ရပါမယ်။ heat change ပါတဲ့ thermochemical equation ပေးပြီး ယင်း equation ရှိ substance တွေရဲ့ mass ကို မေးတဲ့ ပုစ္ဆာတွေကိုလည်း လေ့လာထားရပါမယ်။

Chapter (8) some important metals and their compunds နဲ့ Chapter (9) Metal reactivity ကတော့ metallurgy (သတ္တုဗေဒ) နဲ့ ပတ်သက်တဲ့အခန်းတွေဖြစ်တယ်။ Metal တွေကို သက်ဆိုင်ရာ သတ္တုရိုင်းများမှ ထုတ်ပုံ၊ metal တွေရဲ့ reactivity ပေါ်မူတည်ပြီး ဘယ်သတ္တုတွေကို electrolysis နည်းနဲ့ထုတ်မယ်၊ ဘယ်သတ္တုတွေကို reduction နည်းနဲ့ထုတ်မယ်၊ ဘယ်သတ္တုတွေကို သဘာဝအတိုင်း ထုတ်နိုင်တယ်ဆိုတာကို လေ့လာထားရပါမယ်။

သတ္တုတွေနဲ့ အက်စစ်၊ လေ (အောက်ဆီဂျင်)၊ ရေ၊ ရေငွေ့တို့နဲ့ဓာတ်ပြုနိုင်စွမ်းသတ္တိတွေကို ဖော်ပြထားတဲ့ reactivity series ကိုလည်း သေသေချာချာ သိထားရပါမယ်။ သတ္တုရိုင်းတွေနဲ့ သတ္တုရိုင်းထဲမှာ အများဆုံးပါတဲ့ ဒြပ်ပေါင်းတွေရဲ့ အမည်တွေ၊ Chemical formula၊ သတ္တုရိုင်းမှ သတ္တု ထုတ်ဖော်ပုံ၊ ယင်းသတ္တုများပါတဲ့ ဒြပ်ပေါင်းထုတ်ဖော်ပုံ၊ ယင်းတို့ရဲ့အသုံးပြုပုံတွေအပြင် ဓာတ်ပြုညီမျှခြင်းတွေကိုလည်း လေ့လာထားရမှာ ဖြစ်ပါတယ်။

Steel အမျိုးအစား ငါးမျိုး၊ alloys (သတ္တုစပ်များ) နဲ့ယင်းတို့ရဲ့ composition တွေ၊ properties တွေနဲ့ အသုံးဝင်ပုံတွေကိုလည်း သေသေချာချာသိဖို့လိုပါတယ်။ ပြီးတော့ သံချေးတက်ခြင်း အကြောင်းနဲ့သံချေးတက်ခြင်းကို ကာကွယ်ခြင်း၊ recycling metals (Al & Fe) အကြောင်းတွေကို လေ့လာထားဖို့လိုပါတယ်။

အခန်း ၁၀၊ ၁၁၊ ၁၂ မှာတော့ nitrogen ဆိုင်ရာ (N2, NH3, NO, $N_2O$, $NO_2$) တို့ရဲ့ ဓာတ်ခွဲခန်းဓာတ်ငွေ့ထုတ်ဖော်ပုံ၊ sulphur နဲ့ သက်ဆိုင်တဲ့ ($H_2S$, $SO_2$) ဓာတ်ငွေ့ထုတ်ဖော်ပုံ၊ halogen များဖြစ်တဲ့ $Cl_2$, $Br_2$, $I_2$ ထုတ်ဖော်ပုံတွေအပြင်၊ ammonia, nitric acid, sulphuric acid, mining sulphur, chlorine အမြောက်အမြားထုတ်ဖော်ပုံတွေကို သိရှိထားရမယ်။ ဓာတ်ခွဲခန်းမှာ ဓာတ်ငွေ့ထုတ်ဖော်ပုံတွေမှာ အညွှန်းမှန်ကန်ပြည့်စုံတဲ့ပုံ၊ မှန်ကန်တဲ့ စာသားညီမျှခြင်းနဲ့ သင်္ကေတညီမျှခြင်း၊ မှန်ကန်တဲ့ ဓာတ်ပြုပစ္စည်းတွေနဲ့ ဓာတ်ပြုအခြေအနေ၊ ဓာတ်ငွေ့စုဆောင်းပုံ၊ ဓာတ်ငွေ့ပြည့်/မပြည့် စမ်းသပ်နည်း၊ လိုအပ်လျှင် ဓာတ်ငွေ့ကိုခြောက်သွေ့အောင်ပြုလုပ်နည်းတို့နဲ့တကွ လေ့လာကျက်မှတ်ထားရမှာ ဖြစ်ပါတယ်။

ဓာတ်ငွေ့စုဆောင်းတဲ့နည်းတွေကိုလည်း သက်ဆိုင်ရာဓာတ်ငွေ့တွေရဲ့ ရုပ်ဂုဏ်သတ္တိတွေနဲ့ ယှဉ်တွဲပြီး မှတ်ထားရပါမယ်။ ထုတ်ယူမယ့်ဓာတ်ငွေ့ဟာ အက်စစ်ဂုဏ်သတ္တိရှိလား၊ ဗေ့စ်ဂုဏ်သတ္တိ ရှိလား၊ ဂုဏ်မဲ့လား၊ ပျော်ဝင်သတ္တိဘယ်လိုရှိသလဲ၊ လေထက်လေးသလား၊ ပေါ့သလားစတဲ့ ဂုဏ်သတ္တိတွေနဲ့ စဉ်းစားဆုံးဖြတ်ပြီးမှ ဓာတ်ငွေ့စုဆောင်းနည်းကို မှန်ကန်စွာရေးရပါမယ်။

ဓာတ်ခွဲခန်းထဲမှာ bromine ထုတ်ဖော်ခြင်းမှာ အရည်အဖြစ်စုဆောင်းလိုတာကြောင့် ရီတော့ ပေါင်းအိုးကို သုံးရခြင်းဖြစ်ပါတယ်။ nitrogen, sulphur, halogen တွေနဲ့ဆိုင်တဲ့ ဒြပ်ပေါင်းတို့ရဲ့ ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိနဲ့ အသုံးဝင်ပုံတွေကိုလည်း သိမှတ်ထားဖို့လိုပါတယ်။ ဒ့ါအပြင် Anion များ ဖြစ်တဲ့ nitrate, sulphate အစရှိတဲ့ဆားများရဲ့ စမ်းသပ်ချက်တွေကိုလည်း သိရှိလေ့လာထားရပါမယ်။

Chapter (13) Acids, Bases and their Neutralization မှာတော့ အဓိပ္ပာယ်ဖွင့်ချက်အမျိုးမျိုး၊ proton ပါဝင်မှုပေါ် အခြေခံတဲ့ strong acid နဲ့ weak acid၊ pure acid ပါဝင်မှု (သို့) solvent ပါဝင်မှုပေါ်အခြေခံတဲ့ concentrated acid နဲ့ dilute acid တို့ရဲ့ခြားနားမှု၊ conjugate acids နဲ့ conjugate bases တို့ကို Bronsted & Lowry theory အရ ခွဲခြားသတ်မှတ်ခြင်းတို့ ပါဝင်ပါတယ်။ Ionic product of water ($K_w$) ရဲ့ mathematical expression, numerical value တို့ကို သိထားရပါမယ်။ အပူချိန်တစ်ခုမှာ $K_w$ တန်ဖိုးကိန်းသေဖြစ်တယ်။ အပူချိန်ပြောင်းရင် $K_w$ တန်ဖိုးပြောင်းတယ်ဆိုတာလည်း သိရမယ်။

ပျော်ရည်တစ်ခုဟာ အက်စစ်လား၊ ဗေ့စ်လားခွဲဖို့ pH နဲ့ pOH ကို အသုံးပြုနိုင်ပါတယ်။ pH တန်ဖိုး 7 ထက်ငယ်ရင်တော့ acid ပျော်ရည်၊ pH တန်ဖိုး 7 ထက်ကြီးရင်တော့ alkali/base ပျော်ရည်များ ဖြစ်တယ်။ pH 7 မှာဆိုရင်တော့ ရေသန့် (သို့) ဓာတ်ပြယ်တဲ့ပျော်ရည် ဖြစ်ပါတယ်။ acid တွေရဲ့ ပြင်းအားကို $K_a$/ $pK_a$ နဲ့ ပြနိုင်သလို Base / alkali ပျော်ရည်တွေရဲ့ပြင်းအားကို $K_b$/$pK_b$ နဲ့ ဖော်ပြနိုင်ပါတယ်။ ပျော်ရည်တစ်ခုထဲမှာ $[H^+]$ များမယ်၊ $K_a$ တန်ဖိုးကြီးပြီး $pK_a$ တန်ဖိုးငယ်နေရင် acid strength ကောင်းပြီးတော့ $[H^+]$ နည်းမယ်၊ $K_a$ တန်ဖိုး ငယ်ပြီး $pK_a$ တန်ဖိုးကြီးနေရင် acid strength နည်းမယ်ဆိုတာ နားလည် သဘောပေါက်ဖို့ လိုပါတယ်။

ဆားအမျိုးအစား လေးမျိုးဖြစ်တဲ့ အားပြင်းအက်စစ်နဲ့ အားပြင်းဗေ့စ်၊ အားပြင်းအက်စစ်နဲ့ အားပျော့ဗေ့စ်၊ အားပျော့အက်စစ်နဲ့ အားပြင်းဗေ့စ်၊ အားပျော့အက်စစ်နဲ့အားပျော့ဗေ့စ်တို့ရဲ့ဆားတွေ ရေသွင်းဖြိုခွဲခြင်းဖြစ်တဲ့အခါ pH တန်ဖိုး မတူညီရတဲ့အကြောင်းရင်းတွေကို ဆားနမူနာတွေ ရေးပေးပြီး အကျိုးအကြောင်း ဆက်စပ်ဖြေရှင်းတတ်ဖို့လိုပါတယ်။

Buffer solution နဲ့ ပတ်သက်တဲ့ အဓိပ္ပာယ်သတ်မှတ်ချက်၊ examples နဲ့ ပုစ္ဆာတွေကို မှန်ကန်စွာ ရေးနိုင်၊ တွက်နိုင်ဖို့လိုပါတယ်။ Buffer ပျော်ရည်များက acid (or) base အနည်းငယ် ထည့်ပေမယ့် ပျော်ရည်တစ်ခုရဲ့ pH ကို ဘာကြောင့် မပြောင်းလဲအောင် ထိန်းထားနိုင်သလဲဆိုတဲ့ ရှင်းလင်းချက်ကို သိထား ဖို့လိုပါတယ်။ Buffer ပျော်ရည် ပုစ္ဆာတွက်တဲ့အခါ အက်စစ်ပျော့တွေရဲ့ပြိုကွဲမှုကို အပြန်အလှန် ညီမျှခြင်း၊ ဆားတွေရဲ့ ပြိုကွဲမှုကို တစ်ဖက်သွားညီမျှခြင်း၊ concentration ကို square bracket နဲ့ ဖော်ပြရပြီး unit ကို M (သို့) mol $dm^{-3}$ နဲ့ဖော်ပြခြင်း၊ pH, pOH, $pK_a$ နဲ့ $pK_b$ တို့မှာ unit ဖော်ပြရန် မလိုအပ်ခြင်းအစရှိတာတွေကို သတိပြုရပါမယ်။ acid, base တွေရဲ့ pH, pOH, $[H^+]$, $[OH^-]$ ရှာတဲ့ ပုစ္ဆာတွက်တွေကိုလည်း mathematical formula တွေမှန်ကန်စွာရေးပြီး တွက်နိုင်ရပါမယ်။

Chapter (14) Organic Chemistry အခန်းမှာတော့ alkane, alkene, alkyne နဲ့ alcohol တွေကို ပါဝင်တဲ့ carbon လုံးရေအလိုက် graphic structure, molecular structure နဲ့

စာမျက်နှာ ၁၈ သို့

# စာမေးပွဲနှင့် ကိုယ်စိတ်ကျန်းမာရေး


ဒေါက်တာ မြင့်သန်း(ညောင်လေးပင်)

ကျောင်းသားများအတွက် စာမေးပွဲရာသီရောက်လာပြီဆိုတာနဲ့ ကျန်းမာရေးအတွက် အထူးဂရုစိုက်ဖို့တိုက်တွန်းလိုပါတယ်။ လောကမှာ ကိုယ်စိတ်မကျန်းမာရင်၊ ထိခိုက်ခံရရင် မိမိမျှော်မှန်းထားသမျှတွေ သဲထဲရေသွန်သလို ဆုံးရှုံးရတတ်ပါတယ်။ ဒါဟာအင်မတန်နှမြောစရာကောင်းပါတယ်။ အင်နဲ့အားနဲ့အချိန်တွေ အရင်းခံကြိုးစားလာခဲ့ရသမျှမှာ ကျန်းမာရေးဆိုင်ရာချို့တဲ့မှုတစ်ခုခုကြောင့် ပန်းတိုင်ရောက်ခါနီးမှ နစ်နာဆုံးရှုံးရတတ်ပါတယ်။ ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲဆိုတာအရေးအကြီးဆုံးနေရာတစ်ခုဖြစ်တာမို့ ဘဝရဲ့အရေးအကြီးဆုံး အချိန်တစ်ခုဖြစ်ပါတယ်။

**ရည်မှန်းချက်တွေခိုင်မာဖို့**

စာမေးပွဲကိုအောင်မြင်စွာဖြေဆိုနိုင်ရေးဆိုတဲ့ Vision၊ ဒီစာမေးပွဲကိုဘယ်လိုရင်ဆိုင်ကျော်ဖြတ်မလဲဆိုတဲ့ Mission၊ ဒီလိုအောင်မြင်ဖို့အတွက် ဘယ်လိုနည်းစနစ်၊ ကိရိယာတွေသုံးမလဲဆိုတဲ့ tools and equipments တွေ ချမှတ်ထားရပါမယ်။ စာမေးပွဲကို ဂုဏ်ထူးခြောက်ဘာသာထွက်အောင် ကြိုးစားမယ်ဆိုတဲ့ vision၊ mission၊ tools တွေနဲ့ ကြိုးစားခဲ့သူနဲ့ အကောင်းဆုံးကြိုးစားမယ်ဆိုတဲ့ vision ၊ mission ၊ toolsတွေနဲ့ ကြိုးစားရင်း ဘာသာစုံဂုဏ်ထူးထွက်လာခဲ့သူနှစ်ဦးတို့ရဲ့ဘဝမှာ ဆက်လက်တိုးတက်နိုင်မှုမှာ ကွာခြားသွားနိုင်ပါတယ်။ စနစ်၊ ရည်မှန်းချက်မြင့်မား ကြံ့ခိုင်သူတွေဟာ ရေရှည်မှာခိုင်မာတဲ့အောင်မြင်မှုနဲ့အတူ ထိုက်တန်တဲ့နေရာကို ရရှိတတ်ကြပါတယ်။ ဒါကြောင့်ပညာသင် စာမေးပွဲဖြေဆိုကြရာမှစပြီး မိမိဘဝတိုးတက်ရေးကိုရှေးရှုနိုင်ဖို့ ရည်မှန်းချက်တွေခိုင်မာဖို့လိုပါတယ်။

စာမေးပွဲဖြေဆိုဖို့အတွက် Plan your work,Work your plan ဆိုတဲ့မူအတိုင်း စာမေးပွဲဖြေဆိုဖို့ရာ ဘယ်လိုစနစ်ချပြီးဖြေမယ်ဆိုတဲ့ Plan၊ အဲဒီ plan အတိုင်း ဘယ်လိုလက်တွေ့ဆောင်ရွက်မယ်ဆိုတဲ့ အစီအစဉ်တွေ ချမှတ်ထားသင့်ပါတယ်။ တစ်နှစ်လုံးစာကြိုးစားလာခဲ့ပြီး သူများအတွက် စာမေးပွဲနဲ့ နီးကပ်လာချိန်မှာ Study Blocks ဆိုတဲ့ Concentrated study time ခေါ် အရှိန်မြှင့်တင်စာဖတ်ချိန် ၂နာရီမှ ၃ နာရီခန့်သာထားသင့်ပါတယ်။ အဲဒီအချိန်တွေဟာ မိမိအတွက်အာရုံစူးစိုက်ဖို့ အကောင်းဆုံးအချိန်ဖြစ်ရပါမယ်။ နံနက်စောစောအိပ်ရာထချိန်မျိုး၊ နံနက်စာစားပြီးလို့ ဦးနှောက်အားကောင်းချိန်မျိုးကို ရွေးချယ်ပြီး ဦးနှောက်ထဲမှာ အနှစ်တွေဝင်နေအောင် ဖတ်မှတ်သင့်ပါတယ်။ ကျန်တဲ့အချိန်တွေမှာပေါ့ပေါ့ပါးပါးလုန်လှော့ဖတ်ရှုတာမျိုးအတွက် အချက်အလက်လုပ်တာမျိုးတွေလုပ်ရပါမယ်။ စာလေ့လာရာမှာ rote learning ခေါ်တဲ့ ဘာမှန်းမသိ အာဂုံဆောင်ကျက်တာမျိုးထက်၊ အရေးကြီးတာနဲ့ သာမန်ကိုခွဲခြားထားတတ်တဲ့အကျင့် ပျိုးထောင်သင့်ပါတယ်၊ Intersperse study time ဆိုတဲ့ပေါ့ပါးစွာ လေ့လာမှတ်သားမှုများကို အဲဒီလို ဆောင်ရွက်နေတာနဲ့အတူ ကိုယ်လက်လှုပ်ရှားတာ၊ သူငယ်ချင်းများနဲ့ အဆာပြေမုန့် စားတာ၊ ကော်ဖီသောက်တာ၊ စကားပြောတာတွေလုပ်ရင်း မိမိဦးနှောက်ကို အနားပေးသင့်ပါတယ်။




**စဉ်းစားမှုလမ်းကြောင်းကိုပိတ်ဆို့**

စာပေလေ့လာရာမှာ State of conscious ခေါ် ဦးနှောက်ထဲကို ထိထိမိမိဝင်သွားစေဖို့ ကြည်လင်နေဖို့လိုတဲ့ အခြေအနေတချို့ကို သတိပြုသင့်ကြောင်း တွေ့ရပါတယ်။ ဥပမာ ကျောင်းသားတစ်ယောက်စာဖတ်နေစဉ် တီဗွီ၊ ရေဒီယိုလိုမျိုးတွေ၊ စိတ်အနှောင့်အယှက်၊ စိတ်ထဲနင့်နေစေမယ့်စကားတွေ၊ စိတ်ပင်ပန်းစေနိုင်တဲ့သတင်းစကားတွေ စတာတွေဟာ State of consciousness ကိုထိခိုက်စေတတ်ပါတယ်။ စာပြီးရင်းစာထက် ကြားမှာ စိတ်ကိုယ်ဖြေလျှော့ချိန်လေးတွေထားပေးခြင်းဟာ State of consciousness ကိုကောင်းမွန်စေပါတယ်။ အချိန်ကိုစနစ်တကျစီမံရာမှာ စာတစ်လှည့်၊ အနားပေးတစ်လှည့်လုပ်ရမှာဖြစ်ပါတယ်။

ကြောက်စိတ်ကိုဖယ်ထားဖို့လည်း အရေးကြီးပါတယ်။ စာမေးပွဲကိုစိတ်ထဲက ကြောက်နေရင် State of conscious မရနိုင်ပါဘူး။စာမေးပွဲခန်းထဲကိုဝင်ရင်တောင် ကျွန်ုပ်သည် စာမေးပွဲအတွက် ကောင်းစွာပြင်ဆင်လာခဲ့ပြီးဖြစ်သည်။ အကောင်းဆုံးရင်ဆိုင်ရန်အသင့်ဖြစ်သည်ဆိုတဲ့ စိတ်နဲ့စိတ်ကို အေးချမ်းစွာ၊ ပေါ့ပါးစွာဝင်သွားနိုင်လေ ဦးနှောက်အတွက် ကောင်းလေဖြစ်ပါတယ်။ စိတ်ဖိစီးမှုဟာ thought block ခေါ် စဉ်းစားမှုလမ်းကြောင်းကိုပိတ်ဆို့တတ်ပါတယ်။ Exam-Time Exhaustion ခေါ် စာမေးပွဲဖြေဆိုချိန်စိတ်ဖိစီးမှုများပြီး ပင်ပန်းလာမှုဖြစ်လာရင်တော့ စာမေးပွဲကို အရှုံးပေးရနိုင်ပါတယ်။ ဒါကြောင့် ဒီလိုအခြေအနေမျိုးမဖြစ်လာစေဖို့ ကြိုတင်တားဆီးထားရပါမယ်။ ဖြေမရ၊ စဉ်းစားမရလို့ချွေးပျံနေမယ့်အစား၊ မိမိအတွက် အဆင်ပြေမယ့်မေးခွန်းကိုသွားပြီးမှ ပြန်စဉ်းစားရင်အခြေအနေတစ်မျိုးပြောင်းသွားနိုင်ပါတယ်။

စာမေးပွဲချိန်မှာ သတ္တုဓာတ်အာဟာရပြည့်ဝ၊ ညီမျှတဲ့အစားအစာများစားသုံးပေးရပါမယ်။ မိမိခန္ဓာကိုယ်က ဗီတာမင်ဓာတ်၊ သတ္တုဓာတ်တွေ မူလအခြေအနေထက်ပိုလိုတာမို့အစာကို မစားဘဲ မနေရပါဘူး။ တစ်နေ့ကိုအနည်းဆုံး သုံးကြိမ်လောက်စားပေးရပါမယ်။ အဆီ၊ သကြား၊ အချိုရည်၊ အရက်ဓာတ်ပါအရည်များ၊ ကော်ဖီများများသောက်ခြင်းတို့ကိုရှောင်ရပါမယ်။ သင့်တော်တဲ့စားသောက်မှုပုံစံဖြစ်သင့်ပါတယ်။

**စားသုံးနိုင်**

၁။ ဗီတာမင် B အုပ်စုနဲ့သံဓာတ်တွေဟာ အာရုံကြောစနစ်ကို အားပေးပါတယ်။ ဗီတာမင် B နဲ့ သံဓာတ်ကြွယ်ဝတဲ့ အသား၊ ငါး၊ ပဲအမျိုးမျိုး၊ ဟင်းနုနယ်၊ ဥများ၊ ပဲပိစပ် စသည်တို့ကို စားသုံးနိုင်ပါတယ်။

၂။ ဗီတာမင် C လည်းလိုအပ်ပါတယ်။ စားလို့ရတဲ့ ဆေးပြားထက် အရည်ရွှမ်းသီးများ၊ ငှက်ပျောသီး၊ မုန်လာဥနီ၊ ပန်းသီး၊ ဆီးသီးခြောက်စသည်များကိုစားသုံးနိုင်ပါတယ်။

၃။ နံနက်စာကို ကောင်းကောင်းစားပါ။ အသားဓာတ်၊ ကယ်လ်စီယမ်ဓာတ်တွေပါတဲ့နွားနို့၊ သစ်သီး၊ ကြက်ဥကြော် အသင့်အတင့်တို့ကိုစားသုံးနိုင်ပါတယ်။ ကော်ဖီကို တစ်ခွက်ထက်ပိုမသောက်သင့်ပါဘူး။

၄။ ဦးနှောက်ကိုအကျိုးပြုနိုင်တာငှက်ပျောသီး၊ ဘယ်ရီသီးများ၊ အစေ့အဆန်ပါအသီးများဖြစ်တယ်လို့ သိရပါတယ်။

၅။ စိမ်းစိမ်းစိုစိုအရွက်တွေ စားသင့်ပါတယ်။ ဟင်းနုနယ်၊ မုန်လာဥ၊ ကန်စွန်းဥ၊ ဂေါ်ဖီထုပ်၊ ဆလတ်ရွက်၊ ကြက်သွန်မိတ် စသည်တို့ကို မျှတစွာ စားသင့်ပါတယ်။

၆။ အဆီပါအစာများ၊ အချိုပါအစာများ၊ အချိုရည်များကိုစာမေးပွဲနီးချိန် မသုံးစွဲသင့်ပါဘူး။ အထူးသဖြင့် စာမေးပွဲဝင်ခါနီးအချိန်မှာ အစာကို အဝအပြဲမစားသွားသင့်ပါ။ စာဖြေချိန်မှာအိပ်ငိုက်လာတတ်ပါတယ်။

ဆေးတွေအနေနဲ့ သုံးနေကျဆေးမှလွဲပြီး သူများညွှန်တဲ့ဆေးတွေကိုမသုံးပါနှင့် ဆရာဝန်ညွှန်ကြားမှသုံးစွဲပါ။

**စာမေးပွဲပေါင်းများစွာ**

စာမေးပွဲဖြေခါနီးအားရှိအောင်ဆိုပြီး ဆေးခန်းတစ်ခုမှာ အကြောဆေးသွင်းမိလို့ ဆေးနဲ့မတည့်ပြီး စာမေးပွဲမဖြေလိုက်ရတဲ့ကလေးတွေ့ဖူးပါတယ်။ စာမမေ့ဆေး၊ ဉာဏ်ကောင်းဆေးဆိုတာမရှိပါ။ တကယ့်ဉာဏ်ကောင်းဆေးက "မိမိရဲ့ဝီရိယ"သာဖြစ်ပါတယ်။ "ဥစ္စာဘောဂ၊ဇီဝိတနှင့်သုခပွားရန်ဤလူထံ၌ ဉာဏ်ဝီရိယပယောဂတည်း" တဲ့၊ မဃဒေဝ အလင်္ကာမှာ ဆိုထားပါတယ်။ ဉာဏ်နဲ့ဝီရိယ၊ စိတ်ဆန္ဒတို့နဲ့သာ ကြိုးစားကြဖို့ တိုက်တွန်းလိုပါတယ်။ ကိုယ့်အစွမ်းကို အကောင်းဆုံးပြနိုင်ဖို့ လုပ်ပြလိုက်စမ်းပါ။

အိပ်ရေးဝဝအိပ်ပြီး ဦးနှောက်ကိုကြည်လင်နေစေရပါမယ်။စာဖတ်ချိန်တွေကြားမှာခြေဆန့်၊ ခါးဆန့်အနားပေးတာမျိုးလုပ်တာဟာ ကြံ့ခိုင်မှုကိုရရှိစေပါတယ်။

Relaxation techniques ခေါ်မျက်စိမှိတ်၊ အသက်ဝဝရှူတာ၊ မိမိလက်ကိုဝမ်းဗိုက်ပေါ်တင်၊ အဲဒီမှာစိတ်ကို ရောက်စေပြီး အသက်ရှူတာမျိုးလုပ်နိုင်ပါတယ်။ Laughter ခေါ်တဲ့ ရယ်မောခြင်းဟာ စိတ်ရဲ့ကြံ့ခိုင်မှုအားကို တက်စေပါတယ်။ ဒါကြောင့်ရယ်စရာစာ၊ တီဗွီအစီအစဉ်စသည်တို့ကို ကြား နားနေချိန်မှာကြည့်နိုင်ပါတယ်။Campus Health Service ဆိုတဲ့ကျောင်းသားများကိုနှိပ်နယ်ပေးတဲ့ massage therapyတွေ တချို့နိုင်ငံတွေမှာသုံးနေပါပြီ။ ကျောင်းသာတွေပြောလျော့စေဖို့ပါ။မိမိဝါသနာပါရာ ဥပမာ ပန်းချီဆွဲတာ၊ သီချင်းဆိုတာမျိုးလည်းလုပ်နိုင်ပါတယ်။ ဆိုလိုတာက အောင်မြင်စွာ စာမေးပွဲဖြေဆိုနိုင်ဖို့မှာ စာတစ်ခုတည်းကိုသာဖိကြည့်နေဖို့ မဟုတ်ဘဲ၊ Work smart ခေါ်စမတ်ကျကျ၊ ထိထိရောက်ရောက်ဖြေနိုင်ဖို့အတွက် အခြားဖြည့်စွမ်းစရာတွေရှိနေသေးတယ်ဆိုတာ ဆင်ခြင်နိုင်ဖို့ ဖြစ်ပါတယ်။ အရင်က Try hard လို့ဆိုကြပေမယ့်၊ အခုအခါ Try smart လို့ ပြောင်းသုံးနေကြပါပြီ။Work hard ဆိုတာလည်း Work smart ဖြစ်နေပါပြီ။ စာမေးပွဲဖြေဆိုမှုမှာ အတွင်းရေး၊အပြင်ရေးလို့ ဆိုနိုင်တဲ့ စာရေး၊ စာပြင်ပရေးမှာပါ ပြင်ဆင်ဖြည့်စွက်စရာတွေကိုဆင်ခြင်ပြီး ဆောင်ရွက်နိုင်ဖို့ဖြစ်ပါတယ်။ ဘဝမှာရှေ့ဆက်ပြီး စာမေးပွဲပေါင်းများစွာ တွေ့ကြရဦးမှာပါ။

စာမေးပွဲတွေမှာ ကျောင်းသားငယ်တွေအနေနဲ့ဖိအားအမျိုးမျိုးတွေ့ကြုံရနိုင်ပါတယ်။ မိဘတွေရဲ့ ဖိအား၊ ဆရာတွေရဲ့ဖိအား၊ ကျောင်းသားတွေကိုယ်တိုင်ရဲ့ စာတွေအပေါ်တင်နေရတဲ့ ဖိအားစသည်တို့ ကြုံကြရမှာဖြစ်ပါတယ်။

ကျောင်းစာမေးပွဲတွေကို စနစ်တကျပြင်ဆင် ရင်ဆိုင်ဖြေဆိုနိုင်တတ်သူတွေဟာ ဘဝစာမေးပွဲတွေမှာလည်း အောင်မြင်နေသူတွေဖြစ်နေကြတာကို တွေ့နိုင်ပါတယ်။ စည်းကမ်း စနစ်ကျကျပြင်ဆင်ဖြေဆိုအောင်မြင်ကြပါစေ။ ။

**"စနစ်၊ ရည်မှန်းချက် မြင့်မားကြံ့ခိုင်သူတွေဟာ ရေရှည်မှာ ခိုင်မာတဲ့အောင်မြင်မှုနဲ့အတူ ထိုက်တန်တဲ့နေရာကို ရရှိတတ်ကြပါတယ်။ ဒါကြောင့် ပညာသင် စာမေးပွဲဖြေဆိုကြရာမှစပြီး မိမိဘဝတိုးတက်ရေးကို ရှေးရှုနိုင်ဖို့ ရည်မှန်းချက်တွေ ခိုင်မာဖို့လို"**

---

စာမျက်နှာ ၁၇ မှ

molecular formula ရေးပုံ၊ isomer တွေရဲ့တည်ဆောက်ဖွဲ့စည်းပုံ၊ ယင်းတို့ရဲ့ trivial နဲ့ IUPAC system ဖြင့် အမည်ပေးပုံ၊ H/C ဒြပ်ပေါင်းတွေရဲ့ ဓာတ်ခွဲခန်းထုတ်ယူနည်းများနဲ့ ယင်းတို့ရဲ့ဂုဏ်သတ္တိတွေကို လေ့လာထားရမယ်။ ယင်းဒြပ်ပေါင်းများရဲ့ထုတ်ယူနည်းနဲ့ဂုဏ်သတ္တိတွေထဲပါတဲ့ အမည်ရှိ ဓာတ်ပြုခြင်းတွေ၊ ဒြပ်ပေါင်းတစ်ခုမှတစ်ခု ပြောင်းလဲခြင်း၊ ဉာဏ်စမ်းပုစ္ဆာ၊ ခွဲခြားခြင်းတွေကို သေသေချာချာ လေ့ကျင့်ထားရမယ်။ ခွဲခြားခြင်းတွေမှာတော့ alkane & alkene, alkane & alkyne, alkene & alkyne, alkynes အချင်းချင်းခွဲခြားတတ်အောင်၊ ခွဲခြားရာမှာ မျက်စိဖြင့်မြင်ရပြီး သိသာထင်ရှားတဲ့ အရောင်ပြောင်းလဲမှု၊ အနည်ကျမှုတို့ပါတဲ့ ဓာတ်ပြုခြင်းတွေကိုသာ အသုံးပြုရပါမယ်။

နောက်ထပ် သတိပြုရမယ့် အချက်ကတော့ ဓာတ်ပြုညီမျှခြင်းများကို ရေးရင် အော်ဂဲနစ်ဒြပ်ပေါင်းများရဲ့ အမည်၊ ဓာတ်ပြုအခြေအနေအပြည့်အစုံထည့်ရေးပေးဖို့လိုအပ်ပါတယ်။

Petroleum industry and petrochemicals အကြောင်းနဲ့ပတ်သက်ပြီး non-renewable energy များဖြစ်တဲ့ fossil fuels (crude oil, natural gas, coal) ဖြစ်ပေါ်ပုံတွေ၊ renewable energy များရစေနိုင်တဲ့ biodiesel & biogas, crude oil ကို fractional distillation နည်းစဉ်ဖြင့် သန့်စင်ခြင်း၊ ယင်းနည်းစဉ်ဖြင့်ရလာတဲ့ H/Cs တွေနဲ့ယင်းတို့ရဲ့အသုံးဝင်ပုံ၊ kerosence, diesel တို့ကို catalytic cracking နည်းစဉ်သုံးပြီး gasoline အဖြစ်ပြောင်းလဲနိုင်ပုံ၊ gasoline (liquid fuel) ရဲ့ flash point နဲ့ ignition temperature ခြားနားချက်တွေကို သိထားဖို့လိုပါတယ်။

အစားထိုးလောင်စာဆီများဖြစ်တဲ့ methanol မှ ထုတ်ယူရရှိတဲ့ gasoline, diesel, LPG, CNG, biodiesel, biogas တွေရဲ့ အကြောင်းအရာများကို လေ့လာမှတ်သားထားဖို့လိုပါတယ်။ ဒ့ါအပြင် transesterif ication နည်းစဉ်ဖြင့် biodiesel ထုတ်ယူခြင်း၊ anaerobic fermentation နည်းဖြင့် biogas ထုတ်ယူခြင်း၊ ကျောက်မီးသွေးဖြစ်စဉ်အမျိုးမျိုးနဲ့ ကျောက်မီးသွေးမှ ရနိုင်တဲ့ chemicals တွေအကြောင်း၊ အဲဒီ Chemical တွေရဲ့အသုံးဝင်ပုံ၊ crude oil, diesel, LPG, CNG, biodiesel, biogas, zeolite, coal နဲ့ coal gas တွေမှာ အဓိကပါတဲ့ elements တွေနဲ့ compounds တွေကို သိရှိထားရပါမယ်။

နောက်ဆုံး Chapter (15) Chemistry in Society ဆိုတဲ့လူနေမှုဘဝနဲ့ ဓာတုဗေဒဘာသာရပ်တို့ ဆက်သွယ်နေပုံကို လေ့လာတဲ့အခန်းမှာတော့ အပင်တွေကြီးထွားဖို့လိုအပ်နေတဲ့ elements အကြောင်းတွေ၊ အပင်တွေအသက်ရှင်နေနိုင်ဖို့လိုအပ်တဲ့ သကြားဓာတ်ကို photosynthesis မှရရှိပုံ၊ သဘာဝမြေသြဇာနဲ့ ဓာတ်မြေသြဇာတို့ဟာ အပင်တွေရဲ့အသီး၊ အပွင့်၊ အရွက်ကြီးထွားမှုကို အားပေးပုံ၊ insecticides အမျိုးအစားတွေနဲ့ အပင်ကြီးထွားမှုကိုအားပေးတဲ့ growth substances တွေအပြင် cement ထုတ်ဖော်ပုံအဆင့်ဆင့်၊ cement ထုတ်ဖော်ရာမှာ သုံးတဲ့ကုန်ကြမ်းပစ္စည်းတွေ၊ Plaster of Paris မှာ ပါတဲ့ composition၊ ထုတ်ဖော်ပုံနဲ့ ဂုဏ်သတ္တိတွေ၊ ပင်လယ်ရေထဲမှာ ပါဝင်တဲ့ ဆားများနဲ့ပင်လယ်ရေမှ ဆားထုတ်ဖော်နည်းများအကြောင်းတွေ ပါဝင်ပါတယ်။

ဒ့ါအပြင် plastics and polymers အပိုင်းမှာတော့ natural polymers နဲ့ synthetic polymers တွေ၊ မျိုးတူတဲ့ monomer အချင်းချင်းပေါင်းပြီး homopolymer (သို့) addition polymer ဖြစ်ပေါ်လာပုံ၊ မျိုးမတူတဲ့ monomers အချင်းချင်းပေါင်းပြီး copolymer (သို့) condensation polymer ဖြစ်ပေါ်လာပုံတွေ၊ မျိုးတူ monomer တွေကို addition polymerization reaction သုံးပြီး PE, PP, PVC, PTFE, PS အစရှိတဲ့ addition polymer ပြုလုပ်ပုံ၊ မျိုးမတူတဲ့ monomer နှစ်ခုပေါင်းပြီး ရေမော်လီကျူးဖယ်တဲ့ condensation polymerization နည်းဖြင့် Nylon, polyester စတဲ့ condensation polymer ပြုလုပ်ပုံ၊ addition နဲ့ condensation polymer တွေရဲ့ဂုဏ်သတ္တိနဲ့အသုံးပြုပုံတွေအပြင် Thermoplastic နဲ့ Termosetting polymer တွေကို ပြန်လည်အသုံးချတဲ့ နည်းတွေကိုလည်း လေ့လာမှတ်သားထားဖို့လိုပါတယ်။ ဒ့ါအပြင် ဆပ်ပြာချက်ခြင်း၊ soapless detergent နဲ့ယင်းတို့ရဲ့ ချေးချွတ်နိုင်စွမ်းသတ္တိတွေကို တည်ဆောက်ပုံများနဲ့တကွ ရှင်းလင်းထားတာတွေကို သိရှိထားသင့်ပါတယ်။

### အကြံပြုချက်

အခု chapter တစ်ခုချင်းအလိုက် လေ့လာကျက်မှတ်ရမယ့်အကြောင်းအရာနဲ့သတိပြုရမယ့်အချက်တွေကို အသေးစိတ်ဆွေးနွေးပေးပြီးဖြစ်တဲ့အတွက် တပည့်တို့အနေနဲ့ ဘယ်လိုလေ့လာကျက်မှတ်သင့်တယ်ဆိုတာ သဘောပေါက်ပြီ ထင်ပါတယ်။ ဒါကြောင့် chapter တစ်ခုချင်း အသေးစိတ်နှံ့နှံ့စပ်စပ်ကျက်မှတ်ဖို့၊ ကျိုးကြောင်းဆက်စပ်တွေးခေါ်တတ်ဖို့လိုအပ်တဲ့အပြင် ဖတ်စာအုပ်မှာပါတဲ့ ပုစ္ဆာတွေ၊ မေးခွန်းဟောင်းတွေကိုပါ လေ့ကျင့်ထားဖို့လိုပါတယ်။ ထပ်မံသတိပေးလိုတာကတော့ ပုစ္ဆာတွက်တဲ့အခါ လိုအပ်တဲ့နေရာတွေမှာ unit များထည့်ဖို့၊ အပုဒ်တိုင်းရဲ့သက်ဆိုင်ရာမေးခွန်းပုစ္ဆာ နံပါတ်ကို ဖော်ပြရေးသားပေးဖို့သတိပြုရပါမယ်။ အထူး သတိပြုရမယ့်အချက်ကတော့ မေးခွန်း နံပါတ် (၁) မှ (၆) အထိဟာ လုံးဝရွေးချယ်ခွင့်မရှိတဲ့အတွက် အမှတ်များများလိုချင်ရင် အခန်း (၁၅) ခန်းလုံးကို နှံ့နှံ့စပ်စပ်သိထားဖို့လိုပါတယ်။

ကျောင်းသား ကျောင်းသူများအနေနဲ့ ဆရာ ဆရာမများရဲ့ သင်ကြားပြသမှုနဲ့ မိမိတို့ရဲ့ကြိုးစားအားထုတ်မှုတွေကို ပေါင်းစပ်ပြီး အခု ဆွေးနွေးပေးလိုက်တဲ့ ဆွေးနွေးချက်အတိုင်း လေ့ကျင့်သွားကြပါလို့ တိုက်တွန်းလိုပါတယ်။ ဒီ ၂၀၁၈ ခုနှစ် မတ်လမှာ ဖြေဆိုရမယ့် ဓာတုဗေဒဘာသာရပ်ကို အခက်အခဲမရှိ ကောင်းမွန်မှန်ကန်စွာ ဖြေဆိုနိုင်ပြီး အမှတ်များများနဲ့ အောင်မြင်မှုရရှိနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ။

# ကုန်စည်ထောက်ပံ့ရေးဗဟိုစခန်းကို ကိုရီးယားနိုင်ငံနှင့် ပူးပေါင်းတည်ဆောက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၄**
နိုင်ငံတကာအဆင့်မီ ကုန်စည်ထောက်ပံ့ရေးဗဟိုစခန်း(Logistics Hub)ကိုတည်ဆောက်နိုင်ရန် ကိုရီးယားနိုင်ငံ HUBSMK ကုမ္ပဏီနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ နားလည်မှုစာချွန်လွှာ(MoU) ရေးထိုးထားပြီး ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ မြေဧက ၅၉ ဒသမ ၁၀၇ ဧကပေါ်တွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပို့ကုန်မဟာဗျူဟာကို ရေးဆွဲ၍ ပို့ကုန်မြှင့်တင်ရေး ဆောင်ရွက်လျက်ရှိပြီး ပို့ကုန်အရည်အသွေးမြှင့်တင်နိုင်ရန်နှင့် ကုန်ကျစရိတ်များ လျှော့ချနိုင်ရန် အဓိကလိုအပ်နေသော ကုန်စည်ထောက်ပံ့ရေး ဗဟိုစခန်းများ တည်ထောင်နိုင်ရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက ပြောသည်။

ညွှန်ကြားရေးမှူးချုပ်က "ခေတ်မီနည်းပညာ အသုံးပြုမယ့် Logistics Hub တည်ထောင်နိုင်ဖို့ ကနဦး လေ့လာဆန်းစစ်မှုတွေ စတင်ဆောင်ရွက်မှာပါ"ဟု ပြောသည်။ အဆိုပါ ကုန်စည်ထောက်ပံ့ရေး ဗဟိုစခန်း (Logistics Hub)ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ကိုရီးယားနိုင်ငံ HUBS MK ကုမ္ပဏီတို့ ပူးပေါင်း တည်ဆောက်ရန် သဘာတူညီမှု နားလည်မှုစာချွန်လွှာ (MoU) ကို ဇန်နဝါရီ ၂၄ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များ ထွက်ရှိရာဒေသများတွင် ကုန်စည်သိုလှောင်ရုံများ လိုအပ်နေသည့်အပြင် ဆိပ်ကမ်းနေရာမလုံလောက်သည့်ပြဿနာများလည်း ကြုံတွေ့နေရသည့်အတွက် ကုန်စည်ထောက်ပံ့ရေး ဗဟိုစခန်း(Logistic Hub)များကို အများအပြား တည်ဆောက်ရန် လိုအပ်နေကြောင်း သိရသည်။

"Logistic Center တစ်ခု တည်ဆောက်နိုင်ဖို့က ကုန်ကျစရိတ်တွေ အများကြီးရှိတယ်၊ ဒီလို အခြေခံအဆောက်အအုံတွေ တည်ဆောက်နိုင်ဖို့က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ များများဝင်လာဖို့လိုတယ်"ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

ပို့ကုန်၊ သွင်းကုန်များ လုံခြုံစိတ်ချစွာ ထားရှိနိုင်ရေးအတွက် သိုလှောင်ရုံများတည်ဆောက်ရေးနှင့် အပြည်ပြည်ဆိုင်ရာပြပွဲများ ကျင်းပနိုင်ရန် လိုအပ်နေပြီး ရေထွက်ပို့ကုန်များ၊ လယ်ယာထွက်ပို့ကုန်များ အရည်အသွေးပိုင်းထိန်းသိမ်းရေးနှင့် သယ်ယူပို့ဆောင်ရေး လွယ်ကူစေရန်အတွက် ကုန်သွယ်ရေးလမ်းကြောင်းများကိုလည်း အမြန်ဆုံးတည်ဆောက်နိုင်ရန် ပြင်ဆင်နေကြောင်းလည်း ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားသည်။ **ဇာလင်းသူ**(AMIA)၊ **ဓာတ်ပုံ- ဝတ်ရည်မွန်**(AMIA)



## ကုန်ကြမ်းရှားပါး၍ ငါးရံ့ခြောက်လုပ်ငန်းများ အခက်တွေ့နေ

**ပဲခူး ဖေဖော်ဝါရီ ၄**
ပဲခူးမြို့နယ် ပျဉ်ပုံကြီးကျေးရွာသည် ဆောင်းကာလနှင့် နွေရာသီ ပွင့်လင်းရာသီများတွင် ငါးရံ့ခြောက်လုပ်ငန်းများကို တွင်ကျယ်စွာလုပ်ကိုင်လေ့ရှိသည့်ရွာဖြစ်ပြီး လက်ရှိအချိန်တွင်မူ ငါးရံ့ဖမ်းဆီးရမိမှု နည်းပါးလာသည့်အတွက် ကုန်ကြမ်းရှားပါးကာ လုပ်ငန်းလုပ်ကိုင်သူများ အခက်အခဲများ ကြုံတွေ့နေရကြောင်းသိရသည်။

"ငါးရံ့ခြောက်လုပ်ငန်းတွေ အလုပ်အကိုင်ကောင်းမွန်လာတော့ ဒေသခံငါးဖမ်းသူတွေနဲ့ အလုပ်သမားတွေ ဝင်ငွေကောင်းပြီး အဆင်ပြေကြတယ်၊ ဒါပေမယ့် တစ်နှစ်ထက်တစ်နှစ် ငါးရှာဖွေရတာ ရှားပါးလာတယ်၊ ကိုယ့်ရွာမှာ ငါးရံ့ခြောက်လုပ်တဲ့လုပ်ငန်းရှိနေတော့ အဝေးကြီး လိုက်ရောင်းစရာမလိုဘူး။ နီးနီးနားနား ဒီမှာပဲရောင်းရတော့ အဆင်ပြေတယ်'ဟု မိုးယွန်းကြီးအင်းကိုအမှီပြုကာ တစ်ပိုင်တစ်နိုင် ငါးဖမ်းရောင်းချနေသည့် ဒေသခံရေလုပ်သား တစ်ဦးက ပြောသည်။

ပျဉ်ပုံကြီးကျေးရွာအပါအဝင် မိုးယွန်းကြီးအင်းအနီးပတ်ဝန်းကျင်ရှိ ကျေးရွာပေါင်း ၂၀ ခန့်မှ ဒေသခံအချို့သည် တစ်ပိုင်တစ်နိုင်ငါးဖမ်း၍ ငါးခြောက်လုပ်ငန်းလုပ်သူများထံ ပြန်လည်ရောင်းချခြင်းဖြင့် နေ့စဉ် ပုံမှန်ဝင်ငွေရရှိကြသော်လည်း ယခုနောက်ပိုင်းတွင် ငါးအမိအရ နည်းပါးသွားခြင်းကြောင့် ရေလုပ်ငန်းလုပ်ကိုင်သူများနှင့် ငါးခြောက်လုပ်ငန်း လုပ်ကိုင်သူများပါ အခက်အခဲဖြစ်ပေါ်နေကြခြင်းဖြစ်ကြောင်း သိရသည်။

"ပျဉ်ပုံကြီးရွာမှာ တစ်နိုင်တစ်ပိုင် ငါးခြောက်လုပ်ငန်းတွေ ငါးခြောက်အရောင်းဆိုင်တွေလည်း ရှိတယ်၊ ငါးရံ့ခြောက်ကိုသာ အဓိကထားရောင်းချကြတာပါ၊ အရောင်းအဝယ်ပိုင်းမှာ ထိခိုက်မှုမရှိပေမယ့်လည်း ရေချိုငါးရံ့ရှားပါးလာတာကြောင့် ဈေးနှုန်းက တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာတယ်၊ လွန်ခဲ့တဲ့ လေးနှစ်လောက်ကဆိုရင် တစ်ပိဿာ သုံးကောင် လေးကောင် ငါးကောင်ပါတဲ့ အကောင်ကြီးဆိုက်ဆိုရင် နှစ်သောင်းခွဲ၊ အဲဒီဈေးကနေ သုံးသောင်း၊ သုံးသောင်းခွဲ၊ ဒီနှစ်ဆိုရင် လေးသောင်းဖြစ်လာတယ်၊ တစ်နှစ်ကို ငါးထောင်လောက်ဈေးတက်လာတယ်၊ ကုန်ကြမ်းရှားပါးလာပြီး အခက်အခဲဖြစ်မှာ စိုးရိမ်တယ်"ဟု ငါးရံ့ခြောက်လုပ်ငန်းလုပ်ကိုင်သူ ဦးတင်ကိုလှိုင်ကပြောသည်။ **ကိုလွင်(ဆွာ)**

## သက်တမ်းကုန် ပိုးသတ်ဆေးအရောင်းဆိုင်များ သက်တမ်းထပ်မတိုးပါက ဒဏ်ငွေပေးဆောင်ရမည်

**စစ်ကိုင်း ဖေဖော်ဝါရီ ၄**
ရောင်းချခွင့်လိုင်စင် သက်တမ်းကုန်နေသော ပိုးသတ်ဆေးအရောင်းဆိုင်များအနေဖြင့် လိုင်စင်သက်တမ်းထပ်မံ မတိုးပါက ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သီးနှံကာကွယ်ရေးဌာနခွဲ ပိုးသတ်ဆေးမှတ်ပုံတင်ဌာနစု တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်စန်းစန်းလွင်ကပြောသည်။

ပိုးသတ်ဆေးအရောင်းလိုင်စင်သက်တမ်းကို သုံးနှစ်အထိ သတ်မှတ်ပေးထားပြီး သက်တမ်း ကုန်ဆုံးနေသည့် ဆေးဆိုင်များကို ဒဏ်ငွေချမှတ်သွားမှာဖြစ်ကြောင်း သိရသည်။ "ပိုးသတ်ဆေး အရောင်းလိုင်စင်သက်တမ်းက သုံးနှစ်ဖြစ်ပါတယ်၊ သက်တမ်းကုန်ပြီး သက်တမ်းမတိုးရင် ဒဏ်ကြေးပေးဆောင်ရမှာ ဖြစ်ပါတယ်"ဟု ဒေါ်စန်းစန်းလွင်က ပြောသည်။



ပိုးသတ်ဆေးရောင်းချပါက ရောင်းချခွင့်လိုင်စင်နှင့် သင်တန်းဆင်းလက်မှတ်တို့ ရှိရမည်ဖြစ်ပြီး အဆိုပါလက်မှတ်များကို အရောင်းဆိုင်အတွင်း မြင်သာအောင် ချိတ်ဆွဲထားရမည်ဖြစ်ကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ညွန့်က "ကျွန်တော်တို့ဌာနအနေနဲ့ ပိုးသတ်ဆေးရောင်းချလိုသူတွေနဲ့ ကုမ္ပဏီအရောင်းဝန်ထမ်းတွေကိုလည်း သင်တန်းတွေပို့ချပြီး လက်မှတ်တွေ ထုတ်ပေးထားပါတယ်၊ အဲ့ဒီလက်မှတ်တွေကို ဆိုင်ရဲ့မြင်သာတဲ့နေရာတွေမှာ ချိတ်ဆွဲထားရမှာပါ"ဟု ပြောသည်။

လက်ရှိတွင် လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူများ သင်တန်း(CPA)ကို ဇန်နဝါရီ ၂၂ ရက်မှ ၂၅ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးရုံးခန်းမတွင် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းသို့ တိုင်းဒေသကြီးအတွင်းရှိ ပိုးသတ်ဆေးအရောင်းဆိုင်များမှ ကိုယ်စားလှယ် ၅၉ ဦး၊ တောင်သူ ၂၂ ဦးနှင့် ပိုးသတ်ဆေး ကုမ္ပဏီဝန်ထမ်း ၆၈ ဦး၊ စုစုပေါင်း ၁၄၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ပိုးသတ်ဆေးဥပဒေကို ၁၉၉၀ ပြည့်နှစ်က စတင်ပြဋ္ဌာန်းခဲ့ပြီး ပိုးသတ်ဆေးဥပဒေအသစ်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်းက ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ဝဇီရ**(AMIA)
**ဓာတ်ပုံ- ကေဇူး**(AMIA)

## တစ်ပတ်အတွင်း စိုက်ပျိုးရေးထွက်ကုန်ဈေးနှုန်း

**(ဇန်နဝါရီ ၂၉ မှ ဖေဖော်ဝါရီ ၂ အထိ)**

ဒီတစ်ပတ်မှာတော့ မတ်ပဲလည်း ဈေးတက်လာသလို ပဲစင်းငုံနီကလည်း ဈေးတက်လာပါတယ်။ ပဲတီစိမ်းကလည်း နယ်စုံကဝင်လာပြီး အတက်ဈေးနဲ့ ရှိနေပါတယ်။

**မတ်ပဲ** (FAQ/RC)

ပြီးခဲ့တဲ့အပတ်က မတ်ပဲဈေး အပြောင်းအလဲ သိပ်မရှိပေမယ့် ဒီတစ်ပတ်မှာတော့ ရန်ကုန်ဈေးကွက်မှာ မတ်ပဲဈေးတက်လာပါတယ်။ နယ်ကုန်စည်ဒိုင်တွေမှာတော့ ဈေးအနည်းငယ် ကျဆင်းသွားပါတယ်။ ပဲအဟောင်းလက်ကျန်တွေများတဲ့အတွက် ရန်ကုန်ဝယ်လက်တွေက လျှော့ပြီးဝယ်ယူရာမှ ဝယ်လိုအားလျော့ပြီး ဈေးကျဆင်းသွားခဲ့တာလည်း ဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံကတော့ မတ်ပဲက ကျဆင်းနိုင်ဖွယ်မရှိဘူးလို့ သုံးသပ်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ မတ်ပဲအသစ်တွေ ဆက်တိုက်ဝင်နေတာဖြစ်လို့ ဈေးအေးလာနိုင်တယ်လို့ ထပ်ပြီးသုံးသပ်ထားပါတယ်။ အိန္ဒိယအစိုးရကလည်း မတ်ပဲဈေးကွက်ကို ထိန်းပေးဖို့အတွက် အခြေခံဈေးပေးပြီး ဝယ်ယူနေပါတယ်။

ရန်ကုန်ကုန်စည်ဒိုင်မှာ မတ်ပဲက ၁၈၀၀၀ ကျော် ပေါက်ဈေးရှိပြီး ၁၀၀၀ ကျော် ဈေးတက်လာခဲ့ပါတယ်။ မုံရွာမှာလည်း တစ်တင်းကို ၁၇၅၀၀ ပေါက်ဈေးရှိပြီး ၁၀၀ ကျပ် ဈေးတက်လာပါတယ်။ နေပြည်တော်မှာတော့ တစ်တင်းကို ၁၆၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၁၀၀၀ ကျပ် ဈေးကျဆင်းသွားခဲ့ပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ၁၈၀၀၀ နဲ့ ဈေးငြိမ်နေပါတယ်။

**ပဲစင်းငုံနီ** RC

ပဲစင်းငုံနီကတော့ ပြီးခဲ့တဲ့အပတ်မှာ ဈေးအတက်အကျ သိပ်မရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ မထင်ထားလောက်အောင် ဈေးတက်ခဲ့ပါတယ်။ ပဲစင်းငုံကို အိန္ဒိယနိုင်ငံသို့ အဓိက တင်ပို့နေတာဖြစ်ပြီးတော့ အိန္ဒိယနိုင်ငံမှာ ပဲစင်းငုံထုတ်လုပ်မှု လျော့ကျတဲ့အတွက် ပြည်ပပဲတွေကို အဝယ်များလာလို့ ဈေးတက်လာတာလည်း ဖြစ်ပါတယ်။ ပဲထုတ်လုပ်မှုလျော့တဲ့အတွက် ပဲစင်းငုံက ရေရှည်ကောင်းနိုင်တယ်လို့လည်း Agriwatch က သုံးသပ်ထားပါတယ်။

ပြီးခဲ့တဲ့နှစ် အိန္ဒိယရဲ့ပဲစင်းငုံထုတ်လုပ်မှုက တန်ချိန် သိန်း ၄၀ ရှိပေမယ့် ဒီနှစ်မှာတော့ တန်ချိန် သိန်း ၃၀ ကျော်သာ ရှိနိုင်တဲ့အတွက် မြန်မာပဲတွေအနေနဲ့ အလားအလာကောင်းနိုင်ခြေလည်း ရှိနေပါတယ်။

ရန်ကုန်ကုန်စည်ဒိုင်မှာ ပဲစင်းငုံနီတစ်တင်းကို ၁၃၇၅၀ ရှိပြီး တစ်ပိဿာကို ၂၀၀၀ နီးပါး ဈေးတက်လာခဲ့ပါတယ်။ မုံရွာကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ၁၂၅၀၀ ရှိပြီး ၈၀၀ လောက် ဈေးတက်လာပါတယ်။ မြင်းခြံကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ၁၁၀၀၀ လောက်ရှိပါတယ်။ ပခုက္ကူကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ၁၂၅၀၀ ပေါက်ဈေးရှိပြီး တစ်တင်းမှာ ၅၀၀ လောက် ဈေးတက်လာပါတယ်။ ပြည်ကုန်စည်ဒိုင်မှာလည်း ပြီးခဲ့တဲ့ အပတ်ကထက် ကျပ် ၁၀၀၀ ဈေးတက်လာပြီး တစ်တင်းကို ၁၂၅၀၀ ပေါက်ဈေးရှိပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းကတော့ နယ်စုံက ဆက်တိုက်ဝင်နေပြီး ရန်ကုန်ဈေးကွက်မှာ ပြီးခဲ့တဲ့အပတ်ထက် ဈေးတက်လာပါတယ်။ ရန်ကုန်ဈေးတက်နေပေမယ့် နယ်အချို့မှာတော့ ဈေးကျပြီး ဈေးငြိမ်နေတာကို တွေ့ရပါတယ်။ ပဲတီစိမ်းကလည်း ပြည်ပပို့ကုန်ဖြစ်ပေမယ့် အိန္ဒိယနိုင်ငံအပြင် တရုတ်နဲ့ ထိုင်းကိုပါ တင်ပို့နေတာဖြစ်တဲ့အတွက် ဈေးကွက်အတွင်း အခိုင်အမာရှိနေတဲ့ ပဲတစ်မျိုးလည်းဖြစ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲတီစိမ်းက အနိမ့်ဆုံး တစ်ပိဿာကို ၁၂၀၀ ကနေ အမြင့်ဆုံးဈေးက ၁၈၅၀ ရှိပြီး ပြီးခဲ့တဲ့အပတ်က တစ်ပိဿာကို ၁၅၀ လောက် ဈေးတက်လာပါတယ်။ မုံရွာကုန်စည်ဒိုင်မှာလည်း တစ်ပိဿာကို ကျပ် ၁၁၅၀ ပေါက်ဈေးရှိပြီး တစ်ပိဿာမှာ ကျပ် ၁၀၀ ကျော် ဈေးကျဆင်းသွားပါတယ်။ ပခုက္ကူကုန်စည်ဒိုင်မှာလည်း တစ်ပိဿာကို ၁၂၅၀ ရှိပြီး တစ်ပိဿာမှာ ကျပ် ၁၇၀ ဈေးကျဆင်းသွားပါတယ်။ ပြည်ကုန်စည်ဒိုင်နဲ့ နေပြည်တော်ကုန်စည်ဒိုင်မှာတော့ ပဲတီစိမ်းတစ်ပိဿာကို ၁၂၀၀ ကနေ ၁၃၀၀ ရှိပြီး ဈေးငြိမ်နေပါတယ်။ မြင်းခြံမှာတော့ တစ်ပိဿာကို ၅၀ လောက် ဈေးတက်လာပြီး တစ်ပိဿာ ကျပ် ၁၁၅၀ ဈေး ရှိနေပါတယ်။

**ပဲပုပ်**

ပဲပုပ်ကတော့ ဒီတစ်ပတ်မှာ အသစ်တွေလည်း ဈေးကွက်အတွင်းဝင်လာပြီဖြစ်တဲ့အတွက် ဈေးဆက်ပြီးကျဆင်းသွားပါတယ်။ ဈေးကွက်အတွင်း ဗမာပဲပုပ်က ဝင်တစ်လှည့် မဝင်တစ်လှည့်ရှိနေပြီး ရှမ်းပဲပုပ်ကတော့ ဗမာပဲပုပ်ထက်စာရင် အတက်ဈေးနဲ့ရှိနေပါတယ်။ ဈေးကွက်အတွင်း အကျဈေးနဲ့ အချိန်အတော်ကြာရှိနေပေမယ့် အမြင့်ဆုံးဈေး တစ်တင်းကို ၄၀၀၀၀ ကျော် ပေါက်ဈေးရှိခဲ့တဲ့ ပဲပုပ်ဟာ အခု အသစ်တွေ ထွက်လာချိန်မှာတော့ တစ်တင်းကို အများဆုံး ကျပ် ၂၀၀၀၀ ကျော်သာ ဈေးရရှိပါတော့တယ်။

မုံရွာကုန်စည်ဒိုင်မှာ ပြီးခဲ့တဲ့ အပတ်ကထက် တစ်တင်းကို ကျပ် ၁၅၀၀၀ ကျော် ဈေးကျဆင်းခဲ့ပြီး တစ်တင်းကို ၂၁၇၅၀ ပေါက်ဈေးရှိနေပါတယ်။ မြင်းခြံ ကုန်စည်ဒိုင်မှာတော့ တစ်တင်းမှာ ကျပ် ၃၀၀၀ ဈေးကျဆင်းသွားပြီး တစ်တင်းကို ၂၅၀၀၀ ရှိပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ၁၂၅၀၀ ပေါက်ဈေးရှိနေပြီး တစ်တင်းမှာ ကျပ် ၇၅၀၀ လောက် ဈေးကျဆင်းသွားခဲ့ပါတယ်။

**ထောပတ်ပဲ**

ထောပတ်ပဲကတော့ ဒီတစ်ပတ်မှာ နယ်ကုန်စည်ဒိုင်အတွင်း ဈေးတက်လာခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်အတွင်းမှာတော့ တစ်ပတ်အတွင်း အတက်အကျဈေးငြိမ်နေခဲ့ပါတယ်။ ပဲအသစ်တွေ ဝင်ရောက်တာမရှိသေးတဲ့အတွက် ပဲလက်ကျန်တွေက ဈေးကွက်အတွင်း နေ့စဉ် ပုံမှန် အရောင်းအဝယ်ရှိတဲ့အတွက် ဈေးကောင်းရနေပါတယ်။

မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ၅၀၀ ကျပ် ဈေးတက်လာပြီး တစ်တင်းကို ကျပ် ၃၀၀၀၀ ပေါက်ဈေးရှိပါတယ်။ မြင်းခြံကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ၂၅၀၀ ဈေးတက်လာပြီး တစ်တင်းကို ၃၀၀၀၀ ဈေး ရရှိပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ၃၀၀၀၀ ကျပ်နဲ့ ဈေးအပြောင်းအလဲ မရှိပါဘူး။ ထောပတ်ပဲဟာ ပြီးခဲ့တဲ့နှစ်က တစ်တင်းကို အမြင့်ဆုံးဈေး ကျပ် ၁၅၀၀၀ သာ ရရှိခဲ့ပြီး လက်ရှိမှာတော့ ပြည်ပပို့ကုန်ဈေးထက် မြင့်မားနေခဲ့ပါတယ်။

**မြေပဲ(လုံးဆန်)**

မြေပဲ(လုံးဆန်)ကတော့ ဒီတစ်ပတ်မှာ အနယ်နယ်အရပ်ရပ်က ကုန်စည်ဒိုင်တွေမှာ ဈေးတက်နေပါတယ်။ ပြီးခဲ့တဲ့အပတ်က ဝယ်လိုအားလျော့နည်းသွားတဲ့အတွက် ဈေးကျသွားခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ဈေးတက်လာပါတယ်။

ပခုက္ကူကုန်စည်ဒိုင်မှာ တစ်ပိဿာကို ၇၅ ကျပ် ဈေးတက်လာပြီး တစ်ပိဿာကို ကျပ် ၂၃၅၀ ပေါက်ဈေးရှိပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်ပိဿာကို ကျပ် ၆၀ လောက် ဈေးတက်လာပြီး တစ်ပိဿာကို ၂၃၅၀ ရှိပါတယ်။ မြင်းခြံမှာတော့ တစ်ပိဿာကို ၂၃၀၀ ရှိပြီး ဈေးအပြောင်းအလဲမရှိပါဘူး။ မုံရွာကုန်စည်ဒိုင်မှာတော့ တစ်ပိဿာကို ၂၅၃၈ ကျပ် ပေါက်ဈေးရှိပြီး တစ်ပိဿာမှာ ကျပ် ၆၀ လောက် ဈေးကျဆင်းသွားခဲ့ပါတယ်။

**ဝတ်ရည်မွန်**(AMIA)

# မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးလာစေရန် လယ်ယာဖွံ့ဖြိုးရေးဘဏ်က ချေးငွေများ ထုတ်ချေးပေးမည်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

မွေးမြူရေးလုပ်ငန်းများ တိုးချဲ့နိုင်ရန်နှင့် ဖွံ့ဖြိုးလာစေရန် လိုအပ်နေသော အရင်းအနှီးများကို နှစ်တို၊ နှစ်လတ် ချေးငွေအဖြစ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထပ်ဆင့်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မွေးမြူရေးလုပ်ငန်းရှင်များနှင့် လုပ်ငန်းသုံးစက်ကိရိယာများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အခြေခံပို့ကုန်လုပ်ငန်းများ၊ ငါးသားဖောက်လုပ်ငန်းများ၊ မျိုးစေ့သန့်စင်စက်များ၊ အခြောက်ခံစက်များ၊ အစာစပ်စက်ရုံများ၊ မွေးမြူရေးတိရစ္ဆာန်ထွက်ပစ္စည်းထုတ် စက်ရုံများ စသည်တို့အတွက် ချေးငွေများရရှိနိုင်ကြောင်း သိရသည်။

"ထုတ်ချေးပေးမယ့်ကာလကို အသီးသီးသတ်မှတ်ပေးထားလို့ လုပ်ငန်းရှင်တွေအတွက်တော့ အဆင်ပြေနိုင်တယ်၊ ဒါပေမယ့် အတိုးနှုန်း ကိုးရာခိုင်နှုန်းကလည်း နှစ်ရှည်ဆိုရင်တော့ များနိုင်တယ်၊ နှစ်လတ်ဆိုရင်တော့ ပုဂ္ဂလိကဘဏ်တွေနဲ့စာရင်တော့ နည်းပါးပါတယ်၊ လုပ်ငန်းရှင်တွေဘက်ကတော့ ချေးငွေရနိုင်ဖို့ ကြိုတင်ပြင်ဆင်ရမယ့်အပိုင်းတွေရှိတော့ ဒါတွေကိုဌာနဆိုင်ရာတွေ၊ အသင်းအဖွဲ့တွေနဲ့ ဆောင်ရွက်တဲ့အခါမှာ မြန်မြန်ရနိုင်ဖို့၊ လွယ်ကူဖို့ လိုအပ်တယ်၊ အပေါင်ပစ္စည်းပေးနိုင်မှုရမယ့် ချေးငွေလိုမျိုးမှာ အဖွဲ့အစည်းတွေရဲ့ ထောက်ခံချက်ကလည်း လိုအပ်လာပြီ၊ ဒါတွေလုပ်ဆောင်နိုင်ဖို့ အဟန့်အတား အခက်အခဲတွေကိုလည်း ကူညီဖြေရှင်းပေးဖို့ တောင်းဆိုပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး ငါး၊ ပုစွန် မွေးမြူထုတ်လုပ်ရောင်းချသူများအစုအဖွဲ့၏ ဒါရိုက်တာ ဦးနေလင်းစိုးက ပြောသည်။



ယင်းသို့ထုတ်ချေးရာတွင် အဓိကအားဖြင့် ပို့ကုန်တိုးမြှင့်စေမည့်လုပ်ငန်းများ၊ သွင်းကုန်အစားထိုးလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီနှင့် သက်ဆိုင်ရာအဖွဲ့ချုပ်နှင့် အသင်းချုပ်များထံသို့ ဆက်သွယ်နိုင်ကြောင်း၊ ထိုအသင်းချုပ်များမှ ထောက်ခံတင်ပြသည့် လုပ်ငန်းများကို ဦးစားပေး၍ ချေးငွေထုတ်ချေးမည်ဖြစ်ကြောင်း သိရသည်။

ချေးငွေပမာဏ၏ အတိုးနှုန်းနှင့် သက်တမ်းမှာ နှစ်တိုအဖြစ် သက်တမ်း သုံးနှစ်၊ နှစ်လတ်အဖြစ် ငါးနှစ် သတ်မှတ်ထားပြီး အတိုးနှုန်းမှာ ကိုးရာခိုင်နှုန်း ဖြစ်ကြောင်း၊ ချေးငွေပမာဏမှာ ကျပ်သိန်း ၂၀၀ မှ ကျပ်သိန်း ၅၀၀၀ အထိဖြစ်ကြောင်း သိရသည်။ ချေးငွေအာမခံအဖြစ်တင်သွင်းရာတွင် မရွှေ့မပြောင်းနိုင်သောပစ္စည်းများအပြင် ရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုလည်း အာမခံပေးနိုင်ကြောင်း၊ အာမခံပစ္စည်းမပေးနိုင်သောသူများအား လုပ်ငန်းကောင်းမွန်စွာ လည်ပတ်နေပါက အာမခံအဖွဲ့အစည်းများနှင့်ချိတ်ဆက်ပြီး ချေးငွေ ကျပ်သိန်း ၂၀၀ အထိ ပေးနိုင်ရန် စီစဉ်ထားကြောင်းလည်း သိရသည်။

ချေးငွေပြန်ဆပ်ရာတွင် သုံးနှစ်သက်တမ်းရှိချေးငွေများအတွက် ဆိုင်းငံ့ကာလ တစ်နှစ်၊ ကျသင့်အတိုးကို သုံးလတစ်ကြိမ်ကောက်ခံပြီး အရင်းပေးဆပ်မှုကို နှစ်နှစ်အတွင်း ခြောက်လတစ်ကြိမ်ဖြင့် လေးရစ်ပေးသွင်းရမည်ဖြစ်ကြောင်း၊ ငါးနှစ်သက်တမ်းရှိသော နှစ်လတ်ချေးငွေအတွက် ဆိုင်းငံ့ကာလမှာ နှစ်နှစ်ဖြစ်ပြီး ကျသင့်အတိုးကို သုံးလတစ်ကြိမ် ကောက်ခံကာ သုံးနှစ်အတွင်း ခြောက်လတစ်ကြိမ်ဖြင့် ခြောက်ရစ်ပေးဆပ်ရမည်ဖြစ်ကြောင်း သိရသည်။

**ဇာလင်းသူ(AMIA)၊ ဓာတ်ပုံ- ကေဇူး(AMIA)**

# နယ်စပ်ဆန်တင်သွင်းမှုကို တရုတ်နိုင်ငံက ကန့်သတ်ထားသော်လည်း နေ့စဉ်ဝယ်လိုအားရှိနေ

**မူဆယ် ဖေဖော်ဝါရီ ၄**

တရုတ်နိုင်ငံအနေဖြင့် နယ်စပ်မှ ဆန်တင်သွင်းမှုကို ကန့်သတ်ထားသော်လည်း နေ့စဉ် မြန်မာနိုင်ငံဘက်မှ ဆန်တန်ချိန် ၆၀၀၀ ခန့်ကို ဝယ်လိုအားရှိနေကြောင်း မူဆယ်နယ်စပ်ကုန်သည်များ၏ ပြောကြားချက်များအရ သိရသည်။

လက်ရှိအချိန်တွင် နယ်စပ်မှတင်ပို့နေသည့် ဧည့်မထဆန်များမှာ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ထွက်ရှိသောဆန်များဖြစ်ပြီး တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်အပြင် ချင်းရွှေဟော်နှင့် လွယ်ဂျယ် ကုန်သွယ်ရေးစခန်းများမှလည်း နေ့စဉ်တင်ပို့နေကြောင်း မူဆယ်ဆန်ကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးချမ်းသာဦးက ပြောသည်။

"လက်ရှိဘဏ္ဍာနှစ်မှာ ဆန်တန်ချိန် ၁၀၁၆၀၄၆ တန် တန်ဖိုးအနေနဲ့ အမေရိကန်ဒေါ်လာ ၃၃၈ သန်း ရရှိထားတယ်၊ အရင်ဘဏ္ဍာနှစ်ကထက် ပိုပြီးတင်ပို့ထားသလို နှစ် ၅၀ အတွင်း မြန်မာနိုင်ငံရဲ့အများဆုံး ဆန်တင်ပို့နိုင်တဲ့စံချိန်ကို ချိုးနိုင်ခဲ့ပါတယ်၊ ဒါဟာ Oversea/border trade ဟန်ချက်ညီမျှအောင် အချိုးကျကျ တင်ပို့နိုင်ခဲ့လို့ပါ"ဟု ၎င်းကပြောသည်။



လက်ရှိ မူဆယ်နယ်စပ်မှ အများဆုံး တင်ပို့လျက်ရှိသည့် ဧည့်မထဆန် ၂၅ မှတ်တန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၆ ခန့် ရရှိပြီး ပင်လယ်ရေကြောင်းမှတင်ပို့နေသည့် ဆန်ဈေးကွက်တွင်မူ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၉၈ ဒေါ်လာခန့်သာ ရရှိကြောင်း သိရသည်။ အလားတူ နယ်စပ်ဈေးကွက်တွင် ငစိန်ဆန် ၂၅ မှတ်တန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၅ ဒေါ်လာခန့် ရရှိနေပြီး ပင်လယ်ရေကြောင်းဈေးကွက်တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၉၄ ဒေါ်လာခန့်သာ ရရှိနေကြောင်း သိရသည်။

တရုတ်ယွမ်ငွေဈေးနှုန်းမှာလည်း ယမန်နှစ်က တရုတ်ငွေ တစ်ယွမ်လျှင် မြန်မာငွေ ၁၉၀ ကျပ်ခန့် ရှိခဲ့သော်လည်း ယခုဘဏ္ဍာနှစ်တွင် တရုတ်ငွေတစ်ယွမ်လျှင် မြန်မာငွေ ၂၀၃ ကျပ်ခန့်အထိ တိုးလာခဲ့ပြီး ၁၃ ကျပ်ခန့် တိုးမြင့်လာသည်။

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၁၂ သိန်းကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၄၆ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၁၀ သိန်းကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၇၄ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ခြောက်သိန်းကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၀၈ သန်း ရရှိခဲ့ကြောင်း သိရသည်။

**ဇာလင်းသူ(AMIA)၊ ဓာတ်ပုံ-ဝတ်ရည်မွန်(AMIA)**

# တရုတ်သို့ တိရစ္ဆာန်ကောင်ရေ ၃၀၀ ကျော် နေ့စဉ်တင်ပို့နေ

**မူဆယ် ဖေဖော်ဝါရီ ၄**

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ ဆိတ်၊ ကျွဲ၊ နွား အရှင် ကောင်ရေ ၃၀၀ ကျော်ကို နေ့စဉ် တင်ပို့နေပြီး တရားဝင်တင်ပို့ခွင့်ပြုခဲ့သည့်အချိန်မှစ၍ ဇန်နဝါရီ ဒုတိယပတ်အထိ အမေရိကန်ဒေါ်လာ ၇ ဒသမ ၂၅၆ သန်းဖိုးခန့် တင်ပို့ထားပြီးဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ကျွဲ၊ နွား၊ ဆိတ်အရှင်များကို မူဆယ် ၁၀၅ မိုင်တွင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလလယ်မှ စတင်တင်ပို့ခဲ့ရာ တစ်ရက်လျှင် ဆိတ်အရှင် ကောင်ရေ ၃၃၀ ကျော်နှင့် ကျွဲ၊ နွားအရှင် ကောင်ရေ ၂၀၀ ကျော်အထိ တင်ပို့နေပြီး ကုမ္ပဏီပေါင်း ၆၀ ခန့်က ကျွဲ၊ နွား ကောင်ရေ ၆၀၀၀ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၂၅၆ သန်းခန့် ရရှိထားကြောင်း ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ပြောသည်။

ညွှန်ကြားရေးမှူးချုပ်က "ပြည်ပကို တရားဝင်တင်ပို့ခွင့်ပြုခဲ့တဲ့အချိန်ကစပြီး ဆိတ်၊ ကျွဲ၊ နွား အရှင် ကောင်ရေ ၃၀၀ ကျော်ကို နေ့စဉ်တင်ပို့နေရတယ်၊ ဝက်အရှင်ကတော့ ပြည်တွင်းမှာ လုပ်ကိုင်သူနည်းပါးနေတာရယ် ပြည်တွင်းစားသုံးမှုလိုအပ်ချက်လည်း ရှိနေတော့ တင်ပို့မှုလျော့နည်းနေသေးတယ်"ဟု ပြောသည်။

လက်ရှိ မူဆယ်မြို့နယ် တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးရေးစခန်းတွင် ကျန်းမာရေးစစ်ဆေးထောက်ခံချက် (Health Certificate) စစ်ဆေးချက်များနှင့်အတူ တစ်ဖက်နိုင်ငံသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ကျွဲ၊ နွား၊ ဆိတ်အရှင်များကို မြန်ဆန်စွာတင်ပို့နိုင်ရန် သက်ဆိုင်ရာ စစ်ဆေးရေးအဖွဲ့များက ဆောင်ရွက်ပေးနေကြောင်းလည်း ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားသည်။

တိရစ္ဆာန်အရှင် ပြည်ပတင်ပို့မှုများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ကျန်းမာရေးထောက်ခံချက်၊ သယ်ဆောင်ခွင့် အထောက်အထား၊ စီးပွား/ကူးသန်း ဝန်ကြီးဌာနလက်အောက်ရှိ ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်၊ သွင်းကုန် လုပ်ငန်းဌာနခွဲတွင် ပို့ကုန်လိုင်စင် လျှောက်ထားရယူရန် စသည်တို့ လိုအပ်ပြီး တင်ပို့နေသူများအနေဖြင့် မြို့နယ်အလိုက် ဝယ်ယူစုဆောင်းကာ မူဆယ်နယ်စပ် ရေပူကုန်ပစ္စည်းစစ်ဆေးရေးစခန်းတွင် ထပ်မံအစစ်ဆေးခံပြီးမှ တင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်း သိရသည်။

**ဇာလင်းသူ(AMIA)၊ ဓာတ်ပုံ- ထက်အောင်(AMIA)**

# ပြည်ပဈေးကွက်ရလာသော ပီလောပီနံကို တိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်လျက်ရှိ

**ပုသိမ် ဖေဖော်ဝါရီ ၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးမှုများလာသော ပီလောပီနံဉကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်၍ ပြည်ပတင်ပို့ရာတွင် ဈေးကွက်ရရှိလာသဖြင့် တောင်သူများအနေဖြင့် တိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်လာကြကြောင်း ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ပီလောပီနံစိုက်တောင်သူများက ပြောကြားသည်။

မြန်မာနိုင်ငံတွင် ပီလောပီနံကို ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်း၊ ကယားပြည်နယ်တို့တွင် အများဆုံး စိုက်ပျိုးနေပြီး ၂၀၁၂ ခုနှစ်မှစတင်၍ ပြည်ပဈေးကွက်များသို့ တင်ပို့ခဲ့ခြင်းဖြစ်ကာ ယခုနှစ်အတွင်း တရုတ်နိုင်ငံမှ အဝယ်လိုက်လာသဖြင့် ဈေးကောင်းရရှိနေကြောင်း သိရသည်။

ပုသိမ်မြို့နယ်ရှိ စွယ်ရော ပီလောပီနံကော်မှုန့်လုပ်ငန်းရှင် ဦးမျိုးကျော်သူရအေးက "ကျုံပျော်နဲ့ ပုသိမ် နှစ်မြို့နယ်ထဲတင် တစ်နှစ်ကို ပျှမ်းမျှအိတ်ရေ သုံးသန်းအထိ ထွက်တယ်၊ ပြည်ပပို့တာ ၂၀၁၂ လောက်ကတည်းကပါ၊ နည်းနည်းချင်းစီ ပို့လာတာ၊ အခု နှစ်နှစ်အတွင်းမှာတော့ မူဆယ်ကနေ တရုတ်ကို တန်ချိန် ၂၀၀ နီးပါးအထိ တင်ပို့လာနိုင်တယ်၊ အရင်တုန်းက တစ်ကီလိုတစ်အိတ်ကို ကျပ် ၁၈၀၀၀ ရတယ်၊ အခု အနိမ့်ဈေး ကျပ် ၂၀၀၀၀ ကျော်တယ်"ဟု ပြောသည်။

ကျုံပျော်မြို့နှင့် ပုသိမ်မြို့နယ်များတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ခန့်မှစတင်ကာ ပီလောပီနံ(ကလော)ကိုတောင်သူများက စိုက်ပျိုးကြပြီး တစ်ပိုင်တစ်နိုင် အသေးစားစက်မှုလုပ်ငန်းတစ်ခုအဖြစ် ကျေးရွာများတွင် ပီလောပီနံကော်မှုန့်များကို ထုတ်လုပ်ရောင်းချလျက်ရှိရာ လက်ရှိအချိန်တွင် မြို့နယ်နှစ်ခုအတွင်း ကော်မှုန့်ပြုလုပ်သည့် စက်ကြီး၊ စက်လတ်၊ စက်သေး စုစုပေါင်း ၁၀၀ ကျော်ရှိကြောင်း သိရသည်။

ကျုံပျော်မြို့နယ်မှ ပီလောပီနံစိုက်တောင်သူ ဦးဖိုးငွေက ပြည်ပဈေးကွက် ရရှိထားပြီးဖြစ်သည့်အတွက် တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရန် နည်းပညာ၊ ငွေကြေးအရင်းအနှီးနှင့် စက်ကိရိယာများလိုအပ်နေကြောင်း ပြောသည်။ "အရင်က တစ်ပိုင်တစ်နိုင်ပဲ စိုက်တာ၊ ဒီနှစ်မှာတော့ စီးပွားဖြစ် လေးဧကကျော် စစိုက်ထားတယ်၊ တခြားတောင်သူတွေလည်း စိုက်ခင်းနဲ့ စနစ်တကျ စိုက်လာကြတယ်၊ အထွက်နှုန်းကောင်းအောင် နောက်နှစ်မှာ တရုတ်ဘက်ကလာတဲ့မျိုးတွေ စစိုက်ဖို့ စိတ်ကူးထားတယ်"ဟု ပြောသည်။

ပီလောပီနံအမှုန့်ကို ပေါင်မုန့်၊ ကိတ်မုန့်၊ ဘီစကစ်၊ ကွတ်ကီး စသည့်စားသောက်ကုန်များပြုလုပ်ရာတွင် အဓိက အသုံးပြုကြပြီး ပြည်ပတင်ပို့ရာတွင် မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့မှုအပြင် ပင်လယ်ရေကြောင်းမှတစ်ဆင့် စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများသို့လည်း တင်ပို့နေကြောင်း သိရသည်။

**ဇာလင်းသူ(AMIA)**

# ဆောင်းသီးနှံစိုက်ခင်းများသို့ ကွင်းဆင်းကြည့်ရှု၍ ပိုးမွှားရောဂါကြောင့် ဆုံးရှုံးမှုလျော့နည်းရေး ဆွေးနွေး

**ဂန့်ဂေါ ဖေဖော်ဝါရီ ၄**

ဂန့်ဂေါမြို့နယ်တွင် ဆောင်းသီးနှံများကို မြို့နယ်အတွင်းဖြတ်သန်းစီးဆင်းသည့် မြစ်သာမြစ်ကမ်းဘေးတစ်လျှောက်၌ အများအပြားစိုက်ပျိုးကြပြီး ယခုနှစ်တွင် ဆောင်းသီးနှံအဖြစ် ထောပတ်ပဲ၊ စားတော်ပဲ၊ ကုလားပဲ စသည်ဖြင့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံများဖြစ်သည့် နေကြာ၊ မြေပဲတို့အပြင် ပြောင်းဖူးနှင့် အခြားသီးနှံများ စုစုပေါင်း ဧက ၆၆၀၀၀ ကျော် စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးထားသည့် သီးနှံခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ပိုးမွှားရောဂါများကြောင့် ဆုံးရှုံးမှုလျော့နည်းစေရန်အတွက် ဂန့်ဂေါခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနများမှ ဝန်ထမ်းများသည် တောင်ယာပြင်ကျေးရွာ၊ ဘော်ပြင်းကျေးရွာနှင့် ကန်ကျေးရွာတို့ရှိ ဆောင်းသီးနှံစိုက်ခင်းများကို ဖေဖော်ဝါရီ ၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်နွယ်နှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးမြင့်ဇော်တို့ ဦးဆောင်သည့်အဖွဲ့က ကွင်းဆင်းစစ်ဆေးခြင်းဖြစ်ပြီး တောင်သူများအား ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး နည်းပညာများ၊ သီးနှံများတွင်ကျရောက်သော ဖျက်ပိုးများအကြောင်းနှင့် ကာကွယ်နှိမ်နင်းနည်းများကို ဆွေးနွေးပညာပေးခဲ့ကြသည်။ ထို့အပြင် မိုဘိုင်းဖုန်းများဖြင့် တောင်သူများ အလွယ်တကူလေ့လာနိုင်ရန် သီးနှံကာကွယ်ရေး ဖုန်းအပလီကေးရှင်း ထည့်သွင်းသုံးစွဲနည်းများကိုလည်း သင်ပြဆွေးနွေးပေးခဲ့ကြကြောင်း သိရသည်။

၁၀၁

## သတင်းတိုများ

### ပြည်သူ့ဗဟိုပြန်ကြားရေးနှင့်ဆိုင်ရာဗဟိုပြုနယ်လှည့်လုပ်ရှားမှုလုပ်ငန်းများဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်ဝင့်နန္ဒာငွေနှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁ ရက်က သိုက်ဝါးချောင်းကျေးရွာအုပ်စု အမက သိုက်ဝါးချောင်းကျောင်းနှင့် မြို့မရပ်ကွက် အမက ကုလားကုန်းကျောင်းတို့ကို ကွင်းဆင်း၍ (၇၀)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အကြိုအဖြစ် ပြည်ထောင်စုသမိုင်းကြောင်းနှင့် ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံ အကြောင်းတို့ကို ဟောပြောဆွေးနွေးသည်။ ထို့နောက် ပြည်သူ့ဗဟိုပြု ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအဖြစ် ကျောင်းသား ကျောင်းသူများ အသိပညာ ဗဟုသုတ တိုးပွားစေရန် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ခြင်း၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲပြုလုပ်ခြင်း၊ စာဖတ်ဝိုင်းနှင့် ဂိမ်းကစားပွဲများ ကျင်းပပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့သည်။

**မောင်ရွှေဝင်း (ပြည်)**

### ကျေးလက်ရေရရှိရေးအတွက် စက်ရေတွင်း တူးဖော်ပြီးစီး

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်အတွင်းရှိ စည်ပင်ကျေးရွာအုပ်စု ဂဋ္ဌန်လိုက်ကျေးရွာနှင့် နွယ်ခွေကျေးရွာ၊ မြောက်ပန်းဆွဲကျေးရွာအုပ်စု မြောက်ဖလံကုန်းကျေးရွာတို့တွင် ရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မူမူခင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွေး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ခင်မျိုးဝေတို့က ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**သန့်ဇော်(သာယာဝတီ)**

### ကျွန်းလှမြို့သီတဂူဗုဒ္ဓတက္ကသိုလ်သို့ ယာဉ်တစ်စီးလှူဒါန်း

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့ရှိ သီတဂူဗုဒ္ဓတက္ကသိုလ်သို့ မော်တော်ယာဉ်တစ်စီးကို ရန်ကုန်မြို့သံလွင်လမ်းနေ စီးပွား/ကူးသန်းပြည်ထောင်စုဝန်ကြီး(ငြိမ်း)ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်း သားသမီးမြေးတစ်စုတို့က ဖေဖော်ဝါရီ ၁ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။ အဆိုပါ ယာဉ်လှူဒါန်းမှုအတွက် စစ်ကိုင်းမြို့ IBEC ဆရာတော် ဦးသောဘိတထံတွင် အလှူရှင်များက ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



**တောင်ငူမြို့နေ သတင်းစာဆရာဦးကျော်လှ(သမာဓိ)၏ အသက်(၈၁)နှစ်ပြည့် မွေးနေ့ကုသိုလ်ဒါနအဖြစ် တောင်ငူမြို့ဇေယျာသီရိ အမျိုးသမီးကလေးများဖွံ့ဖြိုးရေး ပရဟိတဂေဟာရှိ မိဘမဲ့ကျောင်းသူကလေး ၉၀ အား သမာဓိမိသားစုက ဖေဖော်ဝါရီ ၁ ရက်တွင် အာဟာရဒါနကျွေးမွေးလှူဒါန်းစဉ်။ (အာဟာရဒါနနှင့်အတူ ကျောင်းသူလေးများ၏ ကျန်းမာရေးအထောက်အပံ့ဖြစ်စေရန် အားကစားပစ္စည်းမျိုးစုံကိုလည်း လှူဒါန်းခဲ့ကာ ဂေဟာမှူး ဒေါ်နန်းညိုက အလှူရှင်မိသားစုသို့ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်)**

ဝင်းကျော်(တောင်ငူ)

# ခရီးသွားတန်ဖိုးမြှင့်တင်ရေး ကွင်းဆင်းဆန်းစစ်မှု ရလဒ်များတင်ပြ




**ဘားအံ ဖေဖော်ဝါရီ ၄**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့တို့ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့သော ဘားအံခရီးသွားတန်ဖိုးမြှင့်တင်ရေး ကွင်းဆင်းဆန်းစစ်မှု၏ ရလဒ်များတင်ပြသည့် အခမ်းအနားကို ဘားအံမြို့ သံလွင်ပါရာဒိုက်စ်ဟိုတယ် အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၃ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က အမှာစကားပြောကြားပြီး ဘားအံ ခရီးသွားတန်ဖိုးမြှင့်တင်ရေးအဖွဲ့ စီမံကိန်းညှိနှိုင်းရေးမှူး ဒေါ်ကြည်ကြည်အေးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ဘားအံခရီးသွားတန်ဖိုးမြှင့်တင်ရေး အဖွဲ့ဝင် ဦးကျော်ကျော်ထွန်း၊ International Consultant Mr.Christian Schoen နှင့် ခရီးသွားတန်ဖိုးမြှင့်တင်ရေးအဖွဲ့ဝင်များက ခရီးသွားတန်းဖိုးမြှင့်တင်ရေး လုပ်ငန်းစဉ်များ၊ အကြံပြုချက်များနှင့် ဆက်လက်လုပ်ဆောင်မည့် ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြခဲ့သည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကအခွင့်အလမ်းများ နှောင့်နှေးကြန့်ကြာမှုကို ဖော်ထုတ်ရန်နှင့် စီးပွားရေးစီမံခန့်ခွဲမှုသင်တန်းများ အပါအဝင် ခရီးသွားလုပ်ငန်းကဏ္ဍ ဆောင်ရွက်ချက်များ အားကောင်းလာရေးအတွက် အချက်အလက်ကောင်းများရရှိစေရန် ရည်ရွယ်လျက် ဘားအံခရီးသွားတန်ဖိုးမြှင့်တင်ရေး ကွင်းဆင်းလေ့လာဆန်းစစ်ခြင်းကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကွင်းဆင်းလေ့လာရာတွင် ဟိုတယ်ဝန်ဆောင်မှု၊ ခရီးသွားလုပ်ငန်း၊ ရိုးရာအစားအသောက်၊ အသုံးအဆောင်ပစ္စည်း၊ ဧည့်လမ်းညွှန်၊ ရိုးရာအက၊ ဝန်ဆောင်မှုပေးသည့်ဝန်ထမ်းများ၊ ယာဉ်မောင်းများ၊ လေ့လာနိုင်သောထင်ရှားသည့်နေရာဒေသများ၊ ဒေသထွက်ပစ္စည်း၊ ခရီးသွားဧည့်သည်ဝင်ရောက်မှုအခြေအနေ၊ သဘာဝပတ်ဝန်းကျင်၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ကို အဓိကထားပြီး စာရင်းကောက်ယူခဲ့ကြောင်း၊ စာရင်းကောက်ယူရရှိသည့် အချက်များအပေါ်အခြေခံ၍ မည်သူက မည်သည့်ကဏ္ဍကို လုပ်ဆောင်ကြမည်ကို ထပ်မံဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ပြည်နယ်၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် အရည်အချင်းပြည့်မီသည့် ဧည့်လမ်းညွှန်များ လိုအပ်သလို ဟိုတယ်အဆောက်အအုံများကို အဆင့်မြှင့်တင်ပေးနိုင်ရန်လည်း လိုအပ်ကြောင်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် စွန့်ဦးစီးပွားရေးလုပ်ငန်းရှင်များ အသေးစား၊ အလတ်စားစီမံကိန်း ညှိနှိုင်းရေးမှူး ဒေါ်ကြည်ကြည်အေးက ပြောသည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏ စာရင်းများအရ မြန်မာနိုင်ငံတစ်ခုလုံးအတိုင်းအတာအနေဖြင့် ၂၀၁၇ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွားဧည့်သည် ၃ ဒသမ ၄၄ သန်း ဝင်ရောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် စာရင်းများနှင့် နှိုင်းယှဉ်ကြည့်ပါက ၁၈ ဒသမ ၄၃ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း၊ ကရင်ပြည်နယ်အတွင်းသို့ ၂၀၁၇ ခုနှစ်အတွင်း ခရီးသွားဧည့်သည်ဝင်ရောက်မှု အနေဖြင့် နိုင်ငံခြားသားဝင်ရောက်မှု ၂၂၅၃၁၁ ဦးရှိကာ ပြည်တွင်းခရီးသွားဝင်ရောက်မှုမှာ ၆၀၄၄၂၉ ဦးရှိကြောင်း၊ ပြည်နယ်အတွင်း လိုင်စင်ရဟိုတယ် ၂၄ လုံးရှိကာ ဟိုတယ်နှင့် ဧည့်ရိပ်သာ ၁၁ လုံးကိုလည်း ထပ်မံတည်ဆောက်လျက်ရှိကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ကျေးရွာသုံးရွာတွင် ရေမီတာစနစ်ဖြင့် အိမ်တိုင်ရာရောက်ရေပေးဝေရေး ဆောင်ရွက်ပြီးစီး

**ဘားအံ ဖေဖော်ဝါရီ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုး၍ ယူနီဆက်ဖ်မှ ပစ္စည်းများထောက်ပံ့ပြီး ကျေးရွာနေပြည်သူများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော အိမ်တိုင် ရာရောက်ရေမီတာသုံး ရေပေးရေးစနစ်ကို ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာ သုံးရွာတွင် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပြည်သူ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်ဖ် အစီအစဉ်ဖြင့် ကျေးရွာ အိမ်တိုင်ရာရောက် ရေပေးရေးစနစ်ကို ဘားအံမြို့နယ်အတွင်း ဂျိုင်းကျေးရွာအုပ်စုမှ ဂျိုင်းကျေးရွာ၊ ကျောက်တလုံး(ဝင်းဒရယ်)ကျေးရွာအုပ်စုမှ သစ်ဖြူပင်ဆိပ်ရွာနှင့် ပျဉ်းကတိုးကုန်းကျေးရွာတို့တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ယခုအခါ လုပ်ငန်းများပြီးစီး၍ ကျေးရွာနေပြည်သူများအနေဖြင့် သန့်ရှင်းသောသောက်သုံးရေကို ၂၄ နာရီ ရရှိနေပြီဖြစ်သည်။

"ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ကျေးလက်ဒေသများ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ကျေးလက် မီးလင်းရေး၊ ကျေးလက်ဝင်ငွေတိုးစီမံကိန်းများနဲ့ ကျေးလက်နေပြည်သူတွေအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိပါတယ်၊ အခု ဘားအံမြို့နယ်မှာ ဆောင်ရွက်ပြီးစီးတဲ့အိမ်တိုင်ရာရောက်ရေပေးရေးစနစ်ဟာ ကျေးလက်နဲ့မြို့ပြ ကွာဟမှုကို အမှန်တကယ်ပဲ ကျဉ်းမြောင်းစေပါတယ်၊ အခု ဆောင်ရွက်ပြီးစီးတဲ့ ကျေးရွာသုံးရွာဟာဆိုရင်လည်း မွန်ပြည်နယ်၊ ကရင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီး အပါအဝင် အောက်မြန်မာနိုင်ငံမှာ Pilot Project အနေနဲ့ ဆောင်ရွက်ခဲ့တာပါ၊ အောင်မြင်မှုရှိတဲ့အတွက် ကျန်ကျေးရွာတွေမှာလည်း တိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသန်းဦးက ပြောသည်။

ကျေးရွာသုံးရွာ၌ အိမ်တိုင်ရာရောက်ရေပေးရေးစနစ် ဆောင်ရွက်ခဲ့ရာတွင် လိုအပ်သော ရေသွယ်ပိုက်များ၊ ရေမြှုပ်ပန့်များအပြင် စွမ်းအင်အတွက်လိုအပ်သည့် ဆိုလာနှင့် ဆက်စပ်ပစ္စည်းများကို ယူနီဆက်ဖ်က အလုံအလောက် ထောက်ပံ့ပေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ရေပေးဝေရေးစနစ်အတွက် လိုအပ်သည့် ရေအရင်းအမြစ် ရှာဖွေဖော်ထုတ်ပေးခြင်း၊ ကွင်းဆင်းတိုင်းတာတွက်ချက်ပေးခြင်းတို့ဖြင့် လုပ်ငန်းစတင်သည်မှ ပြီးဆုံးသည်အထိ စဉ်ဆက်မပြတ်ကြီးကြပ်၍ နည်းပညာအကူအညီပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ကျေးရွာနေပြည်သူများကလည်း လိုအပ်သည့် အမြင့်တင်ရေစင်ဆောက်လုပ်ခြင်း၊ ကျေးရွာအတွင်း အိမ်တိုင်ရာရောက် ရေပိုက်များ သွယ်တန်းခြင်း၊ ရေပေးရေးစနစ် ရေရှည်တည်တံ့စေရန် ရေပေးဝေရေးကော်မတီဖွဲ့စည်း၍ ရေခွန်ရေခကောက်ခံခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့ကို ဟန်ချက်ညီညီ ဆောင်ရွက်လျက်ရှိသည်။ ပြည်သူ၊ ကျေးလက်၊ ယူနီဆက်ဖ် ပူးပေါင်းမှုအစီအစဉ်အရ ရေမီတာစနစ်ဖြင့် အိမ်တိုင်ရာရောက်ရေပေးဝေရေး ဆောင်ရွက်အောင်မြင်နေခြင်းကြောင့် ပြည်နယ်အတွင်းရှိ အခြားကျေးရွာများကလည်း ထိုစနစ်ကို ဆောင်ရွက်ရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

**ခင်မောင်ဝင်း(ဓာတု)၊ ထွန်းထွန်းထွေး (ဘားအံ)**

# ဝေါမြို့နယ်အတွင်းရှိ တောင်သူများ၏ လယ်ယာသုံးစက်ကိရိယာ ပြုပြင်ရေးလုပ်ငန်းများ အဆင်ပြေတော့မည်

**ဝေါ ဖေဖော်ဝါရီ ၄**

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေး နိုင်ငံတစ်နိုင်ငံဖြစ်ရာ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ခေတ်မီနည်းစနစ်များဖြင့် စိုက်ပျိုးရေးထုတ်ကုန်များကို နှစ်သီး၊ သုံးသီးအထိ စိုက်ပျိုးပြီး အထွက်နှုန်းတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် လယ်ယာသုံးစက်ကိရိယာများကို မရှိမဖြစ် အသုံးပြုလာကြရသလို လယ်ယာလုပ်သား ရှားပါးလာခြင်းကလည်း လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးအတွက် မဖြစ်မနေ ဖိအားပေးသလို ဖြစ်လာလျက်ရှိသည်။ တောင်သူများအနေဖြင့် တစ်နှစ်ထက်တစ်နှစ် ပို၍ခေတ်မီအသုံးဝင်သော လယ်ယာသုံးစက်ကိရိယာများကိုလည်း အပြိုင်သုံးစွဲမှုများ ရှိလာသည်။

တောင်သူများက ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို တိုးချဲ့သုံးစွဲလာသည်နှင့်အမျှ ထိုစက်ကိရိယာများကို ပြုပြင်ထိန်းသိမ်းရေး၊ ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်လည်း လိုအပ်လာသည်။

အဆိုပါလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် စက်မှုလယ်ယာဦးစီးဌာနက ပြင်ဆင်ရေးအလုပ်ရုံများကို ဒေသအလိုက်ဖွင့်လှစ်ပြီး ပြင်ဆင်ပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်း အမှတ်(၅၀) စက်မှုလယ်ယာစခန်းတွင်လည်း လယ်ယာသုံးစက်ကိရိယာများကို ပြင်ဆင်ပေးရန် ပြင်ဆင်ရေးအလုပ်ရုံကို ဖွင့်လှစ်ထားပြီဖြစ်ကြောင်း သိရသည်။

ဝေါမြို့နယ်အတွင်းရှိ ကျေးရွာ ၁၁၇ ရွာမှ တောင်သူလယ်သမားများအား ခေတ်မီ လယ်ယာသုံးစက်ကိရိယာ အမျိုးမျိုးကို စက်မှုလယ်ယာဦးစီးဌာနနှင့် ကုမ္ပဏီများက လက်ငင်း၊ အရစ်ကျစနစ်များဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ စက်ကိရိယာများသုံးစွဲမှုမှာ ဆက်လက်တိုးတက်လာလျက်ရှိသလို တိုးတက်သုံးစွဲလာသော စက်ကိရိယာများ၏ ပြင်ဆင်ထိန်းသိမ်းရေး လိုအပ်ချက်များကိုလည်း ဝေါမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၅၀) စက်မှုလယ်ယာစခန်း၏ လယ်ယာသုံးစက်ကိရိယာ ပြင်ဆင်ရေးအလုပ်ရုံက ဝန်ဆောင်မှုပေးခြင်းဖြင့် ဝေါမြို့နယ်အတွင်းမှ တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများမှာ ဆက်လက်၍ အောင်မြင်မှုများ ရရှိလာနိုင်မည်ဖြစ်သည်။

**အောင်မြတ်လင်း(မြို့နယ် ပြန်/ဆက်)**



### မီးလောင်ဆုံးရှုံးသည့် မိသားစုအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**သထုံ ဖေဖော်ဝါရီ ၄**

ကျိုက်ထိုမြို့ ကံ့ကော်ရပ်ကွက်နေ ဦးဖိုးထောင်-ဒေါ်စန်းမြင့်နေအိမ်သည် ဖေဖော်ဝါရီ ၂ ရက်က မီးလောင်ဆုံးရှုံးမှုဖြစ်ခဲ့ပြီး မိသားစု ၁၀ ဦးကို ကျိုက်ထိုမြို့ ကျိုက်ပေါလေ မဲ့ရှင်ဘုရားဓမ္မာရုံ၌ နေရာချပေးခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ဒုက္ခရောက်ရှိခဲ့သော ဦးဖိုးထောင်မိသားစုအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးစည်သူစိုးက အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၁၀၀၀၀၀၊ ဆန်ခုနစ်ရက်စာ ငွေကျပ် ၁၆၈၀၀ နှင့် ပစ္စည်းငါးမျိုး ငွေစုစုပေါင်း ငွေကျပ် ၁၂၆၃၀၀ အားလည်းကောင်း၊ သထုံမြို့ရှိ အလှူရှင်များကိုယ်စား အရောင်မဲ့ ပရဟိတကွန်ယက် (သထုံ) ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ က အထည်မျိုးစုံ ၁၄ ထုပ်အားလည်း ပေးအပ်ခဲ့သည်။

**၁၃၈**

## ကျောင်းကားပြေးဆွဲခြင်းစနစ်သစ်အတွက် စမ်းသပ်လေ့ကျင့်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

အခြေခံပညာကျောင်းများ၌ ကျောင်းတွင်းစာမေးပွဲများကို ဖေဖော်ဝါရီ ၇ ရက်တွင် စတင်စစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင်းဝန်းကျင်ကျောင်းအချို့ရှေ့ရှိ ကားလမ်းမများပေါ်၌ ကျောင်းကြို/ပို့ကျောင်းကားများ မိဘအချို့၏အိမ်စီးယာဉ်များဖြင့် ယာဉ်ပိတ်ဆို့ခြင်းများရှိနေဆဲဖြစ်သည်။ သက်ဆိုင်ရာမှ ကျောင်းတက်ကျောင်းဆင်းချိန်များတွင် ယာဉ်ပိတ်ခြင်းဖြစ်တတ်သော ကျောင်းများရှေ့ ယာဉ်ကြောရှင်းလင်းခြင်းများ ပြုလုပ်ပေးနေရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းပေးထားသော Royal Golden Hand အများပိုင်ကုမ္ပဏီက ကျောင်းသား ၂၈ ဦးဆံ့ကျောင်းကားအသစ် ၂၀၀ ဖြင့် ပြေးဆွဲသည့် ဝန်ဆောင်မှုလုပ်ငန်းကိုဒဂုံ-၁၊ ကမာရွတ်အထက (၁)နှင့် TTCကျောင်းတို့တွင် ဦးစားပေးပြေးဆွဲမည်ဟုသိရသည်။ လက်ရှိပြေးဆွဲနေသော ကျောင်းကားပြေးဆွဲသည့်လုပ်ငန်းလုပ်ကိုင်သူများကို School Bus အမျိုးအစား သတ်မှတ်ချက်ခေါင်းစဉ်ပါ အကြောင်းကြားစာကိုဇန်နဝါရီ ၂၃ ရက်နေ့စွဲဖြင့် YRTA မှ ကျောင်းများက တစ်ဆင့်ပေးဝေခဲ့သည်။

ယင်းအကြောင်းကြားစာအရ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် တိုင်းဒေသကြီးအတွင်းရှိ ကျောင်းသား ကျောင်းသူများအား သယ်ယူပို့ဆောင်ပေးမည့် ကျောင်းကြို၊ ကျောင်းပို့ School Bus ယာဉ်များအသုံးပြုရာတွင် ကျောင်းသားကျောင်းသူများယာဉ်အန္တရာယ်လုံခြုံစိတ်ချစေရေးအတွက် စည်းကမ်းချက် ၁၂ ချက် ထုတ်ပြန်ထားကြောင်း သိရသည်။ ဖေဖော်ဝါရီ ၁ ရက်မှ ၆ ရက်အထိ ပြည်လမ်းမရှိ အလက(၁) ဒဂုံကျောင်းရှေ့၌ ကျောင်းကားပြေးဆွဲမည့် စနစ်သစ်အတွက် စမ်းသပ်ပြုလုပ်နေသည်ကို မြင်တွေ့ရသည်ဟု ကျောင်းသားမိဘ ဦးကျော်က ပြောသည်။

ဂျပန်ပညာရှင်အချို့နှင့် တာဝန်ရှိသူများက ကျောင်းရှေ့ကားလမ်းဘေးများ၌ ယာဉ်များနေရာယူ၍ ကျောင်းသားများ အတက်အဆင်းပြုလုပ်ခြင်းများ ကြီးကြပ်ပေးနေသည်ကိုမြင်တွေ့ရသည်။

ကျောင်းကားများအနေဖြင့် ကျောင်းသားများပြန်ကြိုရာတွင်ယာဉ်များကို မင်းရဲကျော်စွာလမ်း ဝန်းကျင်တစ်လျှောက်ရပ်နားရကြောင်း၊ ကျောင်းဆင်းချိန် ကျောင်းရှေ့ကွက်လပ်၌ ကျောင်းသားများစုစေပြီး ဆရာ ဆရာမများ ကျောင်းအကျိုးဆောင်မိဘများ ကြီးကြပ်ကာ ကျောင်းကားတာဝန်ခံများသို့သတ်မှတ်ထားသော အက္ခရာအလိုက်ပြန်လည်ခေါ်ဆောင်စေကြောင်း၊ ၎င်းကျောင်းများအား ကျောင်းရှေ့ကားလမ်းဘေးလူသွားလမ်းတွင် အစုလိုက်စောင့်စေကာ ကျောင်းကားကိုရပ်ထားသော နေရာမှကျောင်းရှေ့သို့ မောင်းနှင်လာရောက်တင်ဆောင်ရသည်ဟု ကျောင်းကားယာဉ်မောင်း ကိုဘိုဘိုက ပြောသည်။

ကျောင်းရှေ့ယာဉ်ကြောပိတ်မှုသည် လမ်းဘေးနှစ်ဖက်တွင် စီတန်းရပ်ထားသော ယာဉ်တန်းများမရှိသဖြင့် ကျောင်းဆင်းကျောင်းတက်ချိန်များတွင် ယခင်တွေ့ကြုံရခြင်းထက်လျော့နည်းသွားသည်ကို မြင်တွေ့ရသည်ဟု ယင်းရှေ့ဖြတ်လိုင်းကားယာဉ်မောင်းတစ်ဦးက ပြောသည်။

**ခင်ဆိုင်**

## (၇၁) နှစ်မြောက်ပြည်ထောင်စုနေ့ အကြိုဟောပြောပွဲနှင့် အေးချမ်းသာယာပြည်မြန်မာ ဓာတ်ပုံပြပွဲကျင်းပ

**ထားဝယ် ဖေဖော်ဝါရီ ၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ကြီးမှူးကျင်းပသော (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဟောပြောပွဲကို ဖေဖော်ဝါရီ ၂ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ Community centre ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်လှလှမြင့်က ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ အကြောင်းကို ဟောပြောပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယ ဦးစီးမှူးဒေါ်မူမူအေးက Community centre ခန်းမ၌ ခင်းကျင်းပြသထားသော အေးချမ်းသာယာပြည်မြန်မာဓာတ်ပုံပြပွဲပြသရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ကျောင်းသား ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ပြသထားသော ပြဘုတ်တွင် ပြည်ထောင်စုနေ့ဆိုင်ရာ စာစောင်များနှင့် ဓာတ်ပုံများကို ကြည့်ရှုခဲ့သည်။

**လှလှ**



**ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရပ်ကွက် သိဒ္ဓိအောင်ဓမ္မာရုံ၌ ဇန်နဝါရီလနောက်ဆုံးပတ်က ကျင်းပရာ စက်ဆန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်ထွန်းနှင့်အဖွဲ့၊ အမျိုးသမီးငယ်များ၊ ရပ်ကွက်နေပြည်သူများအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်ထူးက သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းအသိပညာပေးဆွေးနွေးဟောပြောစဉ်။**

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)



## ပြည်ထောင်စုနေ့အကြို ဟောပြောပွဲ ကျင်းပ

**သထုံ ဖေဖော်ဝါရီ ၄**

မွန်ပြည်နယ် သထုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာပေချစ်သူများအဖွဲ့တို့ ပူးပေါင်းပြီး (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကို ဖေဖော်ဝါရီ ၂ ရက်က သထုံမြို့နယ် ထောင်မှူးကျေးရွာနှင့် မြစ်ကျေးရွာ မူလွန်ကျောင်းများတွင် ကျင်းပခဲ့သည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံကို ပိုမိုသိရှိပြီး ပြည်ထောင်စုနေ့ဖြစ်မြောက်အောင် ကြိုးပမ်းဖော်ဆောင်ပေးခဲ့ကြသည့် ခေါင်းဆောင်ကြီးများ၏ စိတ်ဓာတ်ကို လေးစားအားကျမိလာစေရန် ဟောပြောပွဲကျင်းပပေးခြင်းဖြစ်ကြောင်း ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်က ပြောသည်။ ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ကျောင်းသား ကျောင်းသူများအား ပြည်ထောင်စုနေ့အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်စာပေချစ်သူများအဖွဲ့ဥက္ကဋ္ဌ ဦးသန်းစိုးက စာဖတ်ခြင်း၏အကျိုးကျေးဇူးများကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့သည်။

ဟောပြောပွဲများတွင် ကျောင်းသား ကျောင်းသူများအား ဉာဏ်စမ်းမေးခွန်းများမေးမြန်းခြင်းနှင့်အတူ ပျော်ရွှင်ဖွယ်ရာ ဂိမ်းကစားနည်းများကို ထည့်သွင်းယှဉ်ပြိုင်စေပြီး သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များ၊ ဓာတ်ပုံများနှင့် သုတ၊ ရသ စာအုပ်များကိုလည်း ခင်းကျင်းပြသထားရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မြေငလျင်ဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**မိုးညို ဖေဖော်ဝါရီ ၄**

မြေငလျင်ဘေးအန္တရာယ် ကြုံတွေ့ရပါက လူထိခိုက်သေဆုံးမှု လျော့နည်းစေရေးအတွက် ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုကို ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် မိုးညိုမြို့ အခြေခံပညာ အထက်တန်းကျောင်း အားကစားကွင်း၌ ဇန်နဝါရီ ၃၁ ရက်က ပြုလုပ်ခဲ့သည်။

ဇာတ်တိုက်လေ့ကျင့်ရာတွင် ပြည်ခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မြို့နယ်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့၊ ပညာရေးဌာန၊ မီးသတ်ဌာနနှင့် ကြက်ခြေနီတပ်ဖွဲ့တို့မှ တာဝန်ရှိသူများက ဦးဆောင်ပြီး ကျောင်းသားကျောင်းသူများ ပူးပေါင်းပါဝင်၍ သဘာဝဘေးအန္တရာယ်တစ်မျိုးဖြစ်သော မြေငလျင်ဘေးအန္တရာယ် ကျရောက်လာပါက ထိခိုက်မှုအနည်းဆုံးဖြစ်အောင် နေထိုင်နည်း၊ ကယ်ဆယ်ရေး၊ လူနာသယ်ဆောင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေး စသည်တို့ကို အချိန်နှင့်တစ်ပြေးညီ အလျင်အမြန်ဆောင်ရွက်နိုင်ကြရန် သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်မှု ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ခင်လတ်(မိုးညို)**

## ဆင်ဖြူကျွန်း၌ ယာဉ်စီးနင်းသူများအား အသိပညာပေးစာစောင်များဝေငှ

**ဆင်ဖြူကျွန်း ဖေဖော်ဝါရီ ၄**

မကွေးတိုင်းဒေသကြီး ဆင်ဖြူကျွန်းမြို့၌ ဖေဖော်ဝါရီ ၁ ရက်က ယာဉ်စီးနင်း သူများကို ယာဉ်အန္တရာယ်မဖြစ်ပေါ်စေရေးအတွက်သတိပေးခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆင်ဖြူကျွန်းမြို့အုပ်ချုပ်ရေးမှူး ဦးမြတ်စိုး၊ ဆင်ဖြူကျွန်းရဲစခန်းမှူး ရဲအုပ်မြင့်ဆန်းနှင့် ပူးပေါင်းအဖွဲ့ဝင်များသည် နွယ်တမယ်တံတား အရှေ့ဘက်လမ်းဆုံတွင် ယာဉ်စီးသူများနှင့် ယာဉ်များကို ယာဉ်စည်းကမ်းလမ်းစည်းကမ်းအသိပညာပေးခြင်း၊ ယာဉ်စီးသူများလိုက်နာသိရှိမည့်အချက်အလက်များကို ဟောပြောခြင်းများ ပြုလုပ်ခဲ့ကြသည်။

ထို့နောက် အသိပညာပေး လက်ကမ်းစာစောင် ၁၂၅၀ ကို ကားအစီး ၁၅၀၊ သုံးဘီးယာဉ်အစီး ၅၀၊ မော်တော်ဆိုင်ကယ်အစီး ၁၀၅၀ တို့ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ရွှေပြည်သာမြို့နယ်၌ ချောင်းကူးတံတားသစ် တိုးချဲ့တည်ဆောက်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ထန်းခြောက်ပင် လမ်းဆုံနှင့် ပတ္တမြားဈေးကြား ဘုရင့်နောင်လမ်းမပေါ်ရှိ ဋ္ဌသရိုးချောင်းဖြတ်တံတားအား အများပြည်သူခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ဝဲ၊ ယာ တစ်ဖက်လျှင် ၁၅ ပေစီ တိုးချဲ့ကာ တံတားသစ်တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ဌာနက တံတားသစ်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို နိုဝင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်တာပါ၊ တံတားအမျိုးအစားက ဘိုးပိုင်သံကူကွန်ကရစ်ဖြစ်ပါတယ်၊ စက်ယန္တရားများလုပ်သားအင်အားတွေနဲ့ ဘိုးပိုင် ပေ ၇၀ မြေအောက်ချ၍ နှစ်ပေနှင့် နှစ်ပေရှစ်လက်မပိုင်တိုင် ၁၈ လုံးကို တံတားအောက်ခြေနံရံအခိုင်အမာယူ၍ တံတားသံပေါင် (၅၀၀×၂၀၀) mm နှင့် အကန့်ဖရိန် (၃၀၀×၁၅၀) mm တပ်ဆင်ပြီး ထု ရှစ်လက်မကွန်ကရစ်လမ်းခင်းပြီး လူသွားလမ်း ဝဲ၊ ယာ သုံးပေစီနဲ့ ကွန်ကရစ်လက်ရမ်းပါတံတားသစ်ကို မူလတံတားပေါင်နှင့် တွဲဆက်ပြီး ဖေဖော်ဝါရီလကုန်လောက်မှ လုပ်ငန်းအားလုံးပြီးစီးမယ်ဟု ခန့်မှန်းထားကြောင်း" တံတားတည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာဦးခင်မောင်ဝင်းက ပြောသည်။

အဆိုပါ ဋ္ဌသရိုးချောင်းဖြတ်တံတား၏ မူလလမ်းအကျယ်အဝန်းမှာ အကျယ် ၂၂ ပေ၊ အနံ ၂၀ ပေ၊ ရေလွတ် အမြင့် ၁၂ ပေရှိရာ ၎င်းကို ဝဲယာ ၁၅ ပေစီ တိုးချဲ့၍ တံတားလမ်းအကျယ် ၅၂ ပေရှိအောင် တံတားသစ်တိုးချဲ့တည်ဆောက်ခြင်းဖြစ်သည်။

"လူသွား၊ ယာဉ်သွား အများဆုံး ဖြတ်သန်းသွားတဲ့ ဒီချောင်းဖြတ်တံတား တိုးချဲ့တည်ဆောက်ပေးတာ ကျေးဇူးတင်ပါတယ်၊ ဈေးနဲ့ ဈေးကွက်တည်ရှိရာ ဖြစ်နေတော့ ခရီးသွားလာမှု စည်ကားများပြားတယ်၊ ဒီတံတားကို ရှောင်ကွင်းပြီးသွားလို့မရကြတော့ ယာဉ်ကြောပိတ်ဆို့မှုတွေ လူသွားလာမှုခက်ခဲမှုတွေ အမြဲတမ်း ကြုံတွေ့နေရတယ်၊ အခုတော့ တံတားသစ် တိုးချဲ့တည်ဆောက်ပြီး လမ်းချဲ့လိုက်တော့ ပြည်သူအားလုံး သွားလာတဲ့အခါ စိတ်အေးရပြီပေါ့"ဟု ပတ္တမြားဈေးမှ ကုန်စိမ်းရောင်းချသူ ဈေးသည်တစ်ဦးက ပြောသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**





**ဂန့်ဂေါခရိုင် ထီးလင်းမြို့၌ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် မြို့နယ် ရဲတပ်ဖွဲ့မှူး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သည့် ပူးပေါင်းအဖွဲ့ ဖေဖော်ဝါရီ ၁ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။** ၁၀၁

# "ပြည်သူ့ရင်ပြင် တရားအလှူ ဓမ္မသဘင် ကျေးဇူးတင်လွှာ"

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ဒုတိယအကြိမ် နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်**ကို (၁.၁.၂၀၁၈) မှ (၃.၁.၂၀၁၈) အထိ (၃) ရက်တိုင်တိုင် အထူးစည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပခဲ့ပါသည်။ ထိုဓမ္မသဘင် ဆင်ယင်ကျင်းပနိုင်ရန်အတွက် တရားထူးတရားမြတ်များအား ကြွရောက်ချီးမြှင့် ဟောကြားပေးပါသော ဆရာတော်ကြီးများဖြစ်သည့် . . .

- **ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ (ပါမောက္ခချုပ်ဆရာတော်)**
- **ဒေါက်တာအရှင်ဉာဏိဿရ (သီတဂူဆရာတော်)**
- **အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရဆရာတော်)**

ဆရာတော်ကြီးများနှင့် ပရိတ်တရားတော်များ ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး၊ သံဃနာယက ဥက္ကဋ္ဌဆရာတော် ဒေါက်တာကုဏ္ဍိဗလ နှင့် သံဃာတော်များအားလည်းကောင်း၊ ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ တရားနာဓမ္မမိတ်ဆွေ အပေါင်းအားလည်းကောင်း၊ (၃) ရက်တိုင်တိုင် တရားနာကြွရောက်ပေးသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း နှင့် ဇနီး ဒေါ်ခင်မိမိကြွယ်တို့အားလည်းကောင်း၊ အစိုးရအဖွဲ့ဝင် လူကြီးမင်းများနှင့် လွှတ်တော်အသီးသီးမှ လူကြီးမင်းများအားလည်းကောင်း၊ တရားပွဲကျင်းပရေး အထောက်အကူပြုကော်မတီအားလည်းကောင်း၊ ဂုဏ်ပြုညစာစားပွဲဖြင့် ဂုဏ်ပြုပွဲကျင်းပပေးပါသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အားလည်းကောင်း၊ လေးကျွန်းသူ ဖောင်ဒေးရှင်း၊ ဝိသာခါ ဖောင်ဒေးရှင်း၊ ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့၊ ရွှေပါရမီ ဖောင်ဒေးရှင်း တို့အားလည်းကောင်း၊ လုံခြုံရေးကိစ္စရပ်များအား ဆောင်ရွက်ပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့၊ နောင်ရိုး CCTV Co., Ltd.၊ Myanmar Best Security Co., Ltd. ၊ Fortune International Co., Ltd. တို့အားလည်းကောင်း၊ ကျန်းမာရေး ကိစ္စအဝဝဆောင်ရွက်ပေးပါသော ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနနှင့် ခရိုင် (၄) ခုမှ ဆရာဝန်နှင့် သူနာပြုများ၊ ဝိတိုရိယဆေးရုံ၊ အာရှတော်ဝင်ဆေးရုံ၊ Grand Hantha International ဆေးရုံ၊ ပင်လုံဆေးရုံ၊ SSC ဆေးရုံ၊ OSC ဆေးရုံ၊ ဗဟိုစည်ဆေးရုံ၊ မိုးစေတနာအဖွဲ့၊ အကြင်နာကုသိုလ်ပြုအဖွဲ့၊ ERSSDO အဖွဲ့၊ ရန်ကုန်တိုင်း ကြက်ခြေနီအဖွဲ့ တို့အားလည်းကောင်း၊ ပရဟိတအသင်းများဖြစ်သော မျှဝေခံစားကူညီသူများအဖွဲ့၊ ခေတ်သစ်လူငယ် အဖွဲ့၊ ကိုးထပ်ကြီးဘုရားသောကြာရင်ပြင် သန့်ရှင်းရေးအသင်း၊ မင်္ဂလာပါအဖွဲ့၊ OFO အဖွဲ့၊ ရွှေတိဂုံသုခကာရီသောကြာသန့်ရှင်းရေးအသင်း၊ သဒ္ဒါစမ်းရေအဖွဲ့၊ မိုဘိုင်းဆွမ်းလောင်းအသင်း၊ ရတနာ့ဗိမာန် (ရန်ကင်း)၊ မင်္ဂလာဇေယျံ (အနောက်ရန်ကင်း)၊ ဓမ္မရက္ခိတ (မ/ဒဂုံ)၊ ဦးမျိုးဝင်း (မင်္ဂလာတောင်ညွန့်)၊ ကုသလဝါယမ (ကံဘဲ့ရန်ကင်း)၊ နာရေးကူညီမှုအသင်း (ရန်ကုန်)၊ ရွှေတိဂုံကြာသပတေးအသင်း၊ Royal Rose English Center (တ/ဥက္ကလာ)၊ အိုးဘိုဓမ္မာရုံအသင်း၊ မီးရထားအင်ဂျင်နီယာအလုပ်ရုံအသင်း၊ ရွှေဘုန်းပွင့်စေတီအသင်း၊ ညောင်တန်းအိမ်ရာ အသင်း၊ ပါရမီရှင် ဖောင်ဒေးရှင်း၊ တော်ဝင်ဂရုဏာ ဖောင်ဒေးရှင်း၊ မြတ်သုခ နာရေးကူညီမှုအသင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ်အသင်း၊ ဗုဒ္ဓဝံသရက္ခိတ အသင်း (ဗိုလ်တထောင်) တို့အားလည်းကောင်း၊ အလှူရှင်ကြီးများဖြစ်ကြသော တရုတ်ကုန်သည်ကြီးများအသင်း၊ ဦးချမ်းငြိမ်း+ဒေါ်အေးအေးထွန်းမိသားစု၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်၊ IGE Group ၊ တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီ၊ မြတ်မေတ္တာမွန်ကုမ္ပဏီလီမိတက်၊ ရေဝတီဘဏ်၊ တော်ဝင် မိသားစုဆောက်လုပ်ရေးကုမ္ပဏီ၊ ထူးကုမ္ပဏီများအုပ်စု၊ New Stars Gems & Jewellery နှင့် အလှူရှင်များအားလည်းကောင်း၊ ပန်းဝါသနာရှင်များအသင်း၊ ရွှေဗိုင်းဖြူစက်သုံးဆီ ရောင်းဝယ်ရေး၊ လှကမ္ဘာပရိဘောဂ၊ အင်ကြင်းဖွံ့ဖြိုးမှုကုမ္ပဏီ၊ သိန်းမြန်မာကုမ္ပဏီ၊ ရွှေဇင်ယော်မိသားစု၊ ကြာငါးခိုင် သက်န်းတိုက်၊ ACT Electronic Co., Ltd.၊ ပဲခူးဓမ္မသဘင်ကျင်းပရေးကော်မတီ၊ မန္တလေးဓမ္မသဘင်ကျင်းပရေး ကော်မတီ၊ တိုက်ရိုက်ထုတ်လွှင့်ပေးပါသော SKY NET ရုပ်သံ၊ MRTV 4 ရုပ်သံနှင့် အခြားရုပ်သံလွှင့်လိုင်းများအားလည်းကောင်း၊ FM RADIO သတင်းဌာနများ၊ Music World မိသားစု၊ အခမဲ့သတင်းရေးသားပေးပါသော သတင်းစာ၊ ဂျာနယ်များအားလည်းကောင်း၊ အာဟာရ ဒါနနှင့် စတုဒိသာ လှူဒါန်းပေးကြပါသော Grand Royal Group Co., Ltd. (POPA သောက်ရေသန့်)၊ KTM သောက်ရေသန့်၊ Europe and Asia Commercial Co., Ltd. (Aisa Water သောက်ရေသန့်၊ အချိုရည်)၊ Loi Hein Co., Ltd. (ALPINE သောက်ရေသန့်)၊ ဝိသာခါ ဖောင်ဒေးရှင်း၊ ဒေါ်မြမြရီ၊ စိန်ဂေဟာ မိသားစု (Liby ဆပ်ပြာမှုန့်)၊ United Pharmaceutical Co., Ltd.၊ Pacific AA Group Co., Ltd. ၊ Htoo Mar & Pop Pop Co., Ltd. (POP POP Coffeemix) ၊ ဗုဒ္ဓဝံသရက္ခိတအသင်း (ဗိုလ်တထောင်)၊ Khant Thu Hein Co., Ltd.၊ နဂါးညီနောင် မုန့်လုပ်ငန်း၊ စိန်ဝတ်မှုန်ကုမ္ပဏီ၊ Royal Lotus ကိတ်ခြောက်၊ နဂါးပျံလဘက်ရည်၊ Hi Life လဘက်ရည်၊ လေးကျွန်းသူဖောင်ဒေးရှင်း၊ RTH Group Co., Ltd.၊ Grand Palace Tea၊ Platinum Tea ၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်၊ Shwe Soe Taw (999) Co., Ltd.၊ ယဉ်ဆွေဦး နှင့် သူငယ်ချင်းများ၊ Lactasoy Co., Ltd.၊ Wave Plus Co., Ltd.၊ ဦးနိုင်ဦး (မိဘရိပ်)၊ KTM Co., Ltd.၊ အောင်သုခ ထမင်းဆိုင်၊ ဦးဉာဏ်ဝင်း (ငါးရေခဲမုန့်)၊ ဦးမျိုးဆက် (စိမ်းလန်းမြေ)၊ စန္ဒီဘယဆေး မိသားစုတို့အားလည်းကောင်း၊ တရားနာပရိသတ်များအတွက် ကြို/ပို့ မော်တော်ယာဉ်များအား လှူဒါန်းပေးပါသော ဦးချမ်းငြိမ်း+ဒေါ်အေးအေးထွန်းမိသားစု၊ အခမဲ့ Taxi အငှားယာဉ် မောင်းများအဖွဲ့၊ Mini Bus ပရဟိတ ကူညီကြသူများအဖွဲ့တို့အားလည်းကောင်း တရားကိုမြတ်နိုး၊ တရားကိုချစ်ခင်သော မြန်မာတစ်နိုင်ငံလုံးမှ တရားနာမိဘပြည်သူများနှင့် အခြားကျေးဇူးတင်ထိုက်သူများအား ကျေးဇူးအထူးဥပကာရတင်ရှိပါကြောင်းနှင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နှစ်သစ်မှာ ကျန်းမာချမ်းသာ အေးချမ်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**နှစ်သစ်ကူးတရားအလှူ ဓမ္မသဘင်ဖြစ်မြောက်ရေးကော်မတီ**

## "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## "New Mandalay Resort City" တည်ဆောက်ရေးစီမံကိန်းကြီးကြပ်မှုကော်မတီ၏

# "New Mandalay Resort City" စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းအတွက်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လိုသူအား EOI ဖိတ်ခေါ်ခြင်း

## Invitation for Expression of Interest

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်၊ မန္တလေး-လားရှိုးလမ်းမကြီးဘေး (၂၁)မိုင် အနီးပတ်ဝန်းကျင်တွင် New Mandalay Resort City (ရတနာပုံ Cyber City) ကိုဖော်ထုတ်လျက်ရှိပါသည်။ ဧရိယာ(၁၀၀၀၀)ဧကခန့် ကျယ်ဝန်းပြီးဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးရေး၊ မြို့ပြဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအခြေခံသည့် Green, Clean and Smart City အဖြစ် အပိုင်းလိုက် အကောင်အထည်ဖော် ထူထောင်ဆောင်ရွက်ရန် လျာထားပြီး Conceptual Development Plan များရေးဆွဲထားပါသည်။

မြန်မာနိုင်ငံအစိုးရ၊ တည်ဆောက်ရေးစီမံကိန်းကြီးကြပ်မှုကော်မတီမှ ဦးစီး၍ New Mandalay Resort City (NMR City) စီမံကိန်းကိုစက်မှု IT နည်းပညာ၊ စိုက်ပျိုးရေးစီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအခြေပြုမြို့အဖြစ် ဖော်ဆောင်မည်ဖြစ်သဖြင့် စီမံကိန်းဆောင်ရွက်လိုသည့် ပြည်တွင်း၊ ပြည်ပမှ ပင်မရင်းနှီးမြှုပ်နှံတည်ထောင်လိုသူ (Master Developer) ၏ စိတ်ဝင်စားမှု အဆိုပြုလွှာ (EOI)ကို တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

စီမံကိန်းမြေအားထိရောက်အကျိုးရှိစွာအကောင်အထည်ဖော်နိုင်မည့် ကျွမ်းကျင်မှုနှင့် လုပ်ကိုင်နိုင်စွမ်းရှိသောကုမ္ပဏီ အဖွဲ့အစည်းများသည် NMR City Concept Plan အပေါ် အခြေခံ၍ တည်ဆောက်ရေး၊ ဈေးကွက်ရှာဖွေရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်လိုကြောင်းအဆိုပြုလွှာကိုတင်သွင်းရမည်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များနှင့် ညွှန်ကြားချက်ပုံစံများကိုဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန၊ ရုံးအမှတ်(၄၀) (သို့မဟုတ်) တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် ရရှိနိုင်ပါသည်။EOI လျှောက်လွှာကို **၃၁-၃-၂၀၁၈** ရက်နေ့ ညနေ(၅)နာရီနောက်ဆုံးထား၍ တင်သွင်းရမည်။ ကနဦးရွေးချယ်ခြင်းခံရသည့် Short Listed Firm စာရင်းကိုရွေးချယ်ရေးဘုတ်အဖွဲ့မှ စိစစ်ရွေးချယ်ပြီးနောက် ထုတ်ပြန်ကြေညာပါမည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်-**

ဦးသက်နိုင်
ညွှန်ကြားရေးမှူး
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
မန္တလေးတိုင်းဒေသကြီး
၀၉၅၁၄၃၈၅၀ ၊၀၂၇၅၁၉၄

ဒေါ်မိုးသီတာ
ဒုတိယညွှန်ကြားရေးမှူး
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ရုံးအမှတ်(၄၀)၊ နေပြည်တော်
၀၉ ၂၂၁၆၆၃၈၊ ၀၆၇ ၃၄၀၇၃၁၁

ဦးစိန်မြင့်
ညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီး
အစိုးရအဖွဲ့ရုံး
၀၉၄၀၀၆၈၅၃၅၀

**မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ် New Mandalay Resort Cityစီမံကိန်းအဆိုပြုသဘောထားပုံစံ**



Phase 1



Phase 2




NCX
HONDA
DOUBLE
WIN CELEBRATION
2018!
X2
By Honda NCX
SAMSUNG
BUY 1
GET 2
WIN
200,000,000 KYATS
DOUBLE BONUS CELEBRATION 2018
ဆိုင်ကယ်တစ်စီးဝယ်ယူသူတိုင်းအတွက် ကျပ်သိန်း ၂,၀၀၀ ကျော် တန်ဖိုးရှိ နှစ်ကြိမ်ကံထူးနိုင်မည့် ချက်ခြင်းပေါက် ဗလာမပါ ခဲခြစ်ကံစမ်း ဆုမဲများနှင့် ကံစမ်းမဲကူပွန်များ ရယူပါ။
Double Win Celebration 2018 ၏ ကံထူးရှင်စာရင်းများကို၂၀၁၈ ခုနှစ် ဧပြီလတွင်ကြေညာသွားပါမည်
အသေးစိတ် အချက်အလက်များကို မြန်မာတစ်နိုင်ငံလုံးရှိ NCX Myanmar ၏ Honda မော်တော်ဆိုင်ကယ် အရောင်းပြခန်းများတွင် စုံစမ်း မေးမြန်းနိုင်ပါသည်။

# ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်ကြသော အခွန်ထမ်းအမည်စာရင်းများ ထုတ်ပြန်ကြေညာခြင်း

- ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်အများဆုံးထမ်းဆောင်သော အခွန်ထမ်းများ၏ အမည်စာရင်းကို နှစ်စဉ်ပြုစုထုတ်ပြန်ပေးလျက်ရှိရာ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်ခဲ့ကြသည့် အခွန်ထမ်း ၁၀၀၀ ဦးနှင့် ဝင်ငွေခွန် အများဆုံးထမ်းဆောင်ခဲ့ကြသည့် အခွန်ထမ်း ၁၀၀၀ ဦး၏ အမည်စာရင်းများအား ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။
- အဆိုပါ အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်း ၁၀၀၀ ဦးအနက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်ခဲ့ကြသည့် အခွန်ထမ်း ၅၀ ဦးနှင့် ဝင်ငွေခွန်အများဆုံးထမ်းဆောင်ခဲ့ကြသည့် အခွန်ထမ်း ၅၀ ဦး၏ စာရင်းများကိုလည်း နေ့စဉ်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ထုတ်ပြန်ကြေညာပေးခဲ့ပြီးဖြစ်ပါသည်။
- ထို့ပြင် တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် အခွန်စည်းကြပ်မှုခံယူခဲ့ကြသည့် အခွန်ထမ်းများအနက် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်ခဲ့ကြသည့် အခွန်ထမ်း ၅၀ ဦးနှင့် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ကြသည့် အခွန်ထမ်း ၅၀ ဦး၏ စာရင်းများကိုလည်း နေ့စဉ်ထုတ်မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပါသည်။
- အလားတူ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် အခွန်စည်းကြပ်မှု ဆောင်ရွက်ခဲ့ကြသည့် အခွန်ထမ်းများအနက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်ခဲ့ကြသည့် အခွန်ထမ်း ၁၀၀ ဦးနှင့် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ကြသည့် အခွန်ထမ်း ၁၀၀ ဦး၏ စာရင်းများကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများတွင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**နေပြည်တော်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁/၂၀၁၈)

၁။ ၂၀၁၈ခုနှစ် ဧပြီ ၁ရက်မှ ၂၀၁၉ခုနှစ် မတ် ၃၁ရက်အထိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံဓာတုဗေဒစက်ရုံစု (သံပုရာကန်)မှ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလက်အောက်ရှိ ကလေးဝဌာနခွဲနှင့် ဗန်းမော်ဌာနခွဲသို့ စက်သုံးဆီ (ဒီဇယ်ဆီ)များသယ်ပို့မည့်လုပ်ငန်းကို ပြင်ပပုဂ္ဂလိကရေယာဉ်/ဆီတွဲများဖြင့် ငှားရမ်းဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ ရေယာဉ်/ဆီတွဲလုပ်ငန်းရှင်များသည် သက်ဆိုင်ရာခရီးစဉ်အလိုက် မိမိတို့သယ်ပို့လိုသည့် တစ်ဂါလန်သယ်ပို့ခနှုန်းထားများအား အဆိုပြုတင်သွင်းနိုင်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များကို ၅-၂-၂၀၁၈ရက်မှစ၍ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ဘဏ္ဍာရေးဌာနတွင် တင်ဒါစည်းကမ်းတစ်စုံလျှင် ကျပ် ၁၀၀၀၀၀ဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာများကို ၇-၃-၂၀၁၈ရက် ၁၂:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်နှင့် ၇-၃-၂၀၁၈ရက် ၁၃:၀၀နာရီတွင် တင်ဒါစည်းကမ်းနှင့် ကိုက်ညီသော အဆိုပြုလွှာများအား ဖွင့်ဖောက်၍ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ ရွေးချယ်သွားမည်ဖြစ်ပါသည်။

**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ် (၆)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၁၁၇၊ ၀၆၇-၄၁၁၀၉၂၊ ၀၆၇-၄၁၁၁၃၃**

---

## အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်အမှတ်(၅)ရပ်ကွက်ရှိ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းထားသည့် မြေတိုင်းရပ်ကွက်(က-၃)၊ မြေကွက်အမှတ် (၃)၊ ဧရိယာ ၀ဒသမ၀၅၅၁၈ကေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာစီတစ်ထပ်(၁)လုံးအား မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၃-၂-၂၀၁၈ရက်မှ ၁၅-၂-၂၀၁၈ ရက်ထိ ရုံးချိန်အတွင်း

(ခ) **တင်ဒါသွင်းရမည့်ရက်** - ၁၉-၂-၂၀၁၈ရက်မှ ၂၀-၂-၂၀၁၈ရက်ထိ ရုံးချိန်အတွင်း

(ဂ) **တင်ဒါရွေးချယ်မည့် အချိန်နှင့်နေရာ** - ၂၂-၂-၂၀၁၈ရက် နံနက် ၁၀:၀၀နာရီ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ၆၁လမ်း၊ ဇလပ်ဝါလမ်းနှင့်ဒေလီယာလမ်းကြား၊ မြို့သစ်(၃)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်

(ဃ) **ရောင်းချမည့်ဈေးနှုန်း** - ကြမ်းခင်းဈေးနှုန်းကျပ်သိန်း(၃၆၀၀) (တင်ဒါအောင်မြင်သူမှ ဝယ်ယူသည့်ဈေးနှုန်းအပေါ် ၃၀%အား အခွန်အဖြစ်ပေးသွင်းရမည်။)

၂။ ရောင်းချမည့်မြေကွက်နှင့်အဆောက်အအုံအား ကြော်ငြာသည့်ရက်မှစ၍ သွားရောက်ကြည့်ရှုနိုင်ပြီး အဆိုပြုလွှာတင်သွင်းသည့်အချိန်တွင် ကြည့်ရှုစစ်ဆေးပြီးကြောင်း ဝန်ခံချက်ပူးတွဲတင်ပြရမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါကမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ချမ်းမြသာစည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖုန်း ၀၂-၈၀၆၅၁၊ ၀၂-၈၀၆၈၁ သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပစ္စည်းရောင်းချရေးအဖွဲ့**

---

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**တင်ဒါအမှတ် ၁၄/ရအ(ပဖတ)/သယ်ပို့(တင်ဒါ)/၂၀၁၇-၂၀၁၈**

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ အထက်ရဲရွာစီမံကိန်းနှင့် အထက်ကျိုင်းတောင်းစီမံကိန်းများသို့ သံချောင်းလုံးများ စီမံကိန်းလုပ်ငန်းခွင်အရောက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

၂။ **တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** - ၁၃-၂-၂၀၁၈ရက် ၁၂:၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၉၀၊ ၈၁၀၄၁၉၁**

---

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းအတွက်လိုအပ်သော H-Beam၊ Chemical Materials နှင့် Ventilation Fan Motor ပစ္စည်းများအား D.D.P(Upper Keng Twng)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Tender No.24/DHPI/H-Beam/2017-2018
(ခ) Tender No.25/DHPI/Material/2017-2018
(ဂ) Tender No.26/DHPI/Ven-Fan Motor/2017-2018

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၁၃-၂-၂၀၁၈ရက် ၁၂:၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၉၁၊ ၀၆၇-၈၁၀၄၁၉၀**

---

## အသိပေးနှိုးဆော်ခြင်း

ရွှေပြည်သာစက်မှုဇုန်အပိုင်း (၁)အတွင်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အများသဘောတူ အစည်းအဝေးဆုံးဖြတ်ချက်အရ စက်မှုမြေ(တစ်)ဧကလျှင် ကျပ်သိန်း ၉၀ နှုန်းဖြင့် ထည့်ဝင်၍ ကွန်ကရစ်လမ်းအရှည် ၁၁ဒသမ၈၆မိုင်အား ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါလမ်းရန်ပုံငွေ ၁၀၀ရာခိုင်နှုန်းပြည့် ထည့်ဝင်ခဲ့သူ စက်မှုလုပ်ငန်းရှင်များသို့ အများသဘောတူဆုံးဖြတ်ချက်အရ (တစ်)ဧကလျှင် ကျပ် ၁၅ သိန်းနှုန်း ပြန်လည်ထုတ်ပေးခြင်းကို ၁၅-၅-၂၀၁၇ရက်မှ စတင်ထုတ်ပေးခဲ့ပါသည်။ ယခုအခါ ကနဦးတာဝန်ကျေသူများအား ဒုတိယအကြိမ်နှင့် နောက်ကျတာဝန်ကျေသူများအား ပထမအကြိမ်အဖြစ် (တစ်)ဧကလျှင် ကျပ် ၁၅ သိန်းနှုန်းကို ၁-၂-၂၀၁၈ရက်မှစတင်၍ ရွှေပြည်သာစက်မှုဇုန်အပိုင်း (၁)ရုံးတွင် ထုတ်ပေးလျက်ရှိပါသည်။ သို့ပါ၍ ကိုယ့်အားကိုယ်ကိုး လမ်းရန်ပုံငွေ ၁၀၀ရာခိုင်နှုန်း အပြည့်အဝထည့်ဝင်ပြီးသူများအနေဖြင့် သတ်မှတ်ထားသည့် အထောက်အထား၊ စာရွက်စာတမ်းများယူဆောင်၍ လာရောက်ထုတ်ယူကြပါရန် အသိပေးကြေညာအပ်ပါသည်။

**မှတ်ချက်** - **အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၆၁၂၅၆၂၊ ၀၁-၃၆၁၂၅၆၃ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။**

**စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ**
**ရွှေပြည်သာစက်မှုဇုန်အပိုင်း (၁)၊ သာခုကန်စက်မှုဇုန်၊ ဝါးတရာစက်မှုဇုန်**

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## ဥယျာဉ်ခြံဟင်းသီး၊ ဟင်းရွက်နှင့်အပင်ဇီဝနည်းပညာဌာနခွဲ

စိုက်ပျိုးရေးဦးစီးဌာန၊ ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်းတွင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကို ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ တောင်သူများ/ပုဂ္ဂလိက လုပ်ငန်းရှင်များအား တက်ရောက်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| **သင်တန်းဖွင့်လှစ်မည့်နေရာ** | - ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်း ထုံးဘို၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| **သင်တန်းဖွင့်လှစ်မည့်ရက်** | - ဖေဖော်ဝါရီလ (၁၄-၂-၁၈)မှ(၁၆-၂-၁၈)ထိ<br>မတ်လ (၂၈-၃-၁၈)မှ(၃၀-၃-၁၈)ထိ |
| **ဆက်သွယ်ရန်** | - ဖုန်း-၀၉-၅၃၂၂၅၄၅၊ ၀၉-၄၃၀၆၀၆၉၂၊ ၀၉-၃၃၈၅၀၅၉၄၊ ၀၉-၈၆၅၂၄၅၀၈၆၊ ၀၉-၄၂၂၂၉၈၀၆၁ |

---

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ ဇနီးဖြစ်သူ ဒေါ်ယုယုခင် ၁၂/ရကန(နိုင်)၀၁၁၀၇၁ သည် ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် အိမ်မှဆင်းသွားပြီး ယနေ့တိုင်ပြန်ရောက်မလာ၍ ယနေ့မှစ၍ ဇနီးအဖြစ်မှစွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

**ဦးကျော်သောင်း ၁၂/ရကန(နိုင်)၀၁၁၀၆၁**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/4340 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် မြန်မာနိုင်ငံအတက်ရောဂါစီမံချက်အတွက်လိုအပ်သော (Carbamazepine 200mg Tablet နှင့် Sodium Valproate 200mg Tablets) ဆေးများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ညွှန်ကြားရေးမှူး (ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၃-၂-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၉-၂-၂၀၁၈ ရက် မွန်းလွဲ ၂:၀၀ နာရီ
**ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၆၇-၄၁၁၅၁၀၊ ၀၉-၄၄၉၄၀၄၀၈၂

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## တိုင်းရင်းဆေးပညာဦးစီးဌာန
## တိုင်းရင်းဆေးတက္ကသိုလ်
## မန္တလေး
## တိုင်းရင်းဆေးတက္ကသိုလ် ၂၀၁၈ ပညာသင်နှစ် ပထမနှစ် ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၈ ပညာသင်နှစ်တွင် တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး၌ ပထမနှစ် သင်တန်းတက်ရောက်ပညာသင်ကြားလိုသည့် ကျောင်းသား ကျောင်းသူများ အတွက် ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူအပ်ပါသည်။

၂။ **လျှောက်ထားသူသည်-**

(၁) ဝင်ခွင့်လျှောက်ထားသူသည် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။
(၂) ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဇီဝဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။
(၃) တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတွင် စုစုပေါင်းရမှတ် (၄၀၃)မှတ် အနည်းဆုံးရရှိသူဖြစ်ရမည်။
(၄) ကျန်းမာရေးပြည့်စုံကောင်းမွန်ရမည်။
(၅) တိုင်းရင်းဆေးတက္ကသိုလ်သို့ တက်ရောက်ခွင့် ရရှိသူများသည် သင်တန်းကို ပြီးဆုံးအောင်တက်ရမည်။
(၆) သင်တန်းကာလမှာ(၅)နှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက မြန်မာ့တိုင်းရင်းသားဆေးပညာဘွဲ့ (B.M.T.M)ပေးအပ်မည်ဖြစ်သည်။
(၇) လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ မိဘနှစ်ပါး၏နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ၊ အမှတ်စာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး (သို့မဟုတ်) ရဲစခန်းတစ်ခုခုမှ ထောက်ခံစာ (မူရင်း)၊ ပတ်ပို့စ်ဓာတ်ပုံ(၅)ပုံ(ကာလာ)နှင့်အတူ ပူးတွဲတင်ပြရမည်။
(၈) လျှောက်လွှာများကို တိုင်းရင်းဆေးတက္ကသိုလ် မန္တလေးတွင်အခမဲ့ ရယူပြီး သတင်းစာတွင် ကြေညာသည့်ရက်မှစ၍ ၁၅-၂-၂၀၁၈ ရက် နောက်ဆုံးထားပြီး တိုင်းရင်းဆေးတက္ကသိုလ်တွင် လျှောက်ထားရမည်ဖြစ်သည်။
(၉) သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြရမည်။ မမှန်မကန်ဖြည့်စွက်ရေးသားသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
(၁၀) အသေးစိတ်အချက်အလက်များသိရှိလိုပါက တိုင်းရင်းဆေးတက္ကသိုလ် ဖုန်း-၀၂-၇၅၆၉၂၊ ၀၂-၆၆၁၀၀ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၁၈၆၃)၊ ဧရိယာ ၀ဒသမ၁၄၆၈ဧက၊ ဦးမိုးကျော်အောင် (ဘ) ဦးပြေသော် ၉/မနတ(နိုင်)၀၇၇၆၆၁ အမည်ပေါက် ပါမစ်မြေကွက်အား ဦးမောင်မောင်တိုး(ဘ) ဦးဘကြည်(ခ) တုံကျားရီ ၁၃/သပန(နိုင်)၀၁၂၉၈၈မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာ လိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## လှိုင်သာယာမြို့နယ်တရားမရုံး၌
## ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၁၆

ဦးအေးသိန်း နှင့် ၁။ ဦးသန်းရွှေ
၂။ ဒေါ်ခင်မာကြည်
၃။ ဒေါ်ကြည်ကြည်ဆွေ
၄။ မစနေမ
၅။ မောင်ဇင်ဘိုမင်း

တရားလို တရားပြိုင်များ

ရန်ကုန်တောင်ပိုင်းခရိုင်၊ ခရမ်းမြို့နယ်၊ ကျီနီချောင်ကျေးရွာအုပ်စု၊ အိုးဝကျေးရွာနေ မစနေမ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ သို့မဟုတ် အမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးဦး ၎င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ ၂၀၁၈ ခုနှစ် မတ် ၅ရက်(၁၃၇၉ ခုနှစ် တပေါင်းလပြည့်ကျော် ၄ရက်) တနင်္လာနေ့ မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ပါအမည်ပါသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သိဒ်ဂီမြင့်အောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**လှိုင်သာယာမြို့နယ်တရားရုံး**

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရ အင်းလေးကန်အုပ်ချုပ်ရေးအဖွဲ့မှ အင်းလေးကန်ထိန်းသိမ်းရေးရန်ပုံငွေ(Trust Fund)မှ ကျခံပြီး Hydraulic Excavator(20 to 22 Ton)+Amphibious 1 Unit, Hydraulic Excavator(5 to 6 Ton)1 Unit နှင့် Hydraulic Excavator(7 to 8 Ton)2 Unitအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၂-၂၀၁၈ရက်မှ ၂၈-၂-၂၀၁၈ရက်အထိ (ရုံးချိန်အတွင်း)
(ခ) **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၂၈-၂-၂၀၁၈ရက် ညနေ ၁၆း၀၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၅-၃-၂၀၁၈ရက် နံနက် ၁၀နာရီ
(ဃ) **အိတ်ဖွင့်တင်ဒါဝယ်ယူ/တင်သွင်းရမည့်နေရာ** - ဌာနခွဲ(၃)၊ ဌာနစု(၆)၊ ဘဏ္ဍာရေးဝန်ကြီးရုံးခန်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့

၂။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန ဖုန်း-၀၈၁-၂၀၁၈၆၆သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကရင်ပြည်နယ်အစိုးရအဖွဲ့ ကျောင်းဝတ်စုံဝယ်ယူရန် အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ကရင်ပြည်နယ်၊ ပြည်နယ်ပညာရေးမှူးရုံးအောက်ရှိ အခြေခံပညာ မူလတန်းဆင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများ ဝယ်ယူရန်ရှိပါသဖြင့် စိတ်ဝင်စားသည့် ပြည်တွင်းမြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာအား ပြည်နယ်ပညာရေးမှူးရုံး၊ ဘားအံမြို့၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ (က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၅-၂-၂၀၁၈ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၁၉-၂-၂၀၁၈ ရက် ၁၆း၀၀ နာရီတိတိ

၄။ အသေးစိတ်အချက်များသိရှိလိုပါက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၅၈-၂၁၂၃၃ နှင့် ပြည်နယ်ပညာရေးမှူးရုံး ဖုန်း-၀၅၈-၂၁၄၅၅၊ ၀၅၈-၂၁၁၃၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကရင်ပြည်နယ်အစိုးရအဖွဲ့**

## မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (ကချင်ပြည်နယ်အသင်းခွဲ) အမှုဆောင်ကော်မတီဝင်များ ရွေးချယ်နိုင်ရန်အတွက် အဆိုပြုလွှာတင်သွင်းရန် လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(ကချင်ပြည်နယ်အသင်းခွဲ)၏ အမှုဆောင်ကော်မတီဝင်များ ရွေးချယ်နိုင်ရန်အတွက် အဆိုပြုလွှာတင်သွင်းရန်လျှောက်လွှာများကို အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (MES) အသင်းဝင်ထားသူဖြစ်ရမည်။
(ခ) ကချင်ပြည်နယ်အတွင်း နေထိုင်သူဖြစ်ရမည်။
(ဂ) ပညာရှင်ကျင့်ဝတ်သိက္ခာ၊ သမာဓိနှင့်ပြည့်စုံသူ နိုင်ငံသားဖြစ်ရမည်။
(ဃ) နိုင်ငံရေးပါတီများတွင် ပါဝင်ဆောင်ရွက်ခြင်းမှ ကင်းရှင်းသူဖြစ်ရမည်။
(င) အသင်းသားများ၏ အကျိုးကိုရှေးရှုပြီး အသင်း၏လုပ်ငန်းတာဝန်များကို အမှန်တကယ် ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၂။ အမှုဆောင်ကော်မတီဝင်ရွေးချယ်ခံရန် အဆိုပြုလိုသူများသည် လျှောက်လွှာများကို ၂၁-၂-၂၀၁၈ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (ကချင်ပြည်နယ်အသင်းခွဲ)ရုံးသို့ လျှောက်ထားရမည်။

**စုံစမ်းရန်-** မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (ကချင်ပြည်နယ်အသင်းခွဲ)ရုံး၊ G-7 အား/ကာတိုက်တန်း၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၉-၄၅၄၃၃၀၉၃၃

## ဆိုင်ခန်းကျယ်အမြန်ငှားမည်

ပျဉ်းမနား-တောင်ညိုလမ်းမကြီး၊ ဆင်ရတနာအနီး လူစည်ကားကာ အချက်အချာကျသောနေရာ၌ ၂၇ပေ × ၂၇ပေ (၂)ထပ် အဆောက်အအုံနှင့် ၃၀ပေ × ၂၀ပေ ဂိုဒေါင်ပါ ပြင်ဆင်ပြီး ဆိုင်ဖွင့်ရန်အသင့် ရေမီးအစုံ။

**ဖုန်း- ၀၉-၇၉၀၁၄၄၉၆၆၊ ၀၉-၄၅၂၀၅၀၀၉၉**

## အင်္ဂလိပ်စကားပြောလမ်းပြမြေပုံ ပညာအလှူသင်တန်း

ဘာသာစကားသုတေသီဆရာဖြူ (Germany) နှင့် အင်္ဂလိပ်ကျွမ်းကျင်သူ ဆရာဇော် (New Light of Myanmar)တို့မှ သင်မည်။

**Feb (7-22) ဖုန်း-၀၉-၇၉၆၂၁၅၈၂၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ မြေကွက်အမှတ်(ဥ-၇၂၁၈)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧက ဦးလင်းအောင် (ဘ) ဦးသန်း ၉/ပမန(နိုင်)၁၆၄၈၁၀ အမည်ပေါက်ပါမစ်မြေကွက်အား ဦးအောင်သိမ်း(ခ)အောင်ညွန့် (ဘ) ဦးမြင့်ထွန်း ၁၃/လလန(နိုင်)၀၄၂၇၂၄နှင့် ဒေါ်သန်းသန်းအေး (ဘ) ဦးခင်မောင်အေး ၈/တတက(နိုင်)၀၉၄၅၈၅ တို့မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီးမြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော် စည်ပင်သာယာရေးကော်မတီ**

## ပတ္တမြားရတု ဝိဇ္ဇာတမင်္ဂလာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ လေးထပ်ကြီးပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝေဒိတ၏ သက်တော်(၈၀)ပြည့် ပတ္တမြားရတု ဝိဇ္ဇာတမွေးနေ့မင်္ဂလာပွဲကို ၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၂၅ရက် (၁၆-၂-၂၀၁၈) သောကြာနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးရှိ တပည့်သံဃာ ဒါယကာ၊ ဒါယိကာမကြီးငယ်အပေါင်းတို့သည် ပင့်စာ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်၍ ကြည်ညိုပူဇော်နိုင်ပါရန် အသိပေးနိုးဆော် ဖိတ်ကြားအပ်ပါသည်။

**ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့**
**ဖုန်း- ၀၉-၄၀၀၄၅၃၀၂၁၊ ၀၉-၂၅၆၅၇၄၈၉၄**

## တိုက်တည်ဆရာတော်ကြီးများ ပူဇော်ပွဲနှင့် မဏ္ဍိုင်ဆွမ်းစားကျောင်းတော်ကြီး ပန္နက်တော်တင်မင်္ဂလာ ဖိတ်ကြားလွှာ

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက် လွန်တော်မူပြီး တိုက်တည်ဆရာတော်ကြီးများ၏ ဂုဏ်တော်မှန်းဆ ပူဇော်ပွဲနှင့် ဆောက်လုပ်မည့် သံဃာတစ်ထောင်ဆံ့ နှစ်ထပ်ဆွမ်းစားကျောင်းတော်ကြီး ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ပါရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**နေ့ရက်** - ၁၃၇၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၆ ရက် (၆-၂-၂၀၁၈) အင်္ဂါနေ့
**အချိန်** - နံနက် ၉း၀၀ နာရီ
**နေရာ** - သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ပဲခူးမြို့

**မဏ္ဍိုင်မာမကအဖွဲ့**

## ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းသို့ အလှူငွေလှူဒါန်းခြင်း




ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဘိုးလိန်း၊ အောင်မင်္ဂလာရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၁၉)နေ ဦးမြင့်လွင်-ဒေါ်စန္ဒာ၊ သမီး မမြတ်သဉ္ဇာလွင်၊ သား မောင်ကောင်းခန့်ဇော် မိသားစုမှ ကွယ်လွန်သူမိဘများအားရည်စူး၍ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေကျပ် ၁၀ သိန်းတိတိလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးမှ လက်ခံယူပါသည်။

**လှူဒါန်းမှုအပေါ် နတ်လူသာဓုခေါ်စေသော်**



## Photo Star photography training center မှ သင်ကြားမည့်ဘာသာရပ်များ

၁။ ကင်မရာရိုက်ကူးနည်း ၁၇-၂-၂၀၁၈ စမည်။
ကင်မရာကိုကျွမ်းကျင်ပိုင်နိုင်စွာရိုက်ကူးနိုင်စေရမည်။ အောက်ဒိုး/အင်ဒိုး လေ့ကျင့်ခန်းများ လေ့ကျင့်ရမည်။ ဆိုင်ဖွင့်နိုင်စေရမည်။

၂။ Photoshop for photographer
ဓာတ်ပုံဆရာတစ်ယောက် သိသင့်သိထိုက်သော photoshop အပါအဝင် ဒစ်ဂျစ်တယ်နည်းပညာများ

၃။ photoshop for everyone
အခြေခံမှစ၍ ပုံပေါင်းများပြင်နိုင်သည်အထိ သင်ကြားပေးမည့်ဘာသာရပ်

၄။ photo retouching
ရိုက်ထားသောပုံများကို အသေးစိတ်လှပအောင် အချောပြုလုပ်နည်း

၅။ photo painting
ပုံများကို ပန်းချီဆန်ဆန် စိတ်ကူးရေးဆွဲနိုင်မည့်ဘာသာရပ်

၆။ video editing and after effect
video တည်းဖြတ်နည်းနှင့် အထူးပြုလုပ်ချက်သင်တန်း။

၇။ Advance after effect အထူးပြုလုပ်ချက်သင်တန်း။

**ရုပ်ရှင် ဗီဒီယိုများတွင် အထူးပြုလုပ်ချက်ဖန်တီးမှုများ။**

**သင်တန်းတိုင်းတွင် လူဦးရေကန့်သတ်ချက်ရှိပါသဖြင့် ကြိုတင်စာရင်းပေးထားပါရန်။**

**အမှတ်-၁၁၂၊ ၃၃လမ်း (လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**Ph-09-777758388**


**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9I/5189 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

# ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်း တိုက်ပွဲများဖြစ်ပွားမှုကြောင့် နေရပ်ပြန်သူများအား နိုင်ငံတော်အစိုးရက ကူညီထောက်ပံ့ပေးလျက်ရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၄**

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေးလုပ်ငန်းများ၊ ဘေးဖြစ်ပွားလာပါက ထောက်ပံ့ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ သဘာဝဘေးကြောင့်ဖြစ်စေ၊ ပဋိပက္ခများကြောင့်ဖြစ်စေ တိမ်းရှောင်ပြည်သူများ မူလနေရပ်များသို့ ပြန်လည်ပို့ဆောင်ရေး၊ ထောက်ပံ့ကူညီရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ်အတွင်း တိုက်ပွဲများဖြစ်ပွားမှုကြောင့် နီးစပ်ရာမော်များနှင့် နမ့်ကွမ်းချောင်းပေါက်ဝတို့၌ ပိတ်မိနေသည့် ပြည်သူ ၃၃၀၀ ခန့်ကို ဇန်နဝါရီ ၃၀ ရက်တွင် တပ်မတော်၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ ညှိနှိုင်းပေါင်းစပ်၍ တနိုင်းမြို့ ဆင်မ်ဆာ့ရပ်ကွက်ရှိ ယာယီအားကစားကွင်းစုရပ်သို့ ပို့ဆောင်လျက်ရှိကြောင်း သိရသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ●

ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်း တိုက်ပွဲများဖြစ်ပွားမှုကြောင့် နေရပ်ပြန်သူများအား သက်ဆိုင်ရာတာဝန်ရှိသူများက မြစ်ကြီးနား-မန္တလေး အမြန်ရထားပေါ်သို့ လိုက်ပါပို့ဆောင်ပေးစဉ်။

သတင်းစဉ်

**လှိုင်သာယာရွှေလင်ပန်းစက်မှုဇုန်ရှိ စက္ကူပုံးစက်ရုံ မီးလောင်မှုဖြစ်ပွား** စာ » ၁၂

**ဇန်နဝါရီလအတွက် MNL တစ်လတာ အကောင်းဆုံးဆုကို ဦးအောင်ကျော်မိုးနှင့် စည်သူအောင် ရရှိ** စာ » ၁၃

**မြောက်ကိုရီးယားမှ ကုန်စည်များ တင်ဆောင်လာသည့် သင်္ဘောဆိပ်ကမ်းဝင်ရောက်မှုကို ရုရှားပိတ်ပင်** စာ » ၁၄

## လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့် ထိပ်ဆုံးမှ ရတနာပုံအသင်း သရေကျ

**ရန်ကုန် ဖေဖော်ဝါရီ ၄**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၄) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ထိပ်ဆုံးမှ ရတနာပုံအသင်းတို့ ဂိုးမရှိ သရေကျခဲ့သည်။

ယမန်နေ့က ကစားသည့်ပွဲတွင် ရန်ကုန်အသင်း သရေကျခဲ့သောကြောင့် ရတနာပုံအသင်းသည် ယခုပွဲအနိုင်ရလျှင် အမှတ် ဖြတ်နိုင်မည့် အခွင့်အရေးရနိုင်သော်လည်း သရေကျခဲ့သောကြောင့် အမှတ်တူ ဂိုးကွာခြားချက်အသာဖြင့် ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်းတွင် နိုင်ပွဲရရန် ကြိုးပမ်းခဲ့သော်လည်း ပထမပိုင်းတွင် ရသည့်ဂိုးသွင်းခွင့်များကို အသုံးမချနိုင်ခဲ့၍ ဒုတိယမြောက် သရေပွဲ ကြုံတွေ့ခဲ့ရသည်။

*စာမျက်နှာ ၁၃ ကော်လံ ၅* ❍



ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်။



CRYSTAL DIAMOND LIVESTOCK CO., LTD.
ရန်ကုန်- အမှတ် (၈/၄၁)၊ စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ (ဖုန်း) ၀၁-၃၆၈၃၁၆၆၊ ၃၆၈၂၀၈၇၊ ၃၆၈၂၉၆၅၊ ၃၆၈၂၉၈၅၊ ၀၉-၇၇၇၄၀၄၁၂၃၊ ၀၉-၇၇၇၄၀၄၁၃၂
မန္တလေး - အမှတ်(၁၂၃)၊ ၂၆ လမ်း၊ ၇၆ လမ်းနှင့် ၇၇ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး ။ ဖုန်း-၀၂ ၃၆၃၀၉၊ ၆၉၆၈၄၊ ၀၉-၂၅၉၂၈၁၇၄၇